**အခန်း (၁)**

**အပိုင်း (၄၄၉) – ယုံကြည်မှုနှင့် စီးပွားရေးသဘောတူညီမှု**

ရှီမာယူယူသည် ရှက်ရွံ့ခြင်းမရှိပဲ ပြောလိုက်သည် "တည်ဆောက်မှု ပြင်ပြီးသွားပြီဆိုတော့ ကျွန်တော်တို့ အရင်ပြန်လိုက်ပါဦးမယ်၊ မပြန်တာကြာရင် အဘိုးနဲ့ တခြားသူတွေ စိတ်ပူနေမှာစိုးလို့ပါ"

တကယ်တော့ သူမသည် ဒီမှာခဏနေမည်ဖြစ်ကြောင်း ဝေကျိုရှီတို့ကို မိခင်ကျောက်တုံးနှင့် ပြောပြီးဖြစ်လေသည်။ သူတို့ စိုးရိမ်ရန် အကြောင်းမရှိပေ။

"အဲလိုဆိုရင် သခင်ကြီးကို လိုက်ပို့ပါရစေ" ကျောင်ဟိုင်မို ပြောလိုက်သည်။

"ရပါတယ် လမ်းပြဖို့ လူပဲထည့်ပေးလိုက်ပါ" ရှီမာယူယူ ပြောလိုက်သည် "တည်ဆောက်မှုက ပြင်ပြီးသွားပြီဆိုတော့ ခင်ဗျားတို့ ဆွေးနွေးစရာတွေ ရှိနေမယ်ထင်တယ် အိမ်တော်သခင်ကြီးကို ထပ်ပြီး မနှောင့်ယှက်တော့ပါဘူး"

"အဲလိုလုပ်လို့ မဖြစ်ဘူးလေ ဘယ်လိုပဲဖြစ်ဖြစ် သခင်ကြီးကို လိုက်ပို့ကအရေးကြီးဆုံးပဲ" ကျောင်ဟိုင်မို ပြောလိုက်သည်။

သူသည် လိုက်ပို့ရန် ထပ်တလဲလဲပြောနေသဖြင့် ရှီမာယူယူတို့ မငြင်းတော့ပဲ ကောင်းကင်ကျားအိမ်တော်မှ ထွက်လာခဲ့လိုက်သည်။

သူတို့ တည်းခိုဆောင်သို့ ပြန်ရောက်သောအခါ ရှီမာလိုင်နှင့် တခြားသူများသည် သူတို့၄ယောက်ဘေးကင်းစွာ ပြန်ရောက်လာသည်ကို တွေ့သောအခါမှပင် သက်ပြင်းချမိတော့သည်။

"အဘိုး နည်းနည်းလောက်ပြင်လိုက်တော့ သမီးတို့ မနက်ဖြန်သွားကြမယ်" ရှီမာယူယူ ပြောလိုက်သည် "ဆိုင်ရှင်ချူ ဘာလို့မရှိတာလဲ"

"သူဒီရက်ပိုင်း တည်းခိုဆောင်မှာ မရှိဘူး" ရှီမာလိုင် ပြောလိုက်သည် "ဘာဖြစ်လို့လဲ သူတို့ကို တွေ့စရာအကြောင်းရှိလို့လား"

"မရှိပါဘူး သူ့ကို မေးစရာလေးတွေရှိလို့ပါ" ရှီမာယူယူ ပြောလိုက်သည်။

အစေခံသည် လျှောက်လာရာ သူမ ပြောသည်ကို ကြားလိုက်ရသည်။ သူ ပြောလိုက်သည် "ဆိုင်ရှင်က သူ့ကို လိုတယ်ဆိုရင် ၂ရက်လောက်စောင့်ပေးပါတဲ့"

"ငါ သူ့ကို ရှာမယ်ဆိုတာ သူသိနေတာလား" ရှီမာယူယူ သိချင်စွာဖြင့် မေးလိုက်သည်။

"ဟီးဟီး ကျွန်တော်တို့ ဆိုင်ရှင်က ဒီမြို့မှာ သူမသိတာမရှိဘူး" အစေခံ ပြောလိုက်သည်။

ရှီမာယူယူ ခေါင်းညိမ့်ပြီးနောက် သူမ အခန်းသို့ ပြန်သွားလေသည်။

သူမ သူ့အားရှာမည်ကို ဆိုင်ရှင်သိနေသည့်အကြောင်းကို သူမ အလွန်သိချင်မိသည်။

ဆိုင်ရှင်ချူ ပြန်လာသည်အထိ ရှီမာယူယူတို့သည် နောက် လတစ်ဝက်လောက် စောင့်ရသည်။ အားလုံးသည် ထိုရက်များတွင် ကျင့်ကြံကြကာ တချို့ရက်များတွင် တံခါးပိတ်ကျင့်ကြံကြသည်။

ထိုနေ့တွင် အစေခံသည် ဆိုင်ရှင်ချူပြန်ရောက်ပြီဖြစ်ကြောင်းကို ရှီမာယူယူတို့အား လာပြောကာ သူနှင့်တွေ့ရန် နောက်ဖေးခန်းသို့ ဖိတ်ကြားလေသည်။

နောက်ဖေးခန်းဟုသာ ခေါ်သော်လည်း အလွန်ဝေးသည်။ သူမသည် သတိမထားမိခဲ့သော်လည်း တည်းခိုဆောင်အနောက်ဖက် တစ်ခုလုံးသည် နောက်ဖေးခန်းဖြစ်လေသည်။

အစေခံသည် အိမ်သို့ အားလုံးကို ခေါ်သွားကာ အခန်းထဲသို့ သူမတစ်ယောက်တည်းသာ ဝင်စေသည်။

အိမ်သည် မှောင်လွန်းကာ တံခါးပိတ်လိုက်လျှင် အထဲတွင်ဖြစ်နေသမျှကို မမြင်နိုင်ပေ။

"ခင်ဗျား ဒဏ်ရာရထားတာပဲ" ရှီမာယူယူ ပြောလိုက်သည်။

"မင်းအနံ့ခံကောင်းလိုက်တာ" ဆိုင်ရှင်ချူ၏ အသံသည် အမှောင်ထဲမှ ထွက်ပေါ်လာလေသည်။

"သွေးနံ့က အရမ်းပျင်းတယ်၊ ကျွန်တော် မရှုချင်ရင်တောင် အနံ့ရနေတယ်" ရှီမာယူယူသည် မီးဖျော့ဖျော့လေးထွန်းလိုက်ရာ အိမ်တွင် လင်းသွားလေသည်။ ဆိုင်ရှင်ချူသည် ခုတင်ပေါ်တွင် လှဲနေလေသည်။ "ဒီက လူတွေကို စိတ်မကုန်ဘူးလား၊ ခင်ဗျား ဒဏ်ရာရလာတာပဲ ဘယ်လိုဒဏ်ရာရလာတယ်ဆိုတာ အစေခံက မသိဘူးလား"

ဆိုင်ရှင်ချူသည် ခါးသက်စွာ ရယ်လိုက်ကာ ပြောလေသည် "ငါသူ့ကို မပြောဘူး၊ သူ့ကို ခြောက်သလို ဖြစ်သွားမှာစိုးလို့"

"ဘယ်လိုပဲဖြစ်ဖြစ် ခင်ဗျားသေသွားရင်တော့ သိမှာပဲ" ရှီမာယူယူသည် တစ်အိမ်လုံး မြင်ရသည်နှင့် မီးလုံးအား ပစ်လိုက်ရာ တစ်အိမ်လုံးလင်းသွားလေသည် "ကျွန်တော့်ကို ဘာလို့ခေါ်တာလဲ"

"အစေခံကို အစိမ်းရောင်ဗိဗ္ဗာန်ကို ခေါ်သွားပေးဖို့ အကူအညီတောင်းမလို့ အဟွတ် အဟွတ် ပြီးရင် သူ့ကို တိမ်တိုက်ပျံနန်းတော်ရဲ့ နန်းတော်သခင်ဆီ ပို့ပေးပါ" ဆိုင်ရှင်ချူ ပြောလိုက်သည်။

"အဲတော့ ခင်ဗျားက အစိမ်းရောင်ဗိဗ္ဗာန်က လူပေါ့" ရှီမာယူယူ ပြောလိုက်သည် "ကျွန်တော်တို့က ရင်းမှ မရင်းနှီးတာ ခင်ဗျားတောင်းဆိုတာကို မဘောမတူမှာ မကြောက်ဘူးလား"

"ငါ့မှာ မင်းစွဲမက်လောက်စေတာ ရှိတယ်" ဆိုင်ရှင်ချူ ပြောလေသည်။

"ကျွန်တော် အဲပစ္စည်းယူပြီး လုပ်မပေးမှာ မစိုးဘူးလား" သူမ ထပ်မေးလေသည်။

"ဟားဟား..." ဆိုင်ရှင်ချူ ရယ်မောကာ ပြောလိုက်သည် "ငါ နှစ်တွေအများကြီး နေလာပြီးပြီ ငါ လူ အကဲခတ်တော်တယ်၊ မင်းက အဲလိုလူမဟုတ်ဘူး"

"ခင်ဗျား ကျွန်တော့်ကို အထင်ကြီးနေတာပဲ" ရှီမာယူယူ ပြောလိုက်သည် "ခင်ဗျားကို တစ်ယောက်ယောက်က ဒီအခြေအနေဖြစ်အောင် လုပ်လိုက်တာမလား ကျွန်တော် အစေခံကို ခေါ်သွားပြီး ကောင်းကင်ကျားအိမ်တော်က ထွက်သွားမယ်ဆိုရင် အစိမ်းရောင်ဗိဗ္ဗာန်မရောက်ခင်ကို အဲတစ်ယောက်ယောက်က ကျွန်တော့်ကို သတ်လိုက်မှာ စိုးတယ်"

"မင်းက တကယ်ဉာဏ်ကောင်းတာပဲ ငါ ထင်ထားတာထက်ကို ဉာဏ်ပြေးတယ်" ဆိုင်ရှင်သည် သူ၏ စိတ်ပြင်းပြမှုကို မထိန်းနိုင်တော့ချိန်တွင် သူ၏ ရောင်ဝါသည် ကျောင်ဟိုင်မိုထက်ပင် သန်မာလေသည်။ "ဒါဆို မင်း ခေါ်သွားမှာလား မခေါ်သွားဘူးလား၊ ငါ မင်းကို လုံလုံလောက်လောက် ပေးမှာပါ"

ရှီမာယူယူ လျှောက်လာကာ ခုံအားဆွဲပြီးပြောလေသည် "ကျွန်တော် ခင်ဗျားပေးမဲ့ ပစ္စည်းကို စိတ်ဝင်စားပါတယ်၊ အဲပစ္စည်းက ကျွန်တော် စိတ်ဝင်စားလောက်အောင် လယ်လောက် ထူးခြားလဲဆိုတာ ပြောပြပါဦး"

ဆိုင်ရှင်သည် တွေးလိုက်သည်နှင့် သေတ္တာတစ်လုံးသည် သူ့ဘေးက စားပွဲပေါ်တွင် ပေါ်လာလေသည်။ ရှီမာယူယူသည် သေတ္တာယူကာ ဖွင့်ကြည့်လိုက်သည်။ အထဲတွင် အမှန်တကယ်ပင် ကြီးမားသော တည်ဆောက်မှု ကျောက်ရှိလေသည်။

ကြီးမားသော တည်ဆောက်မှုကျောက်တုံးသည် အဆင့်မြင့် တည်ဆောက်မှုကို စုဝေးစေသည်။ တည်ဆောက်မှု ကျောက်တုံးအများစုသည် နှင်းသီးအရွယ်အစားရှိသည်။ ပိုကောင်းသော ကျောက်သည် လိုင်ချီး သီး အရွယ်အစားရှိသည်။ ရှားပါးသော ကျောက်များသည် ကြက်ဥအရွယ်အစားရှိသော်လည်း ဒီကျောက် သည် သူမ လက်ဝါးအရွယ်အစားရှိလေသည်။

သူမကဲ့သို့ ဘဝအတွေ့အကြုံများသော သူကဲ့သို့ပင် အလွန်စိတ်လှုပ်ရှားသွားသည်။

"ဘယ်လိုလဲ" ဆိုင်ရှင်ချူ မေးလိုက်သည်။

ရှီမာယူယူသည် သေတ္တာယူကာ ပြောလေသည် "ကျွန်တော် စဉ်းစားနေတာ ခင်ဗျားမှာ ရတနာတွေ အများကြီးရှိနေတာ ခင်ဗျားသေသွားရင် ကျွန်တော် ယူလို့ရတာပဲ၊ ခင်ဗျားမှာ ဒီတည်ဆောက်မှုကျောက်ထက် ပိုကြီးတာရှိမှာပဲ၊ အဲလိုဆိုရင် ခင်ဗျားရဲ့ အစေခံကလည်း ခိုးစရာမလိုတော့ဘူး ခင်ဗျားရဲ့ ခေါင်းကို ခင်ဗျားရဲ့ ရန်သူဆီသွားပေးလိုက်ရင် သူတို့က ကျွန်တော့်ကို ဆုတောင်းပေးဦးမယ်"

ဆိုင်ရှင်ချူသည် ရှီမာယူယူ ပြောသမျှကို တိတ်ဆိတ်စွာ နားထောင်လေသည်။ သူသည် စိတ်လှုပ်ရှား ခြင်းရော ဒေါသထွက်တာရော ဖြစ်မနေပါ။ သူမသည် နောက်ပြောင်နေခြင်းသာဖြစ်သည်။ သူ သူမ စကားဆုံး အောင် နားထောင်ပြီးချိန်တွင် မေးလိုက်သည် "မင်း အပေးအယူကို လက်ခံမှာလား လက်မခံဘူးလား"

ရှီမာယူယူသည် ဆိုင်ရှင်ချူ ဒေါသမထွက်သည်ကို တွေ့သောအခါ ဆက်ပြီးမနောက်တော့ပေ။ သူမ ပြန်ဖြေလိုက်သည် "ခင်ဗျားက အခြေအနေကို အရမ်းကြည့်တတ်တာပဲ၊ ကျွန်တော်က ဒီတည်ဆောက်မှု ကျောက်တုံးကို သိပ်စိတ်ဝင်စားပေမဲ့ ခင်ဗျားရဲ့ ကိစ္စတွေကို ဝင်ပါဖို့ စိတ်မဝင်စားဘူး"

ဆိုင်ရှင်ချူ၏ မျက်လုံးများသည် မှိတ်တုပ်မှိတ်တုပ်ဖြစ်သွားလေသည်။

"ဒါပေမဲ့ ကျွန်တော် အပေးအယူလုပ်ပါမယ်" သူမ ဆက်ပြောလေသည်။

"ဘာအပေးအယူလဲ"

"ခင်ဗျားဒဏ်ရာကို ကျွန်တော်ကုပေးမယ် ကျွန်တော့်ကို ဒီကျောက်ပေး၊ အစေခံအတွက်ကတော့ ခင်ဗျား စောင့်ရှောက်သွားတာပဲ ကောင်းပါလိမ့်မယ် သဘောတူလား"

"မင်းက သမားတော် မဟုတ်ရင် အဂ္ဂိရတ်ပညာရှင်လား"

"နှစ်ခုလုံးပဲ" ရှီမာယူယူ ပြောလိုက်သည် "ဘယ်လိုလဲ သဘောတူလား မတူဘူးလား၊ ထပ်ပြီး အချိန် ဆွဲမယ်ဆိုရင် ကျွန်တော် အပေးအယူမလုပ်တော့ဘူး၊ ဈေးကိုတောင် မြင့်လိုက်မယ်"

"မင်းက တည်ဆောက်မှုသခင်လေ" ဆိုင်ရှင်ချူ ပြောလိုက်သည်။

"ဒါပေမဲ့ အဲဒါက ကျွန်တော် ပထမအဆင့် အဂ္ဂိရတ်ပညာရှင်ဖြစ်တာကို မတားနိုင်ဘူးလေ"

"သဘောတူတယ်"

"မိုက်တယ်" ရှီမာယူယူသည် သူမပေါင်အားရိုက်ကာ တည်ဆောက်မှုကျောက်ပါသော သေတ္တာအား ဝိဥာဉ်စေတီအတွင်းထည့်လိုက်လေသည်။ ထို့နောက်တွင် သူမသည် အပ်များထုတ်ကာ ခုတင်ပေါ်တွင် လှဲနေ နိုင်းလိုက်လေသည်။ သူမသည် သူ၏ အဝတ်များကို ချွတ်လိုက်ရာ အတွင်းခံသာကျန်တော့လေသည်။

ဆိုင်ရှင်ချူသည် ရှီမာယူယူ အပ်များထုတ်လိုက်သည်ကို တွေ့လိုက်သည်နှင့် တစ်စုံတစ်ယောက်က ဒီလို နည်းလမ်းနှင့် ကုသခြင်းကို ပထမဆုံးတွေ့ဖူးခြင်းဖြစ်သည်။

"ငါ့ကို သောက်ဖို့ဆေးပေးမှာ မဟုတ်ဘူးလား၊ ဘာလို့ အပ်တွေသုံးတာလဲ" သူသည် မေးလိုက်သည်။

"ဆေးလည်းပေးမှာပါ ဒါပေမဲ့ ခင်ဗျားရဲ့ ခန္ဓာကိုယ်က လုပ်ဆောင်ချက်တွေ မမှန်ဘူး၊ အဲဒါ ပုံမှန် လည်ပတ်ဖို့အတွက် ဒီအပ်တွေမသုံးရင် ဆေးသောက်လည်းအသုံးမဝင်ဘူး"

ရှီမာယူယူသည် ဆေးထုတ်ကာ ပြောပြီးသည်နှင့် သူ့ပါးစပ်ထဲသို့ ထည့်ကာ ကိုယ်ထဲမှ အဆိပ်ထုတ်ရန် လက်နှစ်ဖက်ဖြင့် အပ်သုံးလိုက်လေသည်။ သူမသည် အပ်များကို ယူကာ ဆိုင်ရှင်ချူ၏ ခန္ဓာကိုယ်အတွင်းသို့ ထိုး လိုက်လေသည်။

ဆိုင်ရှင်ချူသည် အပ်စိုက်ခံရသည်မှာ ပထမဆုံးအကြိမ်ဖြစ်ကာ သူ၏ အဓိကသွေးကြောများကို ဦးတည် ချက်ထားသည်ကို တွေ့လိုက်ရလေသည်။ နာကျင်မည်ဟု သူချက်ချင်း သိလိုက်သည်။

အပ်များစိုက်လိုက်သည့်အခါ သူ မသိလိုက်ဘာသာပင် မျက်လုံးမှိတ်မိလိုက်သည်။

**အခန်း (၂)**

**အပိုင်း (၄၅၈) – သူတို့နှင့်အတူ ထွက်ခွာခြင်း**

ပူလောင်ကာ ဖူးရောင်နေသော်လည်း ထင်ထားသလောက် မနာကျင်ပေ။

သူ့မျက်လုံးများဖွင့်လိုက်ရာ ရှီမာယူယူသည် ဖျော်ဖြေနေသည့် လူတစ်ယောက်ကို ကြည့်နေသည်ကို တွေ့လိုက်ရသည်။

"အဲဒါ ဘယ်လိုကုသတဲ့နည်းလမ်းလဲ" သူ မေးလိုက်သည်။

"အပ်စိုက်ကုထုံး" ရှီမာယူယူသည် သူ့အား အပ်စိုက်ရင်း ပြောလေသည် "ခင်ဗျားရဲ့ ဒဏ်ရာတွေက အခု အရမ်းပြင်းထန်နေတယ် စကားမပြောတာကောင်းမယ် ဆေးအာနိသင်တွေ စုပ်ယူဖို့ စွမ်းအားတွေ ချွေတာဦး"

ဆိုင်ရှင်ချူသည် အမှန်တကယ်ပင် ပင်ပန်းနေပြီဖြစ်သည်။ သို့သော် သူ့မျက်လုံးများ ပွင့်လာကာ ပြောလေသည်၊ "ချူချောင်ထန်"

"ဟင်"

"ငါ့နာမည်" ချူချောင်ထန်သည် မျက်လုံးမှိတ်ကာ ထပ်ပြီးစကားမပြောတော့ပဲ သူ့ခန္ဓာကိုယ်အား ရှီမာယူယူ အပ်စိုက်ရန် အပ်ထားလေသည်။

သူ ငြိမ်သက်နေစဉ်တွင် မှေးမိန်နေသော အားသည် တဖြည်းဖြည်း သက်သာလာသည်ကို ခံစားလိုက်ရ သည်။ သူ့တွင် သေတော့မည့် အရိပ်အရောင် မရှိတော့ပေ။ သူ့ခန္ဓာကိုယ်မှ အဝတ်များနှင့် ရှီမာယူယူ ပြော လိုက်သော စကားကြောင့် သတိပြန်ဝင်လာသည်။

"ကောင်းပြီ အရေးကြီးတဲ့အခြေအနေတော့ ကျော်သွားပြီ"

ချူချောင်ထန်သည် မျက်လုံးဖွင့်ကာ ရှီမာယူယူအား ကြည့်လိုက်သည်။ သူမ မျက်လုံးများသည် ပင်ပန်းသည့်အရိပ်အယောင်များဖြစ်နေသည်။ သူ့အားကယ်ရန် သူမသည် စိတ်စွမ်းအင် တော်တော်များများ သုံးလိုက်ရသည်ထင်သည်။

"ကျေးဇူးပဲ" သူပြောလိုက်ချိန်တွင် အသံသည် အားနည်းနေသေးသည်။

"ကျေးဇူးတင်တယ်ဆိုရင် အခန်းငှားခတွေ မယူနဲ့တော့လေ" ရှီမာယူယူသည် အပ်များကို သိမ်းရင်း ပြောလေသည်။

"ကောင်းပြီ" ချူချောင်ထန်သည် တိုက်ရိုက်ပင် သဘောတူလေသည်။

ရှီမာယူယူသည် အားလုံးအား သိမ်းရင်း ချူချောင်ထန်အား ကြည့်ကာ ပြောလေသည် "ကျွန်တော် မေးဖို့စောင့်နေတာ အခုမှပဲ မေးရတော့တယ်၊ ကျွန်တော်သာ မကယ်ရင် ခင်ဗျားတော့ ၂နာရီလောက်ပဲ အသက်ရှင်နိုင်တော့မှာ တကယ်ပဲ ခင်ဗျားရဲ့ အစေခံကို မပြောပဲထားတော့မလို့လား"

"သူက လျှန်ဟုန်လို့ခေါ်တယ်" ချူချောင်ထန် ပြောလေသည် "မင်းတို့ သူ့ကို ခေါ်မသွားဘူးဆိုရင် သူ့ကို ဒီမှာပဲ တစ်သက်လုံးနေခိုင်းရတော့မှာပေါ့"

"ရက်စက်လိုက်တာ" ရှီမာယူယူသည် ထိုစကားတစ်လုံးသာ ပြောလေသည်။

"သူကောင်းဖို့ပါ" ချူချောင်ထန်သည် ခါးသက်စွာ ပြုံးလေသည်။

"အခုရော ခင်ဗျားမသေဘူးဆိုတော့ ဒီမှာပဲနေသွားတော့မှာလား"

"စဉ်းစားကြည့်ရမှာပေါ့"

"အချိန်ယူပေါ့" ရှီမာယူယူသည် စားပွဲပေါ်တွင် ကျောက်စိမ်းပုလင်းတင်ကာ ပြောလေသည် "ခင်ဗျားမနက်ဖြန် ဒီအချိန်ကိုပဲ ဆေးသောက်လိုက်ရင် ကောင်းသွားမှာပါ"

"ကျေးဇူးအများကြီးတင်ပါတယ်"

"ရပါတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်လည်း တန်ရာတန်ကြေးယူတာပဲ" ရှီမာယူယူ ပြောလေသည် "ခင်ဗျား မကောင်းသေးဘူးလို့ ခံစားရရင် တည်ဆောက်မှုကျောက်တုံး နောက်တစ်တုံးပေးရင်ရတာပဲ"

"ဝင်ပေါက်က ဟိုမှာပါ ငါလိုက်မပို့တော့ဘူး"

ရှီမာယူယူသည် သူ့အား ဆက်ပြီးမနောက်ပြောင်တော့ပဲ လှည့်ထွက်လေသည်။ သူမသည် ပင်မဝင်ပေါက်ကို ဖွင့်လိုက်ရာ အပြင်တွင် လျှန်ဟုန်သည် ရပ်ပြီး ငိုနေသည်ကို တွေ့လိုက်သည်။

"မင်းဝင်သွားလို့ရပါပြီ" သူမသည် ပြောပြီးနောက် ထွက်သွားလေသည်။

လျှန်ဟုန်သည် ထွက်မသွားခဲ့သည်ကို ရှီမာယူယူသိသည်။ ချူချောင်ထန် တစ်ယောက်သာ ဒဏ်ရာပြင်းထန်လွန်းသဖြင့် အာရုံခံစားမှုများပျောက်ကာ သူအပြင်တွင်ရှိနေသည်ကို မသိခဲ့ခြင်းဖြစ်သည်။

"ကျေးဇူးပါပဲ" လျှန်ဟုန်သည် ရှီမာယူယူအား ကျေးဇူးတင်စွာ အရိုအသေပေးလေသည်။

ရှီမာယူယူသည် ပြုံးပြီး အိမ်မှ ထွက်သွားလေသည်။

အခုချိန်တွင် သူတို့နှစ်ယောက်သည် ပြောစရာအများကြီး ရှိနေမည်ကို သူမ သိသည်။ သူမ သူတို့ ကိစ္စများကို ရှောင်ရှားရန်အတွက် ထိုအကြောင်းများကို မသိတာကောင်းသည်။

သူမသည် ဂရုစိုက်ရမည့် လူနာအတွက် အပြည့်အဝတာဝန်ရှိသဖြင့် ခရီးစဉ်ကို ရက်အနည်းငယ် ဆိုင်းငံ့ ထားလိုက်သည်။

၅ရက်ကြာပြီးသောအခါ ချူချောင်ထန်သည် အပြင်သို့ထွက်လောက်အောင် ပြန်ကောင်းလာသည်။ ရှီမာယူယူတို့ ပိုက်ဆံရှင်းတော့ မည်ကို ကြည့်ပြီး ပြောလေသည် "မင်း ပေးစရာမလိုတော့ပါဘူး"

"အဲလိုဆိုရင် ကျွန်တော်တို့ ပေးထားတဲ့ စရံကို ပြန်ပေးမှာလား" ရှီမာယူယူ မေးလိုက်သည်။

"မရဘူးလေ၊ ပေးထားပြီးသားတော့ ပြန်တောင်းလို့မရဘူး" ချူချောင်ထန်သည် ရုပ်တည်သွားလေ သည်။ ရှီမာယူယူ ထိုအကြောင်းကို ပြောမည်ကို သူစိုးရိမ်နေခဲ့သည်။

ရှီမာယူယူ ပြုံးကာ ရှီမာလိုင်အားပြောလိုက်သည် "အဘိုးသွားရအောင်"

သူတို့အဖွဲ့သည် တည်းခိုဆောင်မှထွက်သွားရာ ချူချောင်ထန်သည် မှိုင်တွေကျန်ခဲ့လေသည်။ သူသည် သန့်ရှင်းရေး လုပ်နေသော လျှန်ဟုန်လက်လှည့်ကာ မေးလိုက်သည် "မင်း သူတို့နဲ့ လိုက်သွားချင်လား"

လျှန်ဟုန်သည် မျက်ဖြူလှန်ကာ ပြောလေသည် "သူတို့နဲ့ သွားချင်တာ သခင်လေ၊ ဘာလို့ ကျွန်တော့်ကို ဆွဲထည့်နေတာလဲ"

"အဲဒါဆိုရင် မင်းက သူတို့နဲ့ ထွက်သွားချင်ဘူးပေါ့" ချူချောင်ထိန်သည် မျက်လုံးမှေးကာ ပြောလေ သည်။

"သွားချင်တယ်" လျှန်ဟုန်သည် တံမြက်စည်းအား ဘေးသို့ ပစ်ကာ အော်လေသည်။

"ဒါဆို အထုတ်မထုတ်သေးဘူးလား"

"အခုပဲ လုပ်လိုက်မယ် ခဏဆိုရပြီ"

လျှန်ဟုန်သည် သူ့အနောက်က အခန်းသို့ ပြေးသွားရင်း ပြောလေသည်။

"အဲကောင်လေးကတော့" ချူချောင်ထန်သည် စနောက်ကာ အော်လိုက်လေသည်။

ရှီမာယူယူနှင့် တခြားသူများသည် ကောင်းကင်ကျားအိမ်တော်သို့ ဦးတည်ကြလေသည်။ ကောင်းကင် ကျားအိမ်တော်မှ လူများသည် သူမအား ကြည့်ကြသည်။ သူမသည် ဖြတ်လမ်းတည်ဆောက်မှုကို သုံးချင် သည်ဟု ပြောသဖြင့် သူတို့သည် ဖြတ်လမ်းတည်ဆောက်မှုအိမ်သို့ ရိုသေစွာ လိုက်ပို့ကြလေသည်။

ဖြတ်လမ်းတည်ဆောက်မှုသည် ပြင်ပြီးသွားသော်လည်း အပြင်လောကနှင့် မဆက်သွယ်ရသေးပေ။ သူတို့သည် ထိုနေရာအား တခြားသူများ မနှောင့်ယှက်ရန်အတွက် စောင့်ရှောက်ရန် လူလွှတ်လိုက်လေသည်။

ရှီမာယူယူရောက်လာချိန်တွင် ကျောင်ဟိုင်မိုသည် သတင်းရသဖြင့် အပြေးလာလေသည်။

"သခင်ကြီးသွားတော့မှာလား" ကျောင်ဟိုင်မိုသည် ရိုသေစွာ မေးလေသည်။

"ဟုတ်တယ်၊ ကျွန်တော်က ဒီကနေ အပြင်ကိုသွားဖို့ အမြဲတမ်းတွေးနေတာ၊ ဒီလောက် ကြာသွားမယ် လို့တောင်မထင်ဘူး" ရှီမာယူယူ ပြောလိုက်သည် "အဲဒါဘာလဲ တည်ဆောက်မှုကို ဘယ်သူမှ မသုံးရသေးဘူး လား"

"မသုံးရသေးဘူး လူနှစ်ယောက်လွှတ်ပြီး သုံးခိုင်းတာ ဘေးကင်းကင်းနဲ့ပဲ ပြန်လာတယ်လေ၊ ဖြတ်လမ်းတည်ဆောက်မှုက အချိန်အတော်ကြာမှ ပြန်ကောင်းသွားတာ အားလုံးလန့်နေမှာစိုးလို့ အပြင်လောကနဲ့ မဆက်သွယ်ရသေးဘူး"

"ဒါဆို ကျွန်တော်တို့ သုံးလို့ရလား" ရှီမာယူယူ မေးလိုက်သည်။

"ရတာပေါ့" ကျောင်ဟိုင်မိ ပြောလိုက်သည် "သခင်ကြီးက သုံးချင်တယ်ဆိုရင် အချိန်မရွေးသုံးလို့ရပါတယ်"

"ကျေးဇူးအများကြီးတင်ပါတယ်" ရှီမာယူယူ ပြောလိုက်သည် "အဘိုး သွားကြမယ်"

သူတို့သည် ခန်းမကြီးထဲသို့ဝင်ကာ ဖြတ်လမ်းတည်ဆောက်မှုအထဲတွင် ရပ်လိုက်ကြသည်။ သူတို့သည် ဝိဉာဉ်စွမ်းအင်များ ထည့်မလို့လုပ်တုန်းပင် တစ်ယောက်ယောက်အော်သံကို ကြားလိုက်ရလေသည်။

"နေဦး နေဦး ငါတို့ကို စောင့်ဦး"

ရှီမာယူယူသည် အပြင်သို့ ကြည့်လိုက်ရာ လူနှစ်ယောက် ပြေးလာသည်ကို တွေ့လိုက်လေသည်။

"သခင်ကြီးရှီမာ စောင့်ပါဦး" လျှန်ဟုန်သည် ရှီမာယူယူနှင့် တခြားသူများကို တွေ့လိုက်သောအခါ လက်ဝှေ့ရမ်းလိုက်သည်။

ချူချောင်ထန်သည် အနောက်မှလိုက်လာကာ သူတို့နှစ်ယောက်သည် အိမ်ထဲသို့ ဝင်လာလေသည်။

သူ့လိုလူကပဲ ဒီနေရာသို့ ခွင့်ပြုချက်မရှိပဲ ဝင်လာနိုင်သည်။

"ဆိုင်ရှင်ချူလား ခင်ဗျားတို့လည်း ထွက်သွားကြတော့မလို့လား" ကျောင်ဟိုင်မိသည် ချူချောင်ထန်နှင့် လျှန်ဟုန်တို့အား ရှုပ်ထွေးစွာ ကြည့်ကာ မေးလိုက်သည်။

"ကျွန်တော်တို့ တည်းခိုဆောင်လုပ်တာ လုံလောက်ပြီဆိုတော့ လမ်းလျှောက်ထွက်ချင်တယ်တဲ့၊ အဲတော့ ကျွန်တော်လည်း အစေခံမဟုတ်တော့ဘူး" လျှန်ဟုန်သည် အားရပါးရပြုံးလေသည် "သခင်ကြီးရှီမာ ကျွန်တော်တို့ကိုပါ ခေါ်သွားလို့ရလား"

"ငါတို့က မင်းတို့သွားမယ့်နေရာကို သွားမှာမဟုတ်ဘူး" ရှီမာယူယူ ပြောလိုက်သည်။

"တူတယ် တူတယ်" လျှန်ဟုန် ပြောလိုက်သည် "သခင်ကြီးတို့သွားမယ့် နေရာကို ကျွန်တော်တို့ သွားမှာဆိုတော့ မတူတာတော့မဟုတ်ဘူး"

"ခင်ဗျားတို့ ကျွန်တော်တို့နဲ့ သွားဖို့ ဆုံးဖြတ်ပြီးပြီပေါ့" ဖက်တီးကျူသည် ပြုံးပြီး ပြောလေသည်။

"သခင်ကြီးတို့ သွားလေရာကို ကျွန်တော်တို့ကို ခေါ်သွားရင် အကောင်းဆုံးပဲလို့ ကျွန်တော့်သခင်က တယ်" လျှန်ဟုန် ပြောလိုက်သည်။

သူသည် အစိမ်းရောင်ဖိဗ္ဗာန်အကြောင်း ပြောနေသည်ကို ရှီမာယူယူသိသည်။ ချူချောင်ထိန်သည် တိမ်တိုက်ပုံနန်းတော်၏ နန်းတော်သခင်အကြောင်း သိနေသည်ကို စဉ်းစားလိုက်ရာ သူတို့သည် သိကျွမ်းမည်ဟု သူမ ခန့်မှန်းမိသည်။

"အဲလိုဆိုမှတော့ သွားကြတာပေါ့"

"ကောင်းတယ်" လျှန်ဟုန်သည် ဖြတ်လမ်းတည်ဆောက်မှုအပေါ်သို့ တက်ပြီး ချူချောင်ထန်သည်လည်း အေးဆေးစွာ တက်လိုက်လေသည်။

"သခင်ကြီး ဘယ်သွားမှာလဲ" ကျောင်ဟိုင်မိုု ပြောလိုက်သည်။

"ပန်းမြို့တော်" ရှီမာယူယူ ပြောလိုက်သည်။

ပန်းမြို့တော်… ထိုမြို့တွင် အစိမ်းရောင်ဖိဗ္ဗာန်သို့ တိုက်ရိုက်ရောက်သော ဖြတ်လမ်းတည်ဆောက်မှု ရှိသည်။

ကျောင်ဟိုင်မိုခေါင်းညိမ့်ကာ ပန်းမြို့တော်နေရာသို့ ဝိဉာဉ်စွမ်းအင်များထည့်လိုက်သည်။ တည်ဆောက်မှုသည် လှုပ်ရှားသွားကာ အလင်းများထွက်လာပြီး သူတို့အဖွဲ့သည် ဖြတ်လမ်းတည်ဆောက်မှုအတွင်းတွင် ပျောက်သွားလေသည်။

ပန်းမြို့တော် အပြင်ဘက်တွင် လေဟာပြင်တစ်ခုပွင့်သွားကာ ရှီမာယူယူနှင့် တခြားသူများ ထွက်လာကြသည်။ ထိုအချိန်တွင် သူတို့သည် မြို့တော်နှင့် ကီလိုမီတာ သန်းချီဝေးသေးသည်။

"ဖြတ်လမ်းတည်ဆောက်မှုက တကယ်ပဲ ပြဿနာပဲ မြို့ကို တိုက်ရိုက်ပို့မပေးဘူး" ဖက်တီးကျူ စောဒကတက်လေသည်။

"ဒီမှာ လုံခြုံရေးကြပ်တယ်၊ ကောင်းကင်ကျားအိမ်တော်လိုနေရာမျိုးက ပန်းမြို့တော်ကို တိုက်ရိုက်မရောက်နိုင်ဘူး၊ အနီးအနားပဲရောက်တာ" ချူချောင်ထန် ရှင်းပြသည်။

**အခန်း (၃)**

**အပိုင်း (၄၅၁) – ရေထဲသို့ ဆွဲချခံရခြင်း**

ရှီမာယူယူသည် ချူချောင်ထန်အား ကြည့်ကာပြောလိုက်သည် "ဒီအထိ ရောက်လာပြီဆိုတော့ လမ်းခွဲကြတာပေါ့"

"မလောပါနဲ့" ချူချောင်ထန် ပြောလိုက်သည် "ဘယ်လိုပဲဖြစ်ဖြစ် မင်းရဲ့ ဦးတည်ချက်က အစိမ်းရောင်ဖိဗ္ဗာန်မလား ငါလဲ အဲဒီပဲသွားမှာပဲ၊ အတူတူသွားကြတာပေါ့၊ တစ်ယောက်နဲ့တစ်ယောက် စောင့်ရှောက်လို့ရတယ်လေ"

"ခင်ဗျားနဲ့ ရှိနေရင် တစ်ယောက်နဲ့ တစ်ယောက် စောင့်ရှောက်ပေးမယ်လို့ မထင်မိဘူး" ရှီမာယူယူသည် ပွင့်လင်းစွာ ပြောလေသည်။

"ဒါပေမဲ့ ငါနဲ့ ရှိနေရင် အစိမ်းရောင်နန်းတော်ကို မြန်မြန်ဝင်လို့ရမယ်လေ၊ မဟုတ်ရင် မင်းတို့ သူတို့ရဲ့ ဖြတ်လမ်းတည်ဆောက်မှုကို သုံးချင်ရင်တောင် ရှာလည်နေမယ်" ချူချောင်ထန်သည် ပြုံးပြီး ယပ်တောင် ဝှေ့ရမ်းကာ ဘယ်ဘက်သို့ ကြည့်နေလေသည်။

"ယူယူ ငါတို့က သူတို့နဲ့ တစ်လမ်းတည်းဖြစ်နေတော့ အတူသွားကြမလား" ဖက်တီးကျူ ပြောလိုက်သည်။

"သူတို့လမ်းလျှောက်တာ အရမ်းကြာတယ်" ရှီမာယူယူ ပြောလိုက်သည်။

အာ...

"တည်ဆောက်မှုကျောက် ၂တုံး" သူသည် ဆိုလိုရင်းကို နားလည်သောကြောင့် ပြောလိုက်သည်။

ရှီမာယူယူသည် သူ့အား စိုက်ကြည့်ပြီး ပြောလိုက်သည် "သီးသန့်သွားပြောရအောင်"

"ကောင်းပြီ"

သူတို့ လျှောက်သွားပြီးနောက် ချူချောင်ထန် နေရာများပိုင်းခြားလိုက်သည်။ အားလုံးသည် သူတို့ နှစ်ယောက် အထဲတွင် စကားပြောနေသည်ကို ကြည့်နေကြသည်။ အစပိုင်းတွင် ချူချောင်ထန်သည် တစ်ချိန်လုံး အဆက်မပြတ်ပြောနေကာ ရှီမာယူယူသည် မျက်မှောင်ကြုတ်နေသည်။

"လျှန်ဟုန်က တိမ်တိုက်ပုံနန်းတော်ရဲ့ တူလို့ပြောလိုက်တာလား၊ အဲဒါဆို သူ့မိဘတွေက ဘယ်သူတွေလဲ" ရှီမာယူယူ မေးလိုက်သည်။

"တိမ်တိုက်ပုံနန်းတော်ရဲ့ နန်းတော်သခင်က လျှန်ဇီလို့ ခေါ်တယ်၊ သူက လျှန်မျိုးနွယ်ခွဲတွေရဲ့ ဒုသခင်လေးပဲ လျှန်ဟုန်ရဲ့ အဖေက သူ့အစ်ကို" ချူချောင်ထန် ပြောလေသည်။

"သူ့အမေကရော"

"သူ့အမေက ဖေမျိုးနွယ်ခဲတွေရဲ့ ဆွေမျိုးအဝေးထဲက သခင်မလေးပဲ.. ဖေမျိုးနွယ်က လျှန်မျိုးနွယ်ရဲ့ ရန်သူ" ချူချောင်ထန် ရှင်းပြလေသည် "ဖေမျိုးနွယ်က သူတို့ နှစ်ယောက်ဆက်ဆံရေးကို မကျေနပ်ဘူး သူတို့က ဒီကလေး လျှန်ဟုန်နဲ့ အမျိုးမဖြစ်ချင်ဘူး၊ အဲတော့ ဒီနှစ်တွေမှာ သူ့ကို သတ်ဖို့ လူလွှတ်ထားခဲ့တာ"

"အဲဒါကြောင့် သူ့ကို ကောင်းကင်ကျားဇရိယာခေါ်သွားပြီး သူတို့ရဲ့ ဖြတ်လမ်းတည်ဆောက်မှုကို ဖျက်ဆီး လိုက်တာပေါ့" ရှီမာယူယူသည် ယုံကြည်ချက်အပြည့်ဖြင့် ပြောလေသည်။

"ကောင်းကင်ကျားဇရိယာက မထင်မရှား စီရင်စုနယ်ပဲ ငါတို့ ဒီမှာရှိမယ်လို့ သူတို့ထင်မှာတောင် မဟုတ်ဘူး ဖြတ်လမ်းတည်ဆောက်မှုမရှိရင် ဝိဉာဉ်မိစ္ဆာတွေဝိုင်းနေတော့ လူအများစု မရှာနိုင်ကြဘူး" ချူချောင်ထန်သည် သူမအား မငြင်းဆန်ပေ။

"ဒါပေမဲ့ တိုက်ရိုက်ရောက်နိုင်တဲ့ လေဟာပြင်ဝင်ပေါက် လုပ်နိုင်တဲ့သူတွေရှိတယ်လေ" ရှီမာယူယူ ပြောလိုက်သည်။

ဉပမာအနေနှင့် အဘိုးနတ်ဆိုးနှင့် ဝူလင်းယူကဲ့သို့...

သူမ ဝူလင်းယူအား တွေးမိလိုက်ရာ လူတိုင်း လေဟာပြင်ဝင်ပေါက်မလုပ်နိုင်သည်ကို သတိရသွားသည်။ အံ့ဖွယ်အဆင့် အထက် ရှိသောသူများသာ လုပ်နိုင်သည်။ အဲဒါဆို သူက ဒီလောက်ငယ်ငယ်လေးနဲ့ အံ့ဖွယ်အဆင့်ထက် မြင့်နေတာပေါ့။

ချူချောင်ထန်သည် သူမ စဉ်းစားနေသည်ကို မသိပဲ ဆက်ပြောလေသည် "ဖေမျိုးနွယ်က အဲလို လေဟာပြင်ဝင်ပေါက်တွေ လုပ်နိုင်တဲ့သူတွေက ဒီလိုကိစ္စမျိုးလောက်ကို ဝင်မပါဘူး"

"ဘာလို့လဲ"

"ငါသိသလောက်တော့ ဖေမျိုးနွယ်က သခင်လေးထဲက တစ်ယောက်လုပ်တာဆိုပဲ သူက အရင်က လျှန်ဟုန်ရဲ့ အမေကို ကြိုက်ခဲ့တာတဲ့" ချူချောင်ထန် ပြောလေသည်။

"ဒါဆိုရင် ကျွန်တော်တို့က ဖေမျိုးနွယ်တစ်ခုလုံးကို တိုက်ရမှာမဟုတ်ဘူးပေါ့" ရှီမာယူယူ ပြောလိုက်သည် "ဖေမျိုးနွယ်နဲ့ လျှန်မျိုးနွယ်က ဘယ်လိုနောက်ခံတွေရှိလဲ"

"သူတို့က အစိမ်းရောင်ဗိဗ္ဗာန်မှာ ဒုတိယအင်အားကြီးဆုံးလောက်ပဲ" ချူချောင်ထန် ပြောလေသည်။

"ရှုတ်" ရှီမာယူယူ ချူချောင်ထန်အား မုန်းတီးစွာ ကြည့်ကာ "ခင်ဗျားက ကျွန်တော့်ကို ဆွဲချနေတာလား၊ ခင်ဗျားက အဲလိုအင်အားကြီးမျိုးနွယ်တွေကို ဆန့်ကျင်ဖို့ ဆွဲချနေတာပဲ မဖြစ်တော့ဘူး ကျွန်တော် ခင်ဗျားတို့နဲ့ မသွားတော့ဘူး အရမ်းအန္တရာယ်များတယ်"

"မင်း ရောက်နေပြီးပြီလေ" ချူချောင်ထန် အားရပါးရပြုံးလိုက်သည် "မင်း ငါတို့နဲ့ အတူ ပန်းမြို့တော် အပြင်ရောက်နေပြီဆိုရင်ကို ဖေမျိုးနွယ်လို အင်အားကြီးက သတင်းကြားပြီးလောက်ပြီ မင်းအခု ငါတို့နဲ့ လမ်းခွဲရင်တောင် ဖေမျိုးနွယ် မင်းတို့နောက်ကိုလိုက်ပြီး သတ်တာကို ရှောင်လို့မရဘူး၊ အဲလူက တစ်ယောက်မှားတာနဲ့ တစ်ထောင်လုံးသတ်တဲ့လူမျိုး"

ရှီမာယူယူ အကူအညီမဲ့စွာ ပြောလိုက်သည် "ကျွန်တော်တို့က အနိမ့်ပြည်ကလာတဲ့ သနားစရာလူတွေပါ ဘာလို့ ခင်ဗျားတို့ သေမယ့်ဇာတ်လမ်းထဲ ဆွဲသွင်းရတာလဲ"

"မဟုတ်ဘူး မင်းရှိနေလို့ ငါတို့အသက်ရှင်နိုင်တယ်" ချူချောင်ထန် ပြောလိုက်သည် "ဒီနှစ်တွေမှာ လျှန်ဟုန်နဲ့ လျှန်ဇီတို့ တွေ့နိုင်အောင် ငါကြိုးစားခဲ့တယ် ဒါပေမဲ့ ငါ ကောင်းကင်ကျားဧရိယာကထွက်တာနဲ့ ဖေမျိုးနွယ်က လိုက်ပြီးသတ်တော့တာပဲ၊ အစိမ်းရောင်ဗိဗ္ဗာန်က လျှန်ဇီကို ရှာဖို့မပြောနဲ့"

"ကျွန်တော်တို့က သာမာန်အံ့ဖွယ်အဆင့်အဖွဲ့ပါ တိုက်ခိုက်ရမှာနဲ့တွေ့ရင် သေချာပေါက်နောက်ဆုတ်မှာပဲ ကျွန်တော်တို့ကို ဆွဲသွင်းစရာမရှိပါဘူး" ရှီမာယူယူ ပြောလိုက်သည် "မြို့နှစ်မြို့သွားရမှာကို မြို့တစ်မြို့မှာပဲ သေသွားနိုင်တယ်"

"ငါ့မှာ ရွေးစရာမရှိဘူး မင်းက နောက်ဆုံးအလောင်းအစားပဲ" ချူချောင်ထန် ပြောလိုက်သည် "ငါ ဒီအခွင့်အရေးကို လွတ်သွားရင် မင်းနဲ့ မသွားခဲ့ရင် ငါတို့ ကောင်းကင်ကျားဧရိယာမှာ ဘယ်လောက်ကြာအောင် နေရမယ်ဆိုတာ မသိနိုင်ဘူးလေ၊ ဖေမျိုးနွယ်က ကောင်းကင်ကျားဧရိယာကို သတိထားမိသွားပြီ၊ မင်းတို့နဲ့ မရှိရင်တောင် ငါတို့ ထွက်သွားဖို့ အစီအစဉ်ရှိပြီးသား၊ ပြီးတော့ မင်းတို့နဲ့ရှိရင် မင်းက ငါတို့ကို အသက်ရှင်ဖို့ အခွင့်အရေးပေးမယ်ဆိုတာ ယုံတယ်"

"ခင်ဗျားက ကျွန်တော်တို့ကို လှည့်စားလိုက်တာပဲ" ရှီမာယူယူသည် အေးစက်စွာ ပြောလေသည်။

"တောင်းပန်ပါတယ် ဒါပေမဲ့ ငါ့မှာ ရွေးစရာမရှိခဲ့ဘူး" ချူချောင်ထန် ပြောလိုက်သည် "မင်းကို ပိုက်ဆံအကြွေးတင်တဲ့အပြင် ကျေးဇူးပါ အကြွေးတင်သွားပြီ"

ရှီမာယူယူ ခေါင်းကိုက်လာသည်။ သူမသည် အလယ်ပိုင်းဒေသသို့သွားကာ ဘေဂုံထန် သူမအမေနှင့် မောင်လေးကို ကယ်ရန် လုပ်ပေးချင်သည်။ ဘယ်လိုလုပ် ဒီလိုပြဿနာကြီးနဲ့တွေ့ပြီး ရှုပ်ကုန်တာလဲ။

"သူတို့နဲ့ ဘယ်လို ဆက်ဆံရေးရှိတာလဲ၊ သူ့မိဘတွေနဲ့လား"

"ငါက သူ့အဖေရဲ့ အစ်ကိုပါ သွေးတော့မတော်ဘူးပေါ့၊ သူ့မိဘတွေကလည်း သေသွားကြပြီ သူတို့ မသေခင် ငါ့ကို အပ်သွားကြတာ၊ သူ့ကို ငါ ပစ်မထားနိုင်ဘူး" ချူချောင်ထန် ပြောလေသည်။

"ခင်ဗျားတို့ကို အစိမ်းရောင်နန်းတော်ကိုခေါ်သွားရုံပဲမလား" ရှီမာယူယူ မေးလိုက်သည်။

"ဟုတ်တယ်"

"တည်ဆောက်မှုကျောက် ၄တုံးနဲ့ ထောက်ခံပေးရမယ်" ရှီမာယူယူသည် မယဉ်ကျေးနိုင်တော့ပဲ ဈေးတင်လိုက်လေသည်။

"သုံးခုနဲ့ ထောက်ခံပေးမူ၊ ငါ့မှာ သုံးခုပဲရှိတော့တယ်" ချူချောင်ထန် ပြောလေသည်။

ရှီမာယူယူသည် ချူချောင်ထန်အား အချိန်အတော်ကြာစိုက်ကြည့်ပြီးနောက်ဆုံးတွင် မလိုချင်စွာဖြင့် ပြောလေသည် "သဘောတူတယ် လက်ငင်းပေး"

သူပြောသလိုပင် သူတို့ ပန်းမြို့တော်ရှေ့ရောက်ချိန်တွင် ဖေမျိုးနွယ်သည် သတင်းရလေသည်။ ထိုအချိန်တွင် သူမအတွက် ရှောင်ရှားရန် ခက်မည်ဆိုပါက အမြတ်ရအောင်တော့ ယူရမည်။

ချူချောင်ထန်သည် တည်ဆောက်မှုကျောက်တုံးကို ထုတ်ပေးလေသည်။ အရွယ်အစားမှာ အရင်ကျောက်အရွယ်အစားအတိုင်းပင်ဖြစ်သည်။

ရှီမာယူယူသည် တည်ဆောက်မှုကျောက်တုံးယူပြီး စစ်ပြီးနောက် ဝိဉာဉ်စေတီအတွင်း သိမ်းလိုက်လေသည်။ သူမ မေးလိုက်သည် "အဲလောက်ကြီးတဲ့ တည်ဆောက်မှုကျောက်တွေ ဘယ်လိုရလာတာလဲ"

"အခွင့်အရေးတစ်ခုနဲ့ တွေ့တော့ ၄ခုရလာတာပဲ" ချူချောင်ထန် ပြန်ဖြေလေသည်။

"တကယ်တော့ ကျွန်တော်က ခင်ဗျားရဲ့ သရုပ်မှန်ကို သိချင်နေတာ" ရှီမာယူယူသည် ချူချောင်ဟိုင်အား ကြည့်ပြီးပြောလေသည် "ခင်ဗျားက အစိမ်းရောင်နန်းတော်က လူဖြစ်မယ်ထင်တာ၊ ဒါပေမဲ့ အဲက လူနဲ့မတူဘူး၊ ခင်ဗျားက ဘယ်သူလဲ"

"ငါက အလယ်ပိုင်းဒေသကလာတာ၊ ငါလည်း ဒီအခြေအနေကြီးပြီးချင်တယ်" ချူချောင်ထန် ပြောလိုက်သည်။

"ဒါဆို ခင်ဗျားက ခင်ဗျားရဲ့ ဂိုဏ်းကိုဆက်သွယ်ပြီး ပြန်ဖို့ နည်းလမ်းမရှာဘူးလား" ရှီမာယူယူ နားမလည်တော့ပေ။

"မင်းက ဒီတိုင်းပြည်ကို အခုမှရောက်ပြီး အပြင်ဘက်က အခြေအနေတွေကို မရင်းနှီးသေးဘူး" ချူချောင်ထန် ပြောလိုက်သည် "မင်း ဒီက ဖြတ်လမ်းတည်ဆောက်မှုတွေကို သုံးချင်တိုင်းသုံးလို့မရဘူး၊ မြို့တိုင်းမှာ ဖေမျိုးနွယ်က လုပ်ထားတဲ့ ဂိုဏ်းတွေရှိတယ်၊ သူတို့က ဖြတ်လမ်းတည်ဆောက်မှုတွေကို ချုပ်ကိုင်ထားတယ်၊ ငါ ဘယ်လိုလုပ် အလယ်ပိုင်းဒေသကို သွားမလဲ"

ရှီမာယူယူသည် ရုတ်တရက် တစ်စုံတစ်ခုကို တွေးမိကာ အော်လိုက်လေသည်။ "ဒါဆို ခုနက ကျွန်တော်တို့ ဖြတ်လမ်းတည်ဆောက်မှုကို သုံးပြီးပြီလေ"

ချူချောင်ထန် ခေါင်းညိမ့်သည်ကို မြင်ပြီးနောက် သူမသည် အမှန်တကယ် သူ့ကို ရိုက်ချင်မိသည်။ သူမသည် တည်ဆောက်မှုကျောက် သုံးတုံးလောက်နှင့် ဆုံးရှုံးရမည်မှာ များသည်။

သူတို့နှစ်ယောက်သည် အထဲတွင် နာရီဝက်ကြာစကားပြောပြီးနောက် သီးခြားစီ ထွက်လာလေသည်။ ချူချောင်ထန်သည် ပျော်ရွှင်နေကာ ရှီမာယူယူသည် စိတ်ဓာတ်ကျနေလေသည်။

"ငါတို့ မြန်မြန်သွားတာကောင်းမယ် မဟုတ်ရင် ဖေမျိုးနွယ်က ဖမ်းမိရင် ပြဿနာတက်လိမ့်မယ်" ချူချောင်ထန်သည် အားလုံးကို ပြောလိုက်လေသည်။

ရှီမာယူယူ၏ အဖွဲ့သည် ရှီမာယူယူအား ကြည့်လိုက်ရာ သူမ လက်ရမ်းပြကာပြောလေသည် "သွားရင်းနဲ့ ရှင်းပြမယ်၊ အရင်ဆုံးသွားရအောင်"

**အခန်း (၄)**

**အပိုင်း (၄၅၂) – ပိုကြီးမားသော အန္တရာယ်**

သူတို့ မသွားခင်တွင် လူတစ်စုသည် ပန်းမြို့တော်မှ ထွက်လာသည်။ ချူချောင်ထန်သည် ထိုလူများ အားတွေ့သည်နှင့် လေးနက်သော အမူအရာဖြစ်သွားသည်။

"ဖေမိသားစုဝင်တွေလား" ရှီမာယူယူသည် သူ့အမူအရာအား အကဲခတ်ရင်း ခန့်မှန်းလိုက်သည်။

"ဟုတ်တယ် သူတို့ ဒီလောက်မြန်မြန်ရောက်လာမယ်လို့ ထင်မထားဘူး" ချူချောင်ထန် ပြောလိုက်သည် "ငါတို့ကို ကောင်းကင်ကျားဧရိယာမှာပဲရှိသေးတယ်လို့ ထင်လို့ ပန်းမြို့တော်မှာ ငါတို့ကို တွေ့ဖို့စောင့်နေတာ ထင်တယ် မဟုတ်ရင် ဒီမြို့သေးသေးလေးကို ဒီလောက်လူအများကြီးမပို့ဘူး" သူတို့ပေါ်လာသည်မှာ အချိန်ကိုက် ဖြစ်ပုံပင်။ ကောင်းကင်ကျားဧရိယာ၏ ဖြတ်လမ်းတည်ဆောက်မှု ကောင်းသွားပြီဖြစ်၍ သူတို့ကိုရှာရန် မဟာမြို့သို့ဝင်ရန် ပန်းမြို့တော်မှ တည်ဆောက်မှုကို သုံးနိုင်သည်။

ဖေမိသားစုဝင်များသည် သူတို့အား လျင်မြန်စွာ ဝိုင်းလိုက်ကြသည်။ ရှီမာယူယူသည် သူတို့အား ကြည့်လိုက်ရာ လူတစ်ရာလောက်ရှိမည်။

"မင်းက ဒီရောက်နေတာပဲ ချူချောင်ထန်" အနီရောင်ဝတ်ထားသော သတ်လတ်ပိုင်းအရွယ် အမျိုးသားတစ်ယောက်သည် အဖွဲ့ကို ဦးဆောင်လာကာ ချူချောင်ထန်အား ပြုံးပြလေသည်။

"ဘယ်နောက်လိုက်ခွေးပါလိမ့်လို့ မင်းပဲကိုး ဖေဂူ" ချူချောင်ထန် မှတ်ချက်ပေးလေသည်။

"ရွှတ်" ရှီမာယူယူသည် သူ့နာမည်ကြားသောအခါ ရယ်မိလေသည်။

"မင်းအခုတော့ ရယ်နိုင်သေးတယ်၊ ဒါပေမဲ့ ခဏနေရင် မင်းမှာ အသက်ရှိတော့မှာမဟုတ်ဘူး" ဖေဂူသည် အေးစက်စွာ ရယ်မောလေသည်။

"ဖေဂူ ပြီးခဲ့တဲ့တစ်ခေါက်က ငါမင်းကိုရိုက်လိုက်တာ မင်းအချစ်ကလေးတောင်မှာ မင်းကို မမှတ်မိလောက်အောင်ဖြစ်သွားတာလေ မင်းက ဘာပဲဖြစ်ဖြစ် ပြေးနိုင်တယ်ဆို ရဲ့ပြည်ထိပြေးလိုက်ပါလား" ချူချောင်ထန်သည် သူ့ဒဏ်ရာများ အပြည့်အဝပြန်မကောင်းသေးသည်ကို သိသည်။

"ဟင် မင်းအဲတုန်းကလို ထွက်ပြေးလို့လွတ်မယ်ထင်လား" ဖေဂူသည် ရှီမာယူယူနှင့် တခြားသူများကို ကြည့်လိုက်သည်။ အံ့ဖွယ်အဆင့် လက်သစ်လေးတွေ အုပ်စုပဲ... စိတ်ထဲထားစရာမလိုဘူး။ ချူချောင်ထန်သည် ပြီးခဲ့သည့် ကိစ္စများကို ပြန်အစဆွဲထုတ်သဖြင့် သွေးဆူလာသောကြောင့် သူ ချူချောင်ထန်ကို ကြည့်လိုက်သည်။ သူ ပြောလိုက်သည် "မင်းတို့တွေက ကောင်းကင်ကျားဧရိယာမှာ ပုန်းနေတာ ငါတို့သိတာကြာပြီ ဒါပေမဲ့ စိတ်

မကောင်းစရာက အဲဒီက ဖြတ်လမ်းတည်ဆောက်မှုက ပျက်နေတယ်၊ မဟုတ်ရင် မင်းတို့ ဒီလောက်အကြာကြီး ပြေးမလွတ်ဘူး၊ ငါမင်းလိုကောင်ကို ဖျက်ဆီးပစ်တာ ကြာလှပြီ”

လျှန်ဟုန်သည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။ ဒီတစ်ခါသည် ရိုင်းစိုင်းစွာ အပြောခံရသည်မှာ ပထမဆုံးအကြိမ်ဖြစ်သည်။ သို့သော် သူသည် သူ၏ သရုပ်မှန်ကို နားလည်ရန် ဆုံးဖြတ်လိုက်ချိန်တွင် ဒီလိုကိစ္စမျိုးများ ဖြစ်လာမည်ကို သိသဖြင့် ဒေါသ မထွက်မိပေ။

“မင်းက ငါ့ကို ကောင်လို့ခေါ်တယ်၊ ဒါပေမဲ့ မင်းက ဖေမိသားစုရဲ့ ခွေးတစ်ကောင်အပြင် မပိုဘူး” သူ မကြောက်ပဲ ပြန်ပြောလေသည်။ သူသည် ခန္ဓာကိုယ်ချင်းတိုက်ခိုက်ရာတွင် မနိုင်နိုင်သော်လည်း စကားလုံးများဖြင့် ထိုးနက်မည်။

ရှီမာယူယူသည် ပတ်ဝန်းကျင်မှလူများကို ကြည့်ကာ ပြောလေသည် “မြန်မြန်ရှင်းတာကောင်းမယ် အချိန်ဆွဲရင်ဆွဲသလို နိုင်နိုင်ချေနည်းသွားလိမ့်မယ်”

ချူချောင်ထန်သည် သူမ ဆိုလိုသည်ကို နားလည်သဖြင့် ရယ်မောကာ ခေါင်းညိမ့်ပြီး ပြောလေသည် “သွားရအောင်”

“ဝူရန် မင်းက အဒေါ်ကို ကာကွယ်ဖို့တာဝန်ယူ” ရှီမာယူယူ ပြောလိုက်သည် “အားလုံးပဲ ကိုယ့်စာချုပ်မိစ္ဆာကိုခေါ်ပြီး အားလုံးကိုတစ်ခါတည်း အပြတ်တိုက်ကြမယ်” ရှီမာယူယူနှင့် ကျန်သောသူများသည် သူတို့၏ အထွတ်အထိပ်မိစ္ဆာများကို ခေါ်ထုတ်လေသည်။ လူတစ်ယောက်တွင် အထွတ်အထိပ် မိစ္ဆာ ၂ကောင်ရှိကာ အားလုံးရပ်လိုက်သောအခါ အုပ်စုကြီးဖြစ်သွားလေသည်။

ဖေမိသားစုဝင်များ၊ ချူချောင်ထန်နှင့် လျှန်ဟုန်တို့သည် သူတို့တွင်ရှိနေသော အထွတ်အထိပ်မိစ္ဆာ အရေအတွက်ကို မြင်သောအခါ အလွန်အံ့သြမိကြလေသည်။ ကမ္ဘာဦးနယ်မြေမှ လူအနည်းငယ်သာ ဒီလောက် အထွတ်အထိပ်မိစ္ဆာရှိနိုင်သည်။ မိစ္ဆာအုပ်သည် သူတို့မိသားစုဝင်များသည် လူသားများနှင့် စာချုပ်ချုပ်လိုက်သည်ကို သိပါက ပြဿနာရှာနိုင်သည်။ လူတစ်ယောက်တွင် တစ်ကောင် နှစ်ကောင်ရှိနေခြင်းက သဘာဝကျသည်။ လူတစ်ယောက်တွင် ဝိဉာဉ်မိစ္ဆာများ ရှိနေခြင်းသည် ရှားပါးလှသည်။

ရှီမာယူယူသည် သံမဏိလက်သည်းကျား၊ ငှက်လေး ဟိန်းသံထောင်ချီနှင့် ဟိန်းသံလေးကို ခေါ်ထုတ်လိုက်သည်။ သူမသည် ဟာစွန်နှင့် အိမ်မက်လေးကို မခေါ်ပေ။ သူတို့သည် တိုက်ပွဲတွင် သူမ၏ ဝှက်ဖဲဖြစ်သည်။ သူမ တစ်ယောက်တည်းကိုပင် ကြည့်လျှင် အထွတ်အထိပ်မိစ္ဆာ ၄ကောင်ရှိရာ ချူချောင်ထန်သည် သူမသည် သာမန်ထက် သာလွန်နေသည်ကို မြင်လိုက်ရသဖြင့် သူမနှင့် အတူထွက်လာသည်မှာ မှန်ကန်သော ရွေးချယ်မှု ဖြစ်သည်ဟု တွေးမိလေသည်။

ဖေဝူသည် လူ တစ်ရာလောက်ခေါ်လာသော်လည်း သူတို့အားများသည် အခြေခံအဆင့်နှင့် အလတ်အလတ်အဆင့် အံ့ဖွယ်များသာဖြစ်ကြလေသည်။ သူသည် သူတို့ထက် အဆင့်အနည်းငယ်ပိုမြင့်သောလည်း သူသည်လည်း အံ့ဖွယ်အရှင်အဖြစ်ရောက်သည်မှာ မကြာသေးပေ။ ချူချောင်ထန်သည်လည်း အံ့ဖွယ်အရှင်ဖြစ်ကာ သူတို့နှစ်ယောက်သည် ကောင်းကင်တွင် တိုက်ကြလေသည်။

ဖေမိသားစုဝင်များတွင်လည်း အံ့ဖွယ်မိစ္ဆာများရှိကြသော်လည်း သူတို့ထက် အရေအတွက် နည်းသည်။ ကျန်သော မိစ္ဆာများသည် အထွတ်အထိပ်အဆင့်ဖြစ်သော်လည်း သံမဏိလက်သည်းကျားနှင့် တခြားသူများကို မမှီပေ။ အရေအတွက်မှာ အရေးပါလှသဖြင့် တစ်နာရီကျော်အကြာတွင် အရေးပေါ်အခြေအနေဖြစ်လေသည်။ ရှီမာယူလီနှင့် တချို့မှာ တိုက်ပွဲအလယ်တွင် ဒဏ်ရာရကြလေသည်။

တချို့လူများကို ရှင်းပြီးနောက် ရှီမာယူယူသည် သူတို့အား ငှက်လေးကျောပေါ်တင်ကာ ပြောလေသည် "ဒီကနေ မြန်မြန်ထွက်ရအောင်" ချူချောင်ထန်ပြောသလိုဆိုလျှင် ဖြတ်လမ်းတည်ဆောက်မှုသည် တည်ငြိမ်ခြင်း မရှိတော့သောကြောင့် သူတို့သည် အစိမ်းရောင်ဗိမ္ဗာန်အထိ မိစ္ဆာပျံ စီးသွားရမည်။

ခိုအချိန်တွင် မြို့ထဲမှ လူများ ပိုပိုထွက်လာကာ ချူချောင်ထန်နှင့် ကျန်သောသူများသည် လျင်မြန်စွာပင် ငှက်လေးကျောပေါ် တက်လိုက်လေသည်။ ငှက်လေးသည် အတောင်ပံခတ်ကာ အားလုံးကို ခေါ်ပြီး ပျံသွားလေ သည်။

"သခင်လေးစီ သူတို့မှာ မိစ္ဆာပျံရှိနေတယ် ကျွန်တော်တို့ အခုဘာလုပ်ကြမလဲ" ကိုယ်ရံတော် တစ်ယောက်သည် ချောမောသော လူငယ်တစ်ယောက်သို့ ပြောလိုက်သည်။

"မမြင်ရတော့ဘူး" ဖေစီသည် ပိုပိုဝေးသွားသော သူပြိုင်ဘက်များကို ကြည့်ကာ ဒေါသထွက်စွာ ပြော လေသည်။ "ချူချောင်ထန်က ဓားပြလေးတွေခေါ်လာတယ်လို့ မိသားစုကို သွားသတင်းပို့လိုက်၊ ပြီးတော့ သူတို့ သေချာပေါက် အစိမ်းရောင်ဗိမ္ဗာန်ကို သွားကြလိမ့်မယ်၊ သူတို့မြို့ထဲကိုမဝင်ရဲဘူး ဖြတ်လမ်းတည်ဆောက်မှု လည်းမသုံးရဲဘူး ပြီးတော့ သူတို့လမ်းမှာရှိတုန်း ငါတို့ ချောင်းတိုက်လို့ရတယ်"

"ဟုတ်ကဲ့ပါ သခင်လေးစီ"

"ပြီးတော့ သူတို့မှာ မိစ္ဆာပျံရှိနေတယ် အဲသတင်းမကျန်ခဲ့စေနဲ့" ဖေစီသည် သူတို့အား လှုံ့ဆော်လိုက် သည် "ပြီးတော့ ချူချောင်ထန်နဲ့ ရှိနေတာ ဘယ်သူတွေလည်းဆိုတာ စုံစမ်းလိုက်ဦး၊ သူတို့က ဖေမိသားစုကို ဆန့်ကျင်ရဲတယ် ပြီးတော့ ဘယ်လိုလုပ် သူတို့မှာအထွတ်အထိပ်မိစ္ဆာ အဲလောက်အများကြီးရှိနေရတာလဲ သူတို့က အရေးကြီးတဲ့လူတွေများဖြစ်နေမလား"

"ကျွန်တော်နားလည်ပါပြီ သွားလိုက်ပါဦးမယ်" ထိုအစေခံသည် နောက်ဆုတ်ကာ ထွက်သွားလေသည်။

ဖေစီသည် ရှီမာယူယူတို့ ထွက်သွားသော ဘက်သို့ ကြည့်ကာ ခေတ္တမျှ စဉ်းစားနေလိုက်သည်။ သူသည် အော်လိုက်သည် "ကိုယ့်လူတို့"

"ဟုတ်ကဲ့ သခင်လေး" သူ့ဘေးမှ ကိုယ်ရံတော် နှစ်ယောက်သည် ရှေ့တိုးလာသည်။

"ဂဠုန်ငှက်မျိုးနွယ်ကို လူလွှတ်ပြီး တစ်ယောက်ယောက်က သူတို့ ဂဠုန်ဘုရင်နဲ့ စာချုပ်ချုပ်ထားတယ် လို့ သွားပြောလိုက် ပြီးတော့ စီးနင်းတဲ့ လက်နက်အဖြစ်လုပ်လိုက်သေးတယ် ပြီးတော့ သူတို့မှာ အထွတ်အထိပ် မိစ္ဆာ တွေ အများကြီးရှိနေတယ်ဆိုတာ သတင်းပေးလိုက်ဦး အဲဒီမိစ္ဆာတွေလာတာကို ဂဠုန်မျိုးနွယ်ကို သေချာပေါက် ပြောရမယ်" ဖေစီ အမိန့်ပေးလေသည်။

"ဟုတ်ကဲ့ပါ သခင်လေး"

ဖေစီသည် အဝေးသို့ကြည့်ကာ သူ၏ အေးစက်သော မျက်နှာသည် ခံစားချက်ရှိမနေပေ။ သူ စိတ်ထဲတွင် တစ်စုံတစ်ရာပေါ်လာကာ ရုတ်တရက်လှည့်ပြီး မြို့အတွင်းပိုင်းဆီသို့ ဦးတည်ကာ ပြောလေသည် "သိမ်းငှက်မျိုးနွယ်ဆီကိုလည်း သွားလိုက်"

ချူချောင်ထန်သည် ဘယ်သူမှ လိုက်မလာတော့သည်ကို တွေ့မှပင် သက်ပြင်းချနိုင်တော့ကာ ပြောလေသည် "ကျေးဇူးပဲ" သူတို့ကြောင့်သာမဟုတ်လျှင် လျှန်ဟုန်နှင့် သူသည် ထိုနေရာတွင် အသတ်ခံရလောက်ပြီ။

လျှန်ဟုန်သည် ဒဏ်ရာရထားသောကြောင့် ဆေးနစ်လုံးသောက်လိုက်လေသည်။ သူသည် ရှီမာယူယူအား ကျေးဇူးတင်စွာ ကြည့်ကာ ပြောလေသည် "ကျေးဇူးပါပဲ ယူယူ"

"ယူယူ ဘာတွေဖြစ်နေတာလဲ" ဖက်တီးကျူနှင့် တခြားသောသူများသည် ဘာကြောင့် သူတို့ ဒီလိုတွေ ကြုံတွေ့နေရသည်ကို နားမလည်တော့ပေ။ သူမသည် လမ်းသွားရင်းရှင်းပြမည်ဟု ပြောခဲ့သော်လည်း သူတို့ ထွက်မသွားခင်ကို သူတို့ရောက်လာကြလေသည်။

ရှီမာယူယူသည် လျှန်ဟုန်၏ နောက်ကြောင်းကို ရှင်းပြကာ ချူချောင်ထန်၏ ဖုံးကွယ်ထားသော အကြောင်းများနှင့် သူတို့ ပါဝင်ခဲ့ပုံများကို ရှင်းပြလေသည်။ သူတို့ ထိုအကြောင်းများ ကြားပြီးသောအခါ အားလုံးသည် ချူချောင်ထန်အား ကြည့်လိုက်ကြကာ စိတ်ထဲမှ ကျိန်ဆဲမိကြလေသည်။ လည်လိုက်တဲ့ မြေခွေး အိုကြီးပဲ။

"ကျွန်တော့်ဆရာကို အပြစ်မတင်ကြပါနဲ့ သူက ကျွန်တော့်အတွက် လုပ်ခဲ့တာပါ၊ အပြစ်တင်ချင်တယ်ဆိုရင် ကျွန်တော့်ကိုပဲ တင်ကြပါ" လျှန်ဟုန်သည် အားလုံး၏ ဒေါသများကို ကြားသောအခါ ပြောလေသည်။

"လျှန်ဟုန် မင်းက ဒီလိုဖြစ်တာတွေကို သိတောင်မသိဘူး ဘယ်လိုလုပ်မင်းကို အပြစ်တင်ရမှာလဲ" ရှီမာယူလီပြောလေသည်။ သူတို့သည် လျှန်ဟုန်ကို ဧည့်သည်တည်းခိုဆောင်တွင်တွေ့ခဲ့ရာ သူသည် အပြစ်ကင်းကာ ရိုးသားသူဖြစ်သည်ကို သိသဖြင့် သူ့ကို အပြစ်မတင်လိုပေ။ သို့သော် ချူချောင်ထန်အား အပြစ်တင်လျှင်လည်း သူသည် အရေထူသူဖြစ်သဖြင့် ဘာမှထူးမည်မဟုတ်ပေ။

မည်သို့ပင်ဖြစ်စေကာမူ ချူချောင်ထန်သည်လည်း နည်းလမ်းမရှိသည်ကို သူတို့ သိကြသည်။ မဟုတ်လျှင် သူသည် မဟာမြို့တွင် အချိန်ကြာအောင် နေသွားရုံပင်ရှိတော့သည်။ ထို့အပြင် သူတို့၏ အန္တရာယ်သည် ရှီမာယူယူနှင့် သွယ်ဝှက်ကာ ပတ်သတ်နေသည်။ အဘယ့်ကြောင့်ဆိုသော် သူမသည် ဖြတ်လမ်းတည်ဆောက်မှု အားပြင်လိုက်သောကြောင့် သူတို့ထွက်လာရခြင်းဖြစ်သည်။

ထိုအကြောင်းအား သတိရလိုက်သောအခါ ရှီမာယူယူ၏ ဒေါသများ ပျောက်သွားကာ သူမ မေးလိုက သည် "အခုတော့ ဘယ်သွားကြမလဲ"

## အခန်း (၅)

## အပိုင်း (၄၅၃) – လင်းယုန်ဘုရင်

"သမုဒ္ဒရာမြို့တော်ကိုသာ သွားလိုက်၊ ငါတို့အခု သွားနှုန်းနဲ့ဆိုရင် ဒီလမ်းအတိုင်းဆက်သွားရင် အစိမ်းရောင်မြို့တော် ရောက်လိမ့်မယ်" ချူချောင်ထန် ပြောလေသည်။

"ဟူး" အားလုံး သက်ပြင်းချမိလေသည်။ ဒီလူက နောက်နေတာလား ဘာလား။ သူတို့က ၁၀နှစ်လောက် လမ်းပေါ်မှာ သွားလာနေရမှာလား။ ပြီးတော့ သူတို့က ငှက်လေး၏ အရှိန်နှုန်းနှင့်မို့ ဒီလိုသွားနိုင်သည်။ သူတို့သာ တခြားသော မိစ္ဆာပျံစီးပါက ၁၅နှစ်လောက်ကြာမည်။

"ပြီးတော့ ငါတို့လမ်းမှာ တခြားအတားအဆီး ရှိမှာကို စဉ်းစားရမယ်" ချူချောင်ထန် ပြောလိုက်သည် "ဒါပေမဲ့ ငါတို့ မိစ္ဆာနယ်မြေတွေကို ဘယ်လောက်ဖြတ်ရမလဲဆိုတာ မသိသေးဘူး၊ သူတို့က ငါတို့နောက်လိုက် ပြီး သတ်နိုင်တယ်"

ရှီမာယူယူသည် နဖူးကို ပွတ်လိုက်သည်။ ဒါက တော်တော်ကြောက်စရာကောင်းတာပဲ။

"လျှန်မိသားစုကျရော လျှန်ဟုန်ရဲ့ အဖေက လျှန်မိသားစုဝင်လို့ ပြောခဲ့တယ်မလား၊ သူ့မိသားစု မျိုးနွယ်က သူ့ကို ဂရုမစိုက်ဘူးလား" ဝေကျိရှီ မေးလိုက်သည်။

"သူ့အဖေက သူ့အမေနဲ့အတူ မိသားစုကို ပစ်ထားသွားတာ" ချူချောင်ထန် ပြောလေသည် "အဲဒါကြောင့် ပဲ သူ့ကို လေးစားသွားတာ၊ သူတစ်ယောက်တည်းကြောင့်မို့လို့လည်း သူ့ကို ကူညီဖို့ သဘောတူခဲ့တာ"

"ဒါဆိုရင် လျှန်မိသားစုက လျှန်ဟုန်ကို အရေးမစိုက်ဘူးပေါ့" ဖက်တီးကျူ မေးလိုက်သည်။

"လျှန်မိသားစုက လူလွှတ်ပြီး ငါတို့ကို မသတ်ခိုင်းတာပဲ တော်လှပြီ" ချူချောင်ထန်သည် ခါးသီးစွာ ပြုံး လိုက်သည် "ငါအစတုန်းကတော့ သူ့ကို အလယ်ပိုင်းဒေသကို ခေါ်သွားမလို့ပဲ ဒါပေမဲ့ ငါတို့ အလိုက်ခံနေရတော့ တခြားရွေးစရာမရှိဘူး အဲနေရာအသေးလေးကို ပြေးရတော့တာပဲ"

"ဒါဆိုရင် လျှန်ဟုန်ရှိတာ လျှန်မိသားစုက သိလား" ရှီမာယူရန် မေးလိုက်သည်။

"သိရင်လည်း သိမှာပေါ့ မသိရင်လည်း မသိဘူး" ချူချောင်ထန် ပြောလေသည် "အရင်တုန်းက သူ့ မိသားစုဝင် တစ်ယောက်က ငါတို့နဲ့အတူ ရှိသေးတယ် ဒါပေမဲ့ ပြေးရင်းကွဲသွားတာ၊ သူသာ အသက်ရှင်နေရင် လျှန်မိသားစုကသိမှာပေါ့ သူသာ သေသွားတယ်ဆိုရင်တော့ သူတို့ မသိနိုင်ဘူး"

"အဲတစ်ယောက် အသက်မရှင်ရင်တောင် လျှန်မိသားစုက သိမယ်ထင်တာပဲ" ရှီမာယူယူ ပြောလိုက် သည် "လျှန်မိသားစုက ဖေမိသားစုနဲ့ ရန်ဘက်မလား၊ သူတို့လှုပ်ရှားမှုတွေကို စောင့်ကြည့်နေမှာပဲ၊ အဲနှစ်တွေမှာ ဖေမိသားစုက ခင်ဗျားတို့ကို အသည်းအသန်လိုက်နေတာ လျှန်မိသားစုက မသိစရာအကြောင်းမရှိဘူး၊ သူတို့ ဘာမှမလုပ်ဘူးဆိုတာ မျှော်လင့်ချက်မပေးချင်လို့နေမှာ"

"ဟူး" ချူချောင်ထန်သည် သက်ပြင်းချကာ လျှန်ဟုန်သည် ခေါင်းငုံ့ထားလေသည်။

"ပွင့်ပွင့်လင်းလင်းပြောရရင် သူ့ကို ဘာလို့ လျှန်ဇီဆီ ပို့ချင်တာလဲ" ရှီမာယူယူ မေးလိုက်သည်။

"သူ့အဖေရဲ့ ဆန္ဒပါ" ချူချောင်ထန်သည် လျှန်ဟုန်အား ကြည့်လိုက်သည် "သူ့အဖေ မသေခင်ကို လျှန် မိသားစုက လူတစ်ယောက်မှ မယုံရဘူးလို့ ပြောခဲ့တယ်၊ အဲလိုဆိုရင် ငါတို့ သူ့ညီကို အစိမ်းရောင်ဗိမ္ဗာန်မှာ သွား ရှာရမယ်တဲ့၊ သူက အယုံရဆုံးပဲတဲ့၊ ငါတို့ အစိမ်းရောင်ဗိမ္ဗာန်ရောက်တာနဲ့ ဖေမိသားစုက လျှန်ဟုန်ကို လက်ဖျား နဲ့တောင် မထိတော့ဘူး၊ ဖေမိသားစုက အစိမ်းရောင်ဗိမ္ဗာန်ကို ဘာမှလုပ်ဖို့ကြိုးစားမှာမဟုတ်ဘူး ဒါပေမဲ့ ငါ အဲဒီ တစ်ယောက်နဲ့ တစ်ခါမှ မဆက်သွယ်ဖူးဘူး"

"ဟူး ဒုက္ခတော့ရောက်နေပြီ" ရှီမာယူလီ ပြောလေသည် "ဒီဦးလေးက ဘာသံမှထွက်ခဲ့တာမဟုတ်ဘူး၊ ပြီးတော့ သူက ယုံရတဲ့လူလားဆိုတာ မသေချာသေးဘူး၊ ကျွန်တော်တို့သာ ဒီနေရာကို ဖွတ်ဝင်သွားရင် သေရုံ တင်မကဘူး ဒုက္ခအကြီးအကျယ်ရောက်သွားနိုင်တယ်"

"မဖြစ်နိုင်ဘူးဆိုရင် ငါ သူ့ကို အလယ်ပိုင်းဒေသကိုပဲ ခေါ်သွားမယ်" ချူချောင်ထန် ပြောလိုက်သည် "အလယ်ပိုင်းဒေသမှာဆိုရင် ဖေမိသားစုဝင်တွေက ငါတို့ကို ဘာမှမလုပ်နိုင်ဘူး"

"အရင်ဆုံး အစိမ်းရောင်ဗိတ္တာန်ကို သွားဖို့ နည်းလမ်းအရင်ရှာရမယ်" ရှီမာယူရန် ပြောလေသည် "၁ဂနစ် ဆိုတာ အကြာကြီးပဲ ကျွန်တော်တို့ အပြင်မှာကြာကြာနေရင် အရမ်းအန္တရာယ်များတယ်"

"ဟုတ်တယ်" ဖက်တီးကျူ ပြောလေသည် "ကျွန်တော်တို့ အချိန်ဆွဲလေလေ သူတို့မှီလာနိုင်တဲ့ အခွင့် အရေးများလေပဲ၊ သူတို့ ဒီတစ်ခေါက်လွှတ်လိုက်တဲ့လူတွေက အရင်ကထက် ပိုပြီးလည်း အားကောင်းလာနိုင် တယ်၊ ပြီးတော့ ကျွန်တော်တို့ကလည်း ဒီအချိန်လေးမှာ တိုးတက်အောင်လုပ်နိုင်မှာမဟုတ်ဘူး"

"မဆိုးဘူး ဖက်တီးကျူ မင်းတောင် သုံးသပ်နိုင်နေပြီ" ဝေကျိရှို့သည် ထေ့ငေါ့ပြောလေသည်။

"ဟင် ငါက ဦးနှောက်မရှိတဲ့သူမှ မဟုတ်တာ" ဖက်တီးကျူသည် ဝေကျိရှို့ ပြောသောစကားကို မကျေနပ် ကာ စနောက်လေသည်။ အားလုံးသည် သူတို့အား ရယ်မောကြကာ တင်းမာမှုများ အနည်းငယ်လျော့သွား လေသည်။

"မင်းတို့အားလုံးကို ဒုက္ခပေးမိတာ တောင်းပန်ပါတယ်၊ နောက်ကို အကြွေးပြန်ဆပ်ပါမယ်" လျှန်ဟုန် သည် ရှတ်တရက်ပြောလေသည်။ သူသည် နူးညံ့ကာ ကြင်နာတတ်သည်ကို ရှီမာယူယူသိသည်။ သူ ချူချောင် ထန်နှင့် အတူသွားလာနေသည်မှာလည်း ကောင်းသောအရာဖြစ်သည်။

သူမ ပြုံးပြီး ပြောလိုက်သည် "လျှန်ဟုန် ဘာဝန်ထုတ်ဝန်ပိုးမှ မဖြစ်နဲ့၊ မင်းဆရာက ငါ့တို့ကို ကျေးဇူးရှိ တာ ဒီလောက်ပဲ" လျှန်ဟုန်သည် ရှီမာယူယူအား ကြည့်ရာ သူမသည် သူ့အားနှစ်သိမ့်ရန်ကြိုးစားနေသည်ကို သူ သိသည်။ သူ ဘာမှမပြောပဲ ပြုံးကာ သူမအား ဆပ်ရမည့် ကျေးဇူးသည် ကြီးလာသည်ကို သိလိုက်သည်။

သူတို့ ရက်အနည်းငယ်ပျံရာ ဖေမိသားစုများ လိုက်မလာပေ။ ငှက်လေးနားရန်အတွက် သူတို့သည် မိစ္ဆာ ပျံ လဲလိုက်ကြသည်။ ထိုခရီးစဉ်တွင် သူတို့သည် ကမ္ဘာဦးနယ်မြေ၏ အကန့်အသတ်များကို နားလည်လိုက် ကြ သည်။ သူတို့သည် လအနည်းငယ် ထပ်ပျံသော်လည်း မြို့တစ်မြို့မှ မမြင်ရသေးပေ။ သူတို့ မြင်ရသည်မှာ တောင် တန်းများ၊ လွင်ပြင်ကြီးများနှင့် ရေစီးသန်သော မြစ်များဖြစ်လေသည်။

သူတို့ လမ်းတွင် ရှိနေစဉ်တွင် ဖေစီသည် သူ့လူများခေါ်ကာ တောင်တန်းများဆီသို့ သွားလေသည်။ သူတို့ မိစ္ဆာပျံသည် လင်းယုန်အုပ်၏ ဝန်းရံခြင်းကို ခံလိုက်ရလေသည်။

"မင်းဘယ်သူလဲ"

ဖေစီသည် သူ၏ မိစ္ဆာပျံပေါ်တွင် ရပ်ကာ ဝိုင်းထားသော လင်းယန်များကို တည်ငြိမ်စွာ ကြည့်ကာ ပြော လေသည် "ဖေမိသားစုက ဖေစီက လင်းယုန်ဘုရင်ကြီးနဲ့ တွေ့ဖို့ တောင်းဆိုချင်လို့ပါ၊ သူ့ကို သတင်းပို့စရာ ရှိလို့ ပါ"

"ဖေမိသားစုကလား" ဖြူဆွတ်နေသော ငှက်မွေးရှိသော လင်းယုန်သည် ဖေစီအား စူးရှစွာ ကြည့်လိုက်လေသည်။ သူ့အကြည့်အား မရှောင်သည်ကို တွေ့သည်နှင့် သူ သူ့အနောက်က ရှိသော လင်းယုန်ဘက်လှည့်ကာ ပြောလိုက်သည် "ဘုရင်ကြီးကို သတင်းပို့လိုက်"

"ဟုတ်ကဲ့ပါ" ထိုလင်းယုန်ငှက်သည် အတောင်ပံခတ်ကာ ပျံသွားပြီး ခဏအကြာတွင် ပြန်လာပြီး ပြောလေသည် "ဘုရင်ကြီးက သူ့ကို ခေါ်ခဲ့ပါတဲ့"

"သူ့ကို ခေါ်သွားလိုက်" အဖြူရောင် လင်းယုန် အမိန့်ပေးလိုက်သည်။ ဒဂကောင်သော လင်းယုန်ငှက်များ သည် ဖေစီအား ဝိုင်းကာ တောင်ကြားသို့ ခေါ်သွားလေသည်။ဖေစီသည် လင်းယုန်ငှက် နယ်မြေသို့ ရောက်သည်ကို သတိထားမိရာ တောင်တိုင်းတွင် လင်းယုန်ငှက်များပြားစွာ ရှိနေသည်ကို တွေ့ လိုက်ရလေသည်။ သိမ်းငှက်ငယ် များ သည် တင်းကျပ်စွာ လေ့ကျင့်နေကြသည်။

သူတို့ တောင်တန်းအတွင်းသို့ ဝင်ပြီးမကြာမီတွင် ပျံသန်းခွင့်မရှိတော့ပေ။ ထို့ကြောင့် ဆင်းသက်ကာ ဖေစီသည် စာချုပ်မိစ္ဆာအား သိမ်းလိုက်ပြီး လင်းယုန်များနောက်လိုက်ကာ အမြင့်ဆုံးတောင် ကမ်းပါးသို့ လာလိုက်သည်။ ၂နာရီကြာသောအခါ သူတို့သည် တောင်ထိပ်သို့ ရောက်လေသည်။ တောင်ထိပ်တွင် တောင်သေးတစ်လုံး အရွယ်အစားရှိသော လင်းယုန်ဘုရင်သည် နေဝင်သည်ကို ကြည့်နေလေသည်။

ခဏကြာမှပင် လင်းယုန်ဘုရင်သည် လှည့်ပြီး မေးလေသည် "မင်းက ဖေစီလား"

ဖေစီသည် ရိုးရှင်းစွာ အရိုအသေပေးပြီး တွေဝေခြင်းမရှိပြောလေသည် "ဖေမိသားစုက ဖေစီက လင်းယုန်ဘုရင်ကြီးကို နှုတ်ဆက်ပါတယ်"

"ငါတို့ လင်းယုန်မျိုးနွယ်က လူသားတွေနဲ့ ပတ်သတ်ဖို့ စိတ်ကူးမရှိဘူး၊ ဘာကိစ္စရှိလို့ ငါတို့ကို ရှာတာလဲ" လင်းယုန်ရင်သည် သူ့အား မကြောက်သော ဖေစီအား ဂုဏ်ကျက်သရေကို ပြကာ ပြောလေသည်။

ဖေစီပြုံးပြီး ပြောလိုက်သည် "ကျွန်တော် ဒီနေ့လာတာက လင်းယုန်ရင်ကို ပူးပေါင်းဖို့ လာကမ်းလှမ်းတာပါ"

"ပူးပေါင်းမယ်ဟုတ်လား၊ ငါတို့မှာ ပူးပေါင်းစရာ အကြောင်းမရှိဘူး မင်းတို့ လူသားတွေက ငါတို့နဲ့ မတူဘူး၊ ငါတို့ အတူတူ အလုပ်လုပ်စရာဘာမှမရှိဘူး" လင်းယုန်ဘုရင် ပြောလေသည် "အဲ့ဒါ ပြောဖို့ လာတယ်ဆိုရင်တော့ အခုပဲ ပြန်လိုက်ပါ၊ မင်းက ဖေမိသားစုဝင်ဖြစ်နေတော့ မင်းကို အပြစ်ပေးလို့ ပြဿနာမဖြစ်ချင်ဘူး" ထိုစကားပြောပြီးသည်နှင့် ငှက်နှစ်ကောင်သည် သူ့အားခေါ်သွားရန် ပြင်လေသည်။

"ကျွန်တော့်ကို မြန်မြန်နှင်မထုတ်ပါနဲ့ လင်းယုန်ဘုရင်" ဖေစီသည် ယုံကြည်ချက်အပြည့်ဖြင့် ပြောလေသည် "ဘုရင်ကြီးက ကျွန်တော့် ကမ်းလှမ်းချက်ကို နားမထောင်ရသေးဘူးလေ၊ ပြီးတာနဲ့ ကျွန်တော်တို့နဲ့ အတူတူ အလုပ်လုပ်ဖို့ စိတ်ဝင်စားသွားမှာပါ"

လင်းယုန်ရင်သည် ဖေစီအား ကြည့်ပြီးခဏအကြာတွင် ပြောလိုက်သည် "ဒါဆိုရင် ပြောမယ့်ဟာ ပြောကြည့်လေ"

"အရင် ဂဠုန်ဘုရင်က အခုဘယ်ရောက်သွားပြီး ဘာဖြစ်နေလဲသိလား" ဖေစီသည် လင်းယုန် ဘုရင်အား ကြည့်ကာ ပြုံးလေသည်။ လင်းယုန်ဘုရင် အမူအရာပြောင်းသွားသည်ကို ကြည့်ပြီး သူကျေနပ်စွာ ပြုံးလိုက်လေသည်။

**အခန်း (၆)**

**အပိုင်း (၄၅၄) – အတူပူးပေါင်းခြင်း**

လင်းယုန်ဘုရင်သည် ဖေစီအား စူးရှသော မျက်လုံးများဖြင့် ကြည့်လိုက်သည်။ သူ လိမ်နေခြင်း ဟုတ်မဟုတ်ကို သူ ကြည့်ချင်သည်။

"အဲတော့ ဂဠုန်ဘုရင် ပေါ်လာပြီတော့... မင်းအဲအကြောင်းကို ဘယ်လိုသိလဲ"

"ကျွန်တော့် မျက်စိနဲ့ တပ်အပ်မြင်ခဲ့တာ" ဖေစီ ပြန်ဖြေလေသည် "အဲ့ဖွယ်ငှက်က ပျောက်သွားတာ နှစ်ပေါင်းသန်းချီနေပြီ၊ အတောင်ပံလေးခု ဂဠုန်ငှက်သာ ဂဠုန်မဟာသွေးသားမှာ နိုးထလာရင် တစ်နေ့မှာ သူတို့က မြင့်မြတ်တဲ့ဂဠုန်ဖြစ်လာပြီး ဂဠုန်တွေအားလုံးရဲ့ ဘုရင်ဖြစ်လာမယ် ကျွန်တော် ပြောတာဟုတ်လား"

"ဒါပေမဲ့ တောင်ပံလေးခုဂဠုန်ငှက်က အမြဲတမ်း ဂဠုန်တွေရဲ့ မဟာသွေးပါတယ်၊ သွေးသား လက္ခဏာ ပေါ်တဲ့ အကောင်တွေတောင်ရှိတယ်၊ ဒါပေမဲ့ အောင်အောင်မြင်မြင်နဲ့ မနိုးထနိုင်ဘူး အဲဒါကြောင့် မြင့်မြတ်တဲ့ ဂဠုန်က အင်အားကြီးလာမယ်၊ မြင့်မြတ်တဲ့ဂဠုန်က ပေါ်မလာတာ နှစ်ပေါင်း ၁၁ဂဂ ရှိပြီ" လင်းယုန်ဘုရင် ပြောလေသည် "မင်းပြောတဲ့အဆိုအရ ဂဠုန်ဘုရင် ပေါ်လာတယ်ပေါ့"

"ကျွန်တော့် မျက်စိနဲ့ မြင်ခဲ့တာ" ဖေစီ ပြောလေသည်။

"မဖြစ်နိုင်ဘူး" လင်းယုန်တစ်ကောင်သည် တောင်ထပ်တွင် ဆင်းသက်လိုက်သည်။ သူသည် ပြတ်သားစွာ ပြောလေသည် "ငါတို့ ဒီနှစ်တွေမှာ အတောင်ပံလေးခုငှက်တွေကို စောင့်ကြည့်နေခဲ့တာ ဂဠုန်မဟာသွေးက လုံးဝ ပေါ်မလာခဲ့ဘူး"

သူတို့သည် ပေါ်မလာခင်တွင်ပင် သုတ်သင်ခဲ့သည်။ ဘယ်လိုလုပ်ရှိနေသေးတာလဲ။

ဖေစီသည် ထိုလင်းယုန်သည် ဆင်းသက်လိုက်သည်နှင့် လင်းယုန်ဘုရင်အား အရိုအသေပေးသည်ကို မြင်လိုက်သည်။ ထိုသည်မှာ လင်းယုန်ဘုရင်၏ရာထူးသည်လင်းယုန်က်မျိုးနွယ်တွင် မြင့်သည်ကို ဖော်ပြနေသည်။

လင်းယုန်သည် အရိုအသေပေးပြီးနောက် ဖေစီအား စိုက်ကြည့်ကာ ကြိမ်းမောင်းလေသည် "မင်းလို လူသားတစ်ယောက်က လင်းယုန်မျိုးနွယ်ကိုလာပြီး အဓိပ္ပာယ်မရှိတာတွေပြောပြီး ပြဿနာလာရှာရဲတယ်"

"တောင်ပံလေးခုဂဠုန်ငှက်ကို ထိန်းချုပ်နိုင်မယ်လို့ ခင်ဗျားပြောရဲလား" ဖေစီသည် မကြောက်ပဲ ဆက်ပြောလေသည် "ခင်ဗျား မသိဘူးလား တောင်ပံလေးခုဂဠုန်ငှက်တွေက မဟာသွေးပါတဲ့ ငှက်တွေက အကြောင်းအမျိုးမျိုးနဲ့ သေသွားတာကို သိကြတယ်၊ အဲဒါ ခင်ဗျားတို့ လုပ်တာမဟုတ်ရင် တခြားမျိုးနွယ်တွေလုပ်တယ်ဆိုတာ သိကြတယ်၊ အဲဒါနဲ့ သူတို့မျိုးနွယ်မှာ သွေးသားလက္ခဏာပေါ်လာတာနဲ့ အနိမ့်တိုင်းပြည်ကို ပို့လိုက်ကြတာ"

"မင်း အတောင်ပံလေးခု ဂဠုန်အကြောင်းကို ဘယ်ကသိလာတာလဲ" လင်းယုန်ဘုရင် မေးလေသည်။

"အစတုန်းကတော့ သူတို့အတောင်ပံလေးခု ဂဠုန်ဘုရင်ပေါ်လာပြီဆိုတာ ဂဠုန်မျိုးနွယ်ကို ပြောမလို့ပဲ ကျွန်တော်တို့ အထောက်တော်ဆီက သတင်းရခဲ့တယ်၊ သူ့ကို ဘယ်တိုင်းပြည်ကို ပို့လိုက်လဲတော့ မသိဘူး၊ ဒါပေမဲ့ အခုပြန်လာပြီ၊ သူက အထွတ်အထိပ်အဆင့်တက်သွားပြီး ဂဠုန်မဟာသွေးသားလည်း နိုးလာပြီ၊ သူက မြင့်မြတ်တဲ့ ဂဠုန် အကျင့်စရိုက်တွေပါ ပေါ်နေပြီ" ဖေစီ ပြောလိုက်သည်။

"မင်းမှာ သက်သေရှိလား"

"ရှိတာပေါ့ မဟုတ်ရင် ကျွန်တော် ဘယ်လိုလုပ် လင်းယန်မျိုးနွယ်ကို လာရဲပါ့မလဲ၊ ခင်ဗျားတို့မှာလည်း အတောင်ပံလေးခုဂဠုန်ကို စောင့်ကြည့်နေတဲ့သူတွေ ရှိတယ်မလား၊ သူတို့ဘက်မှာ လှုပ်ရှားမှုကို မတွေ့ဘူးလား" ဖေစီသည် ညင်သာစွာ ပြောပြီး လင်းယုန်ဘုရင်အား အယုံသွင်းလေသည်။

လင်းယုန်ဘုရင်သည် စောနက ဆင်းသက်လာသော လင်းယုန်အား ကြည့်ပြီး မေးလိုက်သည် "လင်းယုန်တုန် အတောင်ပံလေးခုဂဠုန်ဘက်မှာ ဘာထူးခြားမှုရှိလဲ"

"ဒီလအတွက် သတင်းမရောက်သေးပါဘူး" လင်းယုန်သည် ပြန်ပြောလေသည် "ဒီနေ့ သတင်းရောက်ရမယ့်နေ့ပါ"

"ဒါဆို စောင့်ကြတာပေါ့" လင်းယုန်ဘုရင် ပြောလိုက်သည် "မင်းပြောတာမှန်တယ်ဆိုရင် အတူတူ အလုပ်လုပ်ဖို့ ဖြစ်နိုင်ပါတယ်၊ မင်း ငါတို့ကို လိမ်ရဲရင်တော့ ဒီလင်းယုန်နယ်မြေကနေ အသက်ရှင်လျက် ထွက်သွားဖို့ မမျှော်လင့်နဲ့၊ မင်းတို့ ဖေမျိုးနွယ်က မျိုးနွယ်ကြီးဖြစ်ပေမယ့် ငါတို့ လင်းယုန်နည်းနည်းလောက်နဲ့ ရှင်းလို့ရတယ်"

"ကျွန်တော်တို့ သတင်းရတာနဲ့ ကျွန်တော်ပြောတာ အမှန်တွေဆိုတာ ဘုရင်ကြီးသိလာမှာပါ" ဖေစီသည် ပြောပြီးနောက်တွင် အားလုံး နားနေကာ သတင်းစောင့်ကြလေသည်။

ညမှောင်လာသောအခါ သတင်းရောက်လာသည်။ အတောင်ပံလေးခုဂဠုန်ငှက် မျိုးနွယ်မှ အကြီးအကဲများသည် တံခါးပိတ်ကျင့်ကြံနေရာ တစ်ကောင်ချင်းစီ ထွက်လာကြသည်။ ထို့အပြင် အကြောင်းအရင်း မသိရပဲ သူတို့၏ ပျော်ရွှင်မှုသည် ဒေါသအဖြစ်ပြောင်းကာ လူသတ်မည့်ပုံအတိုင်း မျိုးနွယ်မြေမှ ထွက်သွားကြလေသည်။ ထိုအကြီးအကဲများသည် မျိုးနွယ်မြေမှ မထွက်သည်မှာ နှစ်ပေါင်းရာချီပြီဖြစ်သည်။ အခု သူတို့ ထွက်သွားသည်မှာ အလွန်အရေးကြီးသော ကိစ္စဖြစ်သောကြောင့်ပင်ဖြစ်သည်။

လင်းယန်ဘုရင်သည် သတင်းကြားပြီးနောက် သူ့ရောင်ဝါများသည် ချက်ချင်းပင် ရှုပ်ကုန်လေသည်။ ပတ်ဝန်းကျင်တွင် ရှုပ်ကုန်သဖြင့် လေပြင်းများတိုက်လာသည်။ ထိုလေသည် ဖေစီနှင့် တခြားသူများကို လွင့်သွားမတတ်ပင်ဖြစ်သည်။

"ဘုရင်ကြီး အခုအရေးအကြီးဆုံးက ဒေါသထွက်ဖို့မဟုတ်ပါဘူး၊ သူ လုံးဝပြောင်းသွားတာ ဟုတ်မဟုတ်ကို အတည်ပြုဖို့လိုပါတယ်၊ မျိုးနွယ်တစ်သောင်းရဲ့ အသိအမှတ်ပြုတာ မရခင်ကို သတ်ပစ်သင့်ပါတယ်" လင်းယုန် တုန်သည် ကျယ်လောင်စွာ အော်လိုက်လေသည်။

လင်းယုန်ဘုရင်၏ ဒေါသသည် ဖြေးညင်းစွာ ငြိမ်ကျသွားကာ လေပြင်းများလည်း ပျောက်သွားလေသည်။ သို့သော် သူ့ရောင်ဝါမှာ ရှုပ်ထွေးဆဲပင်။

"အကြီးအဲတွေခေါ်ပြီး ဆွေးနွေးမယ်" လင်းယုန်ဘုရင် အမိန့်ပေးလိုက်သည် "ပြီးတော့ အဖွဲ့ခေါင်းဆောင်တွေ ပြန်လာဖို့ ခေါ်လိုက် ဆွေးနွေးစရာများတယ်"

"ဟုတ်ကဲ့ပါ ဘုရင်ကြီး"

လင်းယုန်နှစ်ကောင်သည် အမိန့်လက်ခံပြီးနောက် ထွက်သွားလေသည်။

လင်းယုန်ဘုရင်သည် ဖေစီအားကြည့်ပြီး ပြောလေသည် "အခု ငါတို့ပူးပေါင်းဖို့ကို ဆွေးနွေးကြမလား"

"ကောင်းပါပြီ…"

ရှီမာယူယူနှင့် တခြားသူများသည် သုံးလအကြာပျံသန်းပြီးနောက်တွင် မြို့တစ်မြို့ကိုမြင်ရလေသည်။ အချိန်အတော်ကြာ ညှိနှိုင်းပြီးနောက်တွင် ရှီမာယူယူသည် ချူချောင်ထန်နှင့် တခြားသူများကို မြို့တွင်စောင့်ကာ ပုန်းခိုင်းလိုက်သည်။ ထို့နောက်တွင် သူမသည် မြို့အတွင်းဝင်ကာ တခြားနေရာ၏ နယ်နိမိတ်ရနိုင်ပြီး ဖြတ်လမ်းတည်ဆောက်မှု အသုံးပြုနိုင်မည်လားကို ကြည့်သည်။

သူမသာ တခြားနေရာများ၏ နယ်နိမိတ်ကို ရပါက သူမသည် ဖြတ်လမ်းတည်ဆောက်မှုကို တည်ဆောက်နိုင်မည်။ သူမ ဆောက်နိုင်ပါက သူတို့ ပျံသန်းစရာမလိုတော့ပေ။

သူတို့တွင် ချူချောင်ထန်တို့ ရှိမနေပါက သူမသည် အားလုံးကို ဝိဉာဉ်စေတီအတွင်းထည့်ထားပြီး လူလျော့ချမည်ဖြစ်သည်။ ဒီလိုပုံစံနှင့်ဆိုလျှင် မစ်ရှင်အောင်နိုင်ချေနည်းသည်။ သို့သော် အခုတော့ သူမသည် သူတို့အားလုံးကို မြို့ပြင်တွင်စောင့်ခိုင်းထားသည်။

ရှီမာယူယူသည် ဟိန်းသံထောင်ချီကို ခေါ်ထုတ်ကာ ရောစပ်လိုက်သည်။ သူမ ခန္ဓာကိုယ် ပြောင်းလဲသွားသောအခါ လုံးဝသူစိမ်းတစ်ယောက် ဖြစ်သွားလေသည်။ ထို့နောက်တွင် သူမသည် မြို့ထဲတွင် လျှောက်ကြည့်လေသည်။

သူမ မြို့အတွင်းမဝင်ခင်က မြို့တံတိုင်းအဝင်ဝတွင် ချူချောင်ထန်နှင့် လျှန်ဟုန်တို့၏ ပုံတူများနှင့် သတိပေးစာများကပ်ထားလေသည်။ တခြားသူများ၏ ပုံတူများလည်းရှိလေသည်။ လျှန်ဟုန်၏ အခြေအနေကို တော့ အကြောင်းအရာများ မပါပေ။ ထိုလူများကို ဖေမျိုးနွယ်၏ ညွှန်ကြားချက်အရ လိုက်သတ်နိုင်ပါက ဖေမျိုးနွယ်သည် အကျိုးအမြတ်ကောင်းကောင်းပေးမည်ဟု ကြေညာထားသည်။

ရှီမာယူယူ ဝမ်းအနည်းဆုံးမှာ လျှန်ဟုန်သည် ဆုကြေးငွေအမြင့်ဆုံးဖြစ်သည်။ ဒုတိယအမြင့်ဆုံးမှာ ချူချောင်ထန်မဟုတ်ပဲ သူမ ဖြစ်နေလေသည်။

သူမအတွက် ဆုကြေးငွေသည် ချူချောင်ထန်ထက်ပင် မြင့်နေသေးသည်။

ဒါ ဘာအခြေအနေကြီးလဲ။

"ငါ ဖေမျိုးနွယ်ကလူကိုတွေ့ရင်မေးရမယ် ငါက ဘာလို့ ဒုတိယကြေးအမြင့်ဆုံးဖြစ်နေတာလဲလို့ ငါက သူတို့နဲ့ ဘာကိစ္စရှိလို့လဲ" သူမသည် မေးစေ့အားကိုင်ကာ စဉ်းစားလေသည်။

ထိုအကြောင်းကိုသာ ဖေမျိုးနွယ်များကြားသောအခါ ဆွံ့အသွားနိုင်သည်။ သူမသည် ဦးဆောင်ကာ သူတို့လူများကို သတ်ခဲ့သည်။ ပြီးတော့ သူတို့နဲ့ ဘာကိစ္စရှိလဲလို့ မေးရဲသေးတယ်၊ ဘယ်လောက်တောင် အရှက်မရှိလိုက်လဲ။

သူမ မြို့အတွင်းမဝင်ခင်တွင် သတင်းများကို ဖတ်လိုက်လေသည်။ သူမ မြို့အတွင်းဝင်သောအခါ အားလုံးသည် ပုံတူနှင့် သူမကို ယှဉ်ကြည့်ကြလေသည်။

အစပိုင်းတွင် ဒီလိုအားနည်းသောမြို့သည် ဘယ်လိုထိန်းချုပ်သည်ကို ချူချောင်ထန်ကို သူမ မေးခဲ့သည်။ ဖြတ်လမ်းတည်ဆောက်မှုကို မြို့အုပ်များက ထိန်းချုပ်ထားပြီး မြို့အုပ်များသည် လူစုမတူသော နေရာများမှလာကြသည်။ ဖြတ်လမ်းတည်ဆောက်မှုသည် သူတို့၏ ထိန်းချုပ်မှုအောက်တွင် ရှိသည်။

မြို့အတွင်းဝင်ပြီးနောက် သူမသည် လူတစ်ယောက်အား မြို့အုပ်၏ အိမ်တော်နေရာအား မေးလိုက်သည်။ ထို့နောက်တွင် သူမသည် ထိုလူလမ်းညွှန်လိုက်သော လမ်းအတိုင်းလာရာ မြို့အုပ်၏ အိမ်တော်သို့ ရောက်လေသည်။ ဒီကဖြတ်လမ်းတည်ဆောက်မှုသည် ခရီးသွားရန်မသင့်တော်ပေ။

ထို့အပြင် ဖြတ်လမ်းတည်ဆောက်မှုနေရာတွင် ဖေမျိုးနွယ် ဝတ်စုံဝတ်ထားကြသော လူအများအပြား ရှိလေသည်။ ထိုလူများသည် ဖြတ်လမ်းတည်ဆောက်မှု အသုံးပြုသော လူတိုင်းကို သေချာစွာ ကြည့်ကြလေသည်။

**အခန်း (၇)**

**အပိုင်း (၄၅၅) – ငှက်လေး၏ မိခင်**

ရှီမာယူယူ သေချာစွာ ကြည့်ရှုရာ ထိုလူများသည် ဖေမျိုးနွယ်များမှ စေ့စေ့စပ်စပ် စစ်ဆေးပြီးမှသာ ဖြတ်လမ်းတည်ဆောက်မှုကို အသုံးပြုရလေသည်။ လူတစ်ယောက် အနီးကပ်ရောက်လာပါက သူတို့သည် ထိုလူအား ဖမ်းပြီး မေးမြန်းစစ်ဆေးလေသည်။

ထိုအဖြစ်အပျက်ကိုကြည့်ပြီး သူမသည် ဖြတ်လမ်းတည်ဆောက်မှု၏ ဦးတည်ရာနေရာများ ရရန်မလွယ်ပေ။ ချူချောင်ထန်နှင့် တခြားသူများလည်း ဖြတ်လမ်းတည်ဆောက်မှုကို အသုံးပြုရန် မဖြစ်နိုင်ပေ။

"ဟေး မင်း ဖြတ်လမ်းတည်ဆောက်မှုကို သုံးချင်လို့လား" အဝင်ဝမှ အစောင့်သည် ရှီမာယူယူအား မြင်သွားပြီး မေးလေသည်။

"မဟုတ်ဘူး ငါ လူတစ်ယောက်ကိုလာရှာတာ ဒါပေမဲ့ သူ့ကို မတွေ့ဘူးပဲ၊ သူဒီကို မလာဘူးထင်တယ်၊ တခြားနေရာမှာ သွားရှာကြည့်လိုက်မယ်" ရှီမာယူယူသည် ပြောပြီးနောက် လှည့်ထွက်ကာ ထွက်သွားလေသည်။

သူမသည် မြို့အုပ်အိမ်တော်မှ ထွက်သွားကာ မြို့အတွင်း လျှောက်ကြည့်လေသည်။ သူမသည် ထွက်မသွားခင်ကို တချို့အရာများကို မှတ်သားထားလေသည်။ သူမသည် လာရာလမ်းအတိုင်း ပျံသွားလေသည်။

"တစ်ခုခုတော့မှားနေပြီ" သူမ ဂူအတွင်းဝင်သည်နှင့် ငှက်လေးကို ခေါ်ကာ ပတ်ဝန်းကျင်အား သေချာစွာ စစ်ဆေးလေသည်။

"သခင် ငါ ရင်းနှီးတဲ့အနံ့တစ်ခုရနေတယ်" ငှက်လေး ပြောလေသည်။

"ရင်းနှီးနေတဲ့အနံ့ဟုတ်လား ဖယ်" ရှီမာယူယူသည် ဘာမှမပြောပဲ ကျယ်လောင်စွာ အော်လိုက်လေသည်။

ငှက်လေးသည် သူမ အတွေးနှင့် ချိတ်ဆက်လိုက်ရာ သူမ စဉ်းစားလိုက်သည်နှင့် သူမသည် ချက်ချင်းခေါ်သွားပြီး ရှောင်လိုက်လေသည်။

ရောင်ခြည်တန်းတစ်ခုသည် ဂူအတွင်းပစ်လွှတ်လိုက်ပြီး ရှီမာယူယူ၏ ခေါင်းပေါ်တွင် ပျံတက်သွားလေသည်။

"သခင် အဆင်ပြေရဲ့လား" ငှက်လေး မေးလိုက်သည်။

"ရတယ်" ရှီမာယူယူသည် ငှက်လေးအား ခေါင်းညိမ့်ပြပြီး အောက်ကို ငုံ့ကြည့်လိုက်သည်။ သူမသည် တခြားသူများကို အနည်းငယ်စိုးရိမ်သွားသည်။

"ရှီး ရှီး"

ကြီးမားသောငှက်များ အကောင် တစ်ရာကျော်လောက်သည် တောထဲမှ ရုတ်တရက် ပျံထွက်လာလေသည်။ အနီးကပ်ကြည့်လိုက်ရာ ထိုငှက်များသည် အတောင်ပံလေးခု ဂဠုန်ငှက်များဖြစ်လေသည်။

"အဲတော့ ငါတို့ရတဲ့သတင်းက အမှန်ပဲ ရက်စက်လိုက်တဲ့လူသား မင်းက ငါတို့မျိုးနွယ် ဘုရင်ကို မိစ္ဆာပျံ လုပ်ရဲတယ်" အကြီးအကဲအသံသည် အထဲမှ ထွက်လာလေသည်။

ရှီမာယူယူနှင့် ငှက်လေးသည် အတောင်ပံလေးခု ဂဠုန်ငှက်များကို ဖြူဖျော့သော မျက်နှာဖြင့် ကြည့်နေလေသည်။

"မင်းတို့က ဘယ်သူတွေလဲ"

"ဟင် ငါတို့က တောင်ပံလေးခုဂဠုန်မျိုးနွယ်ပဲ၊ မင်းက ငါတို့ရဲ့ အနာဂတ်ဘုရင်ကို မိစ္ဆာပျံအဖြစ် သုံးရဲတာပဲ၊ ဘယ်လောက်တောင် လုပ်ရဲတာလဲ" အကြီးအကဲသည် ဒေါသတကြီးဖြင့် အော်လေသည် "အားလုံးပဲ သူ့ကိုဖမ်းလိုက်ကြ ငါတို့ဘုရင် မထိခိုက်အောင် ဂရုစိုက်"

"ဟုတ်ကဲ့ပါ အကြီးအကဲ" တောင်ပံလေးခုဂဠုန်များသည် သူ့အား ဝိုင်းလိုက်ကာ ရှီမာယူယူအား ကြောက်မက်ဖွယ် မျက်လုံးများဖြင့် ကြည့်လေသည်။

"ငါ့သခင်ကို ဘယ်သူထိရဲလဲ" ငှက်လေးသည် အော်ကာ ရှီမာယူယူကို ဝိုင်းထားရာမှ ခေါ်ထုတ်လေသည်။ သူ ပျံသန်းသည်နှင့် တောင်ပံလေးခုဂဠုန်ငှက်များကိုပင် တိုက်ခိုက်လေသည်။

တောင်ပံလေးခုငှက်များသည် သူ့အားပြန်မတိုက်ရဲသဖြင့် ခုခံရုံသာ ခုခံကြလေသည်။ တချို့သော ဂဠုန်ငှက်များသည် ငှက်လေး၏ တိုက်ခိုက်မှုကြောင့် ငှက်မွေးများ ကျွတ်ကုန်လေသည်။

အကြီးအကဲသည် တောင်ပံလေးခုဂဠုန်ငှက်ဖြစ်သော ငှက်လေးသည် ရှီမာယူယူအား ကူညီသည်ကို တွေ့သောအခါ ရင်နာစွာဖြင့် အော်လေသည် "ဘုရင်ကြီး ဘာလို့အပြင်လူကို ကူညီပေးနေရတာလဲ၊ ကျွန်တော်တို့ကသာ ဘုရင်ရဲ့ တကယ့်မျိုးနွယ်ပါ"

"ငါမင်းကို မသိဘူး၊ ငါသိတာက ယူယူက ငါ့သခင်ပဲ သူမကို ထိခိုက်အောင် လုပ်တဲ့ ဘယ်သူကိုမဆို ငါ ဒေါသနဲ့ ရင်ဆိုင်ရမှာပဲ" ငှက်လေး ပြန်ဖြေလေသည်။

"မင်း... မင်းရဲ့ သရုပ်မှန်ကိုရောသိရဲ့လား" အကြီးအကဲ ဟိန်းဟောက်လေသည်။

"သိတာပေါ့ ငါက သခင်ရဲ့ စာချုပ်မိစ္ဆာပဲ" ငှက်လေး ပြောလေသည်။

အကြီးအကဲသည် မူးလဲတော့မလိုဖြစ်ကာ အော်မိလေသည် "မဟုတ်ဘူး မင်းက ငါတို့မျိုးနွယ်ရဲ့ ဘုရင်ပဲ ဘယ်လိုလုပ် လူသားရဲ့ စာချုပ်မိစ္ဆာဖြစ်ရမှာလဲ"

"အကြီးအကဲ ဒေါသမထွက်ပါနဲ့ ဘုရင်ကြီးက သူ့ရဲ့ အရင်သရုပ်မှန်ကို မသိတာလည်းဖြစ်နိုင်ပါတယ် ပြီးတော့ သူ့ကို တိုင်းပြည်အနိမ့်ကို ပို့လိုက်တုန်းက သူက ဥပဲရှိသေးတာလေ" ဂဠုန်တစ်ကောင်သည် ရှေ့တိုးကာ အကြံပေးလေသည်။ ထိုအသံသည် မိန်းကလေးတစ်ယောက်၏ အသံနှင့် တူကာ "ဘုရင်ကြီးကို ပြောကြည့်ရအောင်၊ သူနားလည်သွားမှာပါ သူ့ကို ကျွန်မ စကားပြောကြည့်ပါမယ်"

"ဟင် မင်းမွေးတဲ့သား ဘယ်လောက်တော်လဲလို့" အကြီးအကဲသည် ဒေါသထွက်သော်လည်း သူ့လူများကို နောက်ဆုတ်ခိုင်းလေသည်။

ထိုငှက်သည် သူမ အတောင်ပံများကို ခတ်ကာ ပျံလာသည်။ သူမသည် ငှက်လေးအား ကြင်နာစွာ ကြည့်ကာ ပြောလေသည် "ကလေး မကြောက်ပါနဲ့ ငါက မင်းအမေပါ မင်း ငါတို့ကြားက သွေးသားကို အာရုံခံမိသင့်တယ်"

ငှက်လေးသည် ထိုဂဠုန်ငှက်အမကို တွေ့လေသည်။ သူသည် သံသယဝင်နေသော်လည်း အမှန်တကယ်ပင် မတူညီမှုကို ခံစားရသည်။

မိစ္ဆာမျိုးနွယ်များသည် သွေးသားကို ပို၍ အာရုံခံနိုင်ကြောင်းကို သူ သိသည်။

"ခင်ဗျားက အမေလား" ငှက်လေးသည် ထိုဂဠုန်ငှက်အမကို ကြည့်ကာ အနည်းငယ် လှုပ်ရှားလေသည်။ ဆိုတော့ သူမက သူ့အမေ။ သူ့မှာ မျိုးနွယ်ရှိတယ်။

"ဟုတ်တယ် မင်းက ငါ့ကလေးပဲ" ထိုဂဠုန်ငှက်အမ၏ မျက်လုံးများတွင် မျက်ရည်များ ဝိုင်းလာသည်။ သူမသည် အမေဆိုသည့် ဝေါဟာရကို မကြားရသည်မှာ နှစ်ပေါင်းရာချီပြီဖြစ်သည်။

ရှီမာယူယူသည် ငှက်လေး၏ ကျောကိုပုတ်ကာ မြေပေါ် ဆင်းရန် အချက်ပေးလိုက်သည်။

ငှက်လေးသည် ရှီမာယူယူဆိုလိုသည်ကို နားလည်သဖြင့် သူမကို တောင်ထိပ်သို့ ခေါ်သွားလေသည်။ သူမ ဆင်းသွားသည်နှင့် သူသည် သူမဘေးသွားရပ်လိုက်သည်။

ထိုငှက်အမသည် သူတို့နောက်လိုက်ကာ ဆင်းသက်လေသည်။ သူမသည် ငှက်လေးအား ကြည့်ကာ ရှေ့တိုးပြီး ငှက်လေးအား နစ်ကြိမ်မျှ နှုတ်သီးဖြင့် ညင်သာစွာ ဆိတ်ထိုးလေသည်။ သူမ မျက်လုံးများသည် ကြင်နာမှုများ ပြည့်လာသည်။

"ကလေး သား နောက်ဆုံးတော့ ပြန်လာပြီပေါ့" ဂဠုန်ငှက်အမသည် သူမအတောင်ပံများဖြင့် ငှက်လေးအားဖက်လိုက်သည်။ သူမသည် အလွန်ဝမ်းမြောက်နေလေသည်။

"အမေ ဒီကမ္ဘာမှာ ဘာတွေဖြစ်နေတာလဲ" ငှက်လေးသည် ကောင်းကင်မှ ဂဠုန်ငှက်များကို ကြည့်လိုက်သည်။ သူတို့ထဲမှ အားအနည်းဆုံးမှာ အထွတ်အထိပ်မိစ္ဆာများဖြစ်ကြသည်။ သူတို့သာ ရှီမာယူယူကို လိုချင်လျှင် တိုက်ခိုက်ရမည့် အခွင့်အရေးတစ်ခုသာရှိသည်။

ငှက်အမသည် ငှက်လေးအား ကြည့်ပြီး ရှီမာယူယူအား ပြန်ကြည့်ကာ ပြောလေသည် "ငါက ငှက်လေးရဲ့ အမေပဲ မျိုးနွယ်ကတော့ ငါ့ကို ဂဠုန်ကိုးလို့ခေါ်တယ်"

"မင်္ဂလာပါ" ရှီမာယူယူသည် ငွေနှန်ကိုးကို မည်ကဲ့သို့ ခေါ်ရမည်ကို မသိတော့ပေ။ ဝါအရဆိုလျှင် သူမသည် သူမအား အဒေါ်ဟုခေါ်ရမည်ဖြစ်သော်လည်း ငှက်တစ်ကောင်ကို မည်ကဲ့သို့ အမည်တပ်ရတော့ မည် မသိတော့ပေ။

ငွေနှန်ကိုးသည် ရှီမာယူယူ တိတ်သွားသည်ကို မြင်သောအခါ လျှပ်တပြက်အတွင်းတွင် လှပသော အမျိုးသမီးကြီးတစ်ယောက်အသွင် ပြောင်းသွားလေသည်။ သူမသည် ရှည်လျားသော ငှက်မွေးဂါဝန်ကို ဝတ် ဆင်ထားသည်။

သူ့အမေ ပြောင်းလဲသွားသည်ကို ကြည့်ပြီး ငှက်လေးသည်လည်း သူတို့နှင့်အရပ်ညီမျှအောင် အရွယ် အစားသေးလိုက်လေသည်။

"အမေ သူတို့က ဘာလို့ ကျွန်တော့်ကို ဘုရင်ကြီးလို့ခေါ်တာလဲ" ငှက်လေး မေးလေသည်။

ငွေနှန်ကိုးသည် လက်ဆန့်ထုတ်ကာ ငှက်လေး၏ ခေါင်းကို ပုတ်လိုက်ပြီး ပြောလေသည် "ဘာလို့လဲ ဆိုတော့ မင်းက ငါတို့ တောင်ပံလေးခုငှက်ငွေနှန်တွေရဲ့ ဘုရင်မို့လို့ပဲ"

"ဒါပေမဲ့ ကျွန်တော်က အနိမ့်ပိုင်းတိုင်းပြည်ကလာတာလေ" ငှက်လေး ပြောလေသည်။

"ဒါပေမဲ့ မင်းက ဒီမှာပဲမွေးခဲ့တယ်၊ အဲနှစ်က မင်းကို အနိမ့်ပိုင်းတိုင်းပြည်ကို ပို့ရုံအပြင်မရှိခဲ့ဘူး" ငွေနှန်ကိုး ပြောလေသည်။

"ရွေးစရာမရှိခဲ့ဘူးလား၊ အဲဒါဆိုရင် ကျွန်တော့်ကို မလိုချင်တာမဟုတ်ဘူးပေါ့" ငှက်လေးသည် မိဘများမှ စွန့်ပစ်ခဲ့သည်ဟု ငယ်ရွယ်စဉ်ကပင် အမြဲတမ်းတွေးခဲ့သည်။ အဘယ့်ကြောင့်ဆိုသော တုလေးသည် သူ့မိသားစု မှ စွန့်ပစ်ခံရသဖြင့် သူလည်း ထိုနည်းတူဟု စဉ်းစားခဲ့သည်။

"ငါတို့က မင်းအတွက်တောင် သေရဲပါတယ် ဘာလို့ မင်းကို မလိုချင်ရမှာလဲ" ငွေနှန်ကိုး ပြောလေသည်။

"ဒါဆိုရင် ဘာလို့လဲ"

ငွေနှန်ကိုးသည် သက်ပြင်းချကာ ပြောလေသည် "ဘာလို့လဲဆိုတော့ နှစ်ပေါင်း ၁သောင်းက ဖြစ်ခဲ့တဲ့ ကိစ္စကြောင့်ပဲ အံ့ဖွယ်ငှက်တွေ နှစ်တစ်သန်းနေပြီးသွားရင် ငွေနှန်ဘုရင်က မြင့်မြတ်တဲ့ငွေနှန်ငှက်ဖြစ်သွားတယ်၊ နောက်ပိုင်းကျ မြင့်မြတ်တဲ့ငွေနှန်ငှက်တွေ ပျောက်ကွယ်သွားတယ်၊ အဲတော့ မြင့်မြတ်တဲ့ငွေနှန်ငှက်ရဲ့ သွေးသား ရှိတဲ့သူမှန်သမျှက ငှက်မျိုးနွယ်တွေရဲ့ ဘုရင်ဖြစ်ဖို့ အလားအလာများတယ်၊ နှစ်တိုင်းမှာ မြင့်မြတ်တဲ့ ငွေနှန်ငှက်ရဲ့ သွေးသားပါတဲ့ ငွေနှန်တွေမွေးဖွားတယ်၊ ဒါပေမဲ့ တခြားငှက်မျိုးနွယ်တွေက သွေးသားမနိုးထခင် မြင့်မြတ်တဲ့ ငွေနှန် ငှက်အဖြစ်မပြောင်းခင်ကို သတ်ပစ်ကြတယ်"

သူမ ထိုကဲ့သို့ပြောသောအခါ ငှက်လေး၏မျက်လုံးများတွင် မာနရှိခြင်းနှင့် စိုးရိမ်ခြင်းများ ဖြစ်နေသည် ကို တွေ့လိုက်ရသည်။

"လွန်ခဲ့တဲ့ နှစ် ၁၈၈လောက်က မင်းကို မွေးတဲ့အချိန်တုန်းက မင်းမှာ အမှတ်အသားရှိခဲ့တယ်၊ အကြီးအကဲတွေက အဲဒါကို မြင့်မြတ်တဲ့ငွေနှန်ငှက်ရဲ့ သွေးသားပေါ်လာမယ်ဆိုပြီး ဆုံးဖြတ်ခဲ့ကြတယ်၊ အရင်က ငှက်တွေတုန်းက ဘယ်လောက်ပဲ ကာကွယ်မယ်ဆိုပြီး ကြိုးစားပါစေ သေသွားခဲ့တယ် အဲတော့ မင်းကို တခြား သူတွေမသိခင်ပဲ အနိမ့်တိုင်းပြည်ကို ပို့ခဲ့တယ်၊ နောက်နှစ်၁၈၈ကြာပြီးတဲ့နောက်မှာတော့ မင်းကို ရှာစရာ တောင်

မလိုခဲ့ဘူး၊ မင်းဘာသာမင်းရောက်လာခဲ့တယ်၊ မင်း သွေးသားလည်း အောင်မြင်စွာ နီးထလာနိုင်ခဲ့တယ် အဲဒါကြောင့် မင်းက ငါတို့တောင်ပံလေးခု ဂဠုန်မျိုးနွယ်ရဲ့ ဘုရင်ဖြစ်တယ်”

ငှက်လေးသည် သူ့အမေကို ကြည့်လိုက်သည်။ သူသည် ရုတ်တရက်ရောက်လာသော သတင်းကို အသားမကျသေးပေ။

**အခန်း (၈)**

**အပိုင်း (၄၅၆) – တခြားသူများအား အနိုင်ကျင့်ခြင်း**

ဂဠုန်ကိုးသည် ငှက်လေးထိုအကြောင်းအရာအား လက်ခံသည်ဖြစ်စေ လက်မခံသည်ဖြစ်စေ ရှီမာယူယူဘက်လှည့်ကာ ပြောလေသည် “ငါ့သားက အလေးစားခံရမယ့်သူမျိုးပဲ အဲဒါကြောင့် သူက လူသားရဲ့ စာချုပ်မိစ္ဆာလုပ်လို့မရဘူး၊ ငါတို့မျိုးနွယ်ရဲ့ စည်းမျဉ်းအရ မင်းတို့ စာချုပ်ကို အတင်းအကြပ်ဖျက်ပြီး မင်းကို သတ်ပြီး ဒီနိမ့်ချမှုကို သန့်ရှင်းပစ်ရမယ် ဒါပေမဲ့ ငါ့သားက မင်းကို ကာကွယ်ပေးနေတာဆိုတော့ မင်းဘာသာမင်း စာချုပ်ဖျက်မယ်ဆိုရင် ဒီကိစ္စကို ကျော်သွားပေးဖို့ ငါ့မျိုးနွယ်ကို ပြောပေးမယ်”

“မဖြစ်နိုင်ဘူး” ရှီမာယူယူသည် ဘာမှမပြောရသေးခင်မှာပင် ငှက်လေး အော်လိုက်လေသည်။ သူသည် ဂဠုန်ကိုးဘေးမှ ထွက်ကာ ရှီမာယူယူရှေ့တွင် ရပ်လိုက်လေသည်။ သူသည် သူ့သခင်ကို သူ့မိခင်မှ ထိခိုက်အောင် လုပ်ခွင့်မပေးနိုင်ပေ။

“ကလေး မင်းက အမေတို့ရဲ့ အနာဂတ်ဘုရင်ပဲ မင်းက လူသားရဲ့ စာချုပ်မိစ္ဆာတစ်သက်လုံးဖြစ်ချင်နေတယ်လို့ တော့ မပြောပါနဲ့” ဂဠုန်ကိုးသည် ငှက်လေးအား သူမ ထင်ထားသည့်အတိုင်းလက်လျော့ လိုက်လျှော်မကြိုက်သည့်အကြည့်ဖြင့် ကြည့်လေသည်။

“ကျွန်တော်ဘုရင်ဖြစ်ဖို့ စိတ်မဝင်စားဘူး ကျွန်တော့်သခင်နဲ့ပဲနေချင်တယ်” ငှက်လေး သူ့၏ သဘောထားကို ပြောလေသည်။

“မဖြစ်နိုင်ဘူး” ဂဠုန်ကိုးသည် ပြစ်တင်ပြောဆိုလေသည် “မင်းရဲ့ ကံကမွေးကတည်းက သတ်မှတ်ပြီးသားပဲ၊ မင်းရဲ့ အမွေးတွေကို ကြည့်လိုက်၊ မင်းရဲ့ အရောင်အသွေးကို ကြည့်လိုက် ရွှေရောင်အမွေးတွေလေဖီးနစ်ငှက်တွေတောင် ဒီအရောင်ရှိတာ မဟုတ်ဘူး ဒီလိုကံတရားက မင်းမလိုချင်တိုင်း လွှင့်ပစ်လို့ရတဲ့ဟာမဟုတ်ဘူး လူသားတစ်ယောက်အတွက်နဲ့ မင်းက ဒီလိုမျိုးကို လုပ်ရဲတာလား”

“သူမက လူသားဆိုပေမယ့် ကျွန်တော့်ရဲ့ သခင်ပဲ သူမက ကျွန်တော့်မိသားစုပဲ” ငှက်လေး ပြောလေသည် “သူမက ဒီနှစ်တွေအကုန်လုံးမှာ ကျွန်တော်နဲ့ အတူရှိနေပေးခဲ့တာ သူမကသာ ကျွန်တော်အရွယ်ရောက်အောင် စောင့်ရှောက်ပေးခဲ့တာ အမေက ကျွန်တော်ဘုရင်ဖြစ်အောင်လို့ သူမကို စွန့်ပစ်ခိုင်းနေတာလား မဖြစ်နိုင်ဘူး”

ငှက်လေးသည် ခိုင်မာသည်။ သူ ဂဠုန်ကိုးအား ကြည့်သည့်အကြည့်မှာ ယိမ်းယိုင်ခြင်းမရှိပေ။ သူတို့က သူ့သခင်ကို စွန့်ပစ်စေချင်နေတာလား။ ဒါက လုံးဝမဖြစ်နိုင်တာပဲ။

ဂျွန်ကိုးသည် ၄က်လေးအား ကြည့်ကာ စကားမပြောတော့ပေ။ သူမသည် သူ့ဘေးတွင် ရပ်နေသော ရှီမာယူယူဘက်လှည့်ကာ ပြောလေသည် "မင်းက လူကောင်းတစ်ယောက်ဆိုတာ သိပါပြီ၊ သူ့သခင်အနေနဲ့ သူ့ဘဝကောင်းစားတာ မမြင်ချင်ဘူးလား"

ရှီမာယူယူ နှုတ်ခမ်းကွေးကာ ပြုံးလိုက်သည်။ ဒီဂျွန်ကိုးက အမှန်တကယ်ကို ဉာဏ်ထက်တာပဲ။ သူ့သား ခေါင်းမာနေသည်ကို သိပြီး သူ့ကို မဖြောင်းဖြတော့ပဲ သူမဘက်လှည့်လာသည်။

သူမသည် ၄က်လေးသည် သူမနောက်ကျောအားကြည့်နေသည်ကို သိပြီး ပြောလိုက်သည် "၄က်လေးသာ ဖြစ်ချင်တယ်ဆိုရင်တော့ ထောက်ခံပေးရမှာပေ့ါ၊ သူက ဘုရင်ဖြစ်ချင်တယ်ဆို သူ့ကို ဘုရင်ဖြစ်ခိုင်းမှာပါ သူက ကျွန်တော်နဲ့နေချင်တယ်ဆိုရင် သူ့ကိုဘေးမှာပဲထားမှာပါ"

သူမ အသံသည် မကျယ်သော်လည်း သူမဆုံးဖြတ်ချက်ကို ရှင်းလင်းစွာ ပြပြီးဖြစ်လေသည်။

၄က်လေးသည် လှည့်ပြီး ရှီမာယူယူအား ကြည့်လေသည်။ သူ၏ လုံးဝန်းသော မျက်လုံးများသည် အလွန်စိတ်လှုပ်ရှားသွားသည်ကို ပြနေသည်။ သူ့သခင်က သူ့ကို မစွန့်ပစ်ဘူးဆိုတာ သူသိနေတယ်။

၄က်လေး၏ အမူအရာ ပြောင်းသွားသည်။ သူမ မြင်သောလောက်တော့ ဒါက ရှီမာယူယူရဲ့ ဆင်ခြေပဲ။ သူသည် ၄က်လေးက သူ့ဆီကနေထွက်မသွားဘူးဆိုတာ သိပြီးပြီလေ။ အဲဒါကြောင့် သူဒီလိုပြောတာပဲ။

"လူသား မင်းက ငါ့ကလေးရဲ့ သခင်ဖြစ်နေလို့ ဒီလောက်ယဉ်ကျေးပေးနေတာ၊ မင်း ဆက်ပြီးဆန့်ကျင်မယ်ဆိုရင် ငါတို့မျိုးနွယ်ကို ရန်ရှာလိုက်သလိုပဲ မင်းနဲ့ မင်းမိတ်ဆွေတွေလည်း အဆုံးသတ်ကောင်းမှာ မဟုတ်ဘူး" ဂျွန်ကိုးသည် ခြိမ်းခြောက်လေသည်။

သူမသည် ပြောသည်နှင့်တပြိုင်နက် ရှီမာယူယူအား လက်ညှိုးထိုးလေသည်။

"မင်းတို့က ငါ့မိတ်ဆွေတွေကို ပြန်ပေးဆွဲထားတာပဲ" ရှီမာယူယူလှည့်ကြည့်ရာ တောင်ပံလေးခု ဂျွန်၄က်များသည် သူတို့လက်သည်းများဖြင့် ရှီမာယူလင်းနှင့် တခြားသူများကို အုပ်မိုးထားလေသည်။ သူတို့ အား ထည့်လိုက်သည်နှင့် အားလုံးသည် နှစ်ပိုင်းပြတ်သွားနိုင်သည်။

တောင်ပံလေးခု၄က်များ၏ လက်သည်းများသည် အလွန်အားကောင်းသည်။ သူမသည် ပင်လယ် မိစ္ဆာများကို ၄က်လေး နှစ်ပိုင်းပိုင်းလိုက်သည်ကို မြင်ဖူးသည်။ ထိုအချိန်က သူသည် သူတော်စင်မိစ္ဆာသာသာ သာ ဖြစ်လေသည်။

ရှီမာယူလင်းနှင့် တခြားသူများအား စဉ်းစားလိုက်ရာ သူမကိုယ်ရောင်ကိုယ်ဝါသည် အေးစက်သွားလေသည် "ငါ့မိသားစုကို ထိခိုက်အောင် လုပ်ရဲလုပ်ကြည့် မင်းတို့ကို နောင်တရအောင်လုပ်ပေးမယ်"

ဂျွန်ကိုးသည် ရှီမာယူယူအား ကြည့်ကာ အနည်းငယ်နောက်ဆုတ်လိုက်လေသည်။ သူမ မျက်လုံးများသည် သူမ ယုံကြည်ချင်သည့်အရာကိုသာ ယုံကြည်မည်ကို ပြနေသည်။

"မင်းသာ ငါ့သားနဲ့ စာချုပ်ဖျက်မယ်ဆိုရင် မင်းရဲ့ မိတ်ဆွေတွေကို လွှတ်ပေးမယ်" ဂျွန်ကိုး ပြောလိုက်သည်။ "တကယ်တော့ ငါကလည်း မင်းကောင်းဖို့လုပ်တာပါ၊ အကြီးအကဲနဲ့ တခြားသူတွေလာတယ်ဆိုရင် သူတို့က သေချာပေါက် မင်းကို ရှင်းပစ်မှာပဲ ငါတို့မှာ ငါ့သားကို မထိခိုက်စေပဲ စာချုပ်ဖျက်လို့ရမယ့် လျှို့ဝှက်နည်းလမ်းရှိတယ်၊ ဒါပေမဲ့ မင်းကတော့ သေမှာပဲ၊ ငါက ငါ့သားရဲ့အသက်က မင်းအပေါ်မှာမူတည်နေတာကို မကြိုက်ဘူး"

ရှီမာယူယူသည် ဂဠုန်ကိုးအား ကြည့်ပြီးနောက် လေတွင်ပျံနေသော တောင်ပံလေးခုငှက် အကောင် ရေ တစ်ရာကျော်နှင့် ရှီမာလိုင်နှင့် တခြားသူများ လက်သည်းများဖြင့် ချိန်ထားခံရသည်ကို ကြည့်လိုက်သည်။ သူမ အကြပ်ရိုက်ရသည်မှာ ပထမဆုံးအကြိမ်ဖြစ်သည်။

တကယ်ပဲ သူမ ငှက်လေးကို စွန့်ပစ်ရတော့မှာလား။

မဖြစ်နိုင်ဘူး ငှက်လေးက သူမ မိသားစုဖြစ်တာ ကြာနေပြီ။ ဘယ်လိုလုပ် ငှက်လေးကို ထားသွားရမှာလဲ။

ဒါပေမဲ့ တကယ်ပဲ သူမ တောင်ပံလေးခုဂဠုန်များနှင့် တိုက်ခိုက်ပါက အဘိုးနဲ့ တခြားသူတွေ ဘယ်လိုဖြစ် သွားမလဲ။

"ကျွန်တော်က အမေတို့ရဲ့ ဘုရင်လို့ ပြောတယ်မလား၊ ဒါဆို သူတို့အားလုံးကို လွှတ်ပေးဖို့ အမိန့် ပေးမယ်" ငှက်လေး ပြောလေသည်။

"မင်းက ငါတို့ ဘုရင်ဖြစ်ပေးမယ်ဆိုရင် သူမကို လွှတ်ပေးမယ်" အကြီးအကဲသည် ဖြေးညင်းစွာ ဆင်းသက်လာကာ လူသားပုံစံပြောင်းလိုက်လေသည်။ အကြီးအကဲနှင့် စီနီယာများပါ ပါလာသည်။

လေပြင်းဂဠုန်သည် ငှက်လေးအား ကြည့်ကာပြောလိုက်သည် "ငါတို့က လူသားရဲ့ စာချုပ်မိစ္ဆာကို ဘုရင် အဖြစ်လက်မခံနိုင်ဘူး၊ အဲဒါကြောင့် မင်းတို့စာချုပ်ကို ဖျက်ပြီး ငါတို့ဘုရင်ဖြစ်လာလိုက်ပါ"

"ကျွန်တော် ခင်ဗျားတို့ဘုရင်ဖြစ်ဖို့ စိတ်မဝင်စားဘူးလို့ ပြောပြီးပြီလေ" ငှက်လေး ပြောလေသည် "ကျွန်တော်က ဘုရင်မဖြစ်ချင်မှတော့ ကျွန်တော့်သခင်နဲ့ပဲ နေခွင့်ပေးလိုက်ပါ"

"မဖြစ်နိုင်ဘူး" လေပြင်းဂဠုန်ကပြောလေသည် "မင်းမှာ မြင့်မြတ်တဲ့ဂဠုန်သွေးသား စီးဆင်းနေတာ မင်းက ငါတို့ဘုရင်ဖြစ်ဖို့ ကံကြမ္မာနဲ့ မွေးလာတာပဲ၊ အဲဒါပြောင်းလို့မရဘူး၊ မင်းမလုပ်ချင်ရင်လည်း လုပ်ကို လုပ်ရ မယ်၊ မင်းက သူမနဲ့ စာချုပ်ကို မဖျက်ချင်ဘူးဆိုရင် ငါတို့ ကိုယ့်နည်းလမ်းနဲ့ကိုယ် လုပ်ရတော့မယ်၊ အဲ့အချိန်ကျ ရင် ဒီလူသား အသက်ရှင် မရှင်ကတော့ သူ့ကံအပေါ်မှာ မူတည်သွားပြီ"

"မင်းတို့က အနိုင်ကျင့်နေတာပဲ" ရှီမာယူယူ တင်းမာလာသည်။

သူတို့သည် ငှက်လေး၏ မြင့်မြတ်သောဂဠုန်သွေးပါသည့်အချက်ကို အစွဲပြုကာ သူတို့ ဘုရင်အဖြစ် လုပ် ချင်နေကြသည်။ သို့သော် သူတို့သည် ငှက်လေး၏ ဆန္ဒကို ဂရုမစိုက်ခဲ့ပေ။

"ငါတို့ အနိုင်ကျင့်တော့ရောဘာဖြစ်လဲ၊ မင်းက သူတော်အဆင့်ရောက်ခါစ လူသားပဲလေ၊ မင်းက တောင်ပံလေးခုဂဠုန်ရဲ့ သခင်ဖြစ်ဖို့ ဘာအရည်အချင်းရှိလို့လဲ မင်းကို ငါတို့နောက်ဆုံး အခွင့်အရေးပေးမယ် မင်း သူနဲ့ စာချုပ်ဖျက်မလား မဟုတ်ရင် သူတို့နဲ့ အတူသေမလား" လေပြင်းဂဠုန်၏ သဘောထားသည် ဂဠုန်ကိုး ထက်ပင် ကြမ်းလေသည်။ သူသည် သူမအား လုံးဝပင် မကြည့်ပေ။

တစ်ချိန်တည်းမှာပင် သူသည် ဖိအားအနည်းငယ်ထည့်လိုက်ရာ ရှီမာယူယူသည် တောင်ကြီး တစ်တောင်လောက်ဖိအားကို ခံစားရလေသည်။ သူမ အသက်ရှူမရတော့ပဲ ပါးစပ်မှ သွေးများထွက်လာလေ သည်။

သူ တကယ်ပဲ အားကောင်းတာပဲ။

သမူသည် အမြဲတမ်းဖိအားကို ခုခံခဲ့သည်။ သို့သော် အခုတော့ သူမသည်ဖိအားကြောင့် သွေးများပင် အန်ထွက်လာသည်။ ဒီလိုမဖြစ်တာ ဘယ်လောက်တောင် ကြာနေပြီလဲ။

ငှက်လေးသည် ရှီမာယူယူ ဒဏ်ရာရသည်ကို တွေ့သောအခါ လေပြင်းဂဠုန်အား တိုက်ခိုက်ချင် လေသည်။ သို့သော် သူလည်းပဲ လှုပ်မရတော့ပေ။ သူသည် စိတ်ဆိုးစွာ အော်လေသည် "ကျွန်တော့်သခင်ကို ထိရဲရင် ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်မယ်၊ အဲဒါဆိုရင် ခင်ဗျားတို့ မြင့်မြတ်တဲ့ဂဠုန်သွေးသား ဘယ်တော့မှ ရတော့မှာမဟုတ်ဘူး"

"ဒါဆိုမင်းက သတ်သေလို့ရသေးတာပဲ" လေပြင်းဂဠုန် ပြောလိုက်သည်။ ဒီလိုဆိုရင် သူသည် ဘေးမှ တစ်ယောက်အား လှည့်ပြီး အမိန့်ပေးလေသည် "လျှို့ဝှက်နည်းလမ်းသုံးပြီး သူတို့ကြားက စာချုပ်ကို ဖျက် လိုက်"

"အကြီးအကဲ..." ဂဠုန်ကိုးသည် ငှက်လေးအား စိုးရိမ်စွာ ကြည့်လေသည်။ သူမသည် သူခြိမ်းခြောက်သည့်အတိုင်းတကယ်လုပ်လိုက်မည်ကို ကြောက်သည်။

"သူက အခု စာချုပ်ကြောင့်အရမ်း ဟိုဘက်ပါနေတယ်၊ သတိပြန်ဝင်လာတာနဲ့ ငါတို့ကို ကျေးဇူးတင် လိမ့်မယ်" လေပြင်းဂဠုန် ပြောလေသည် "မြန်မြန်"

ရှီမာယူယူသည် ဖိအားပေးခံထားရသဖြင့် ဒူးထောက်မတတ်ဖြစ်လေသည်။ သူမသည် လေပြင်းဂဠုန် ပြောသည်ကို ကြားသောအခါ သူ့အား ကြောက်မက်ဖွယ်ကြည့်ကာ ပြောလေသည် "အိမ်မက်မက်နေတယ်"

"သွားတော့"

"ဟုတ်ကဲ့ပါ အကြီးအကဲ"

လူငယ်နှစ်ယောက်သည် ရှီမာယူယူဆီသို့ လျှောက်သွားလေသည်။ တစ်ယောက်သည် လက်ဆန့်ကာ ရှီမာယူယူ၏ ခေါင်းကို ဆုပ်ကိုင်လိုက်သည်။ နောက်လက်တစ်ဖက်ကို သူမ မျက်ခုံးကြားကနေရာတွင် ထား လိုက်သည်။ သူ ထိုနေရာသို့ ထိလိုက်သည်နှင့် သူမခန္ဓာကိုယ်မှ ရွှေရောင်အလင်းတန်းထွက်လာပြီး ရှီမာယူယူ အားဆုပ်ကိုင်ထားသော တစ်ယောက်ဆီသို့ ပစ်လွှတ်လိုက်ရာ လွင့်သွားလေသည်။

**အခန်း (၉)**

**အပိုင်း (၄၅၇) – စစ်မှန်သော မျိုးနွယ်တစ်သောင်းငှက်ဘုရင်**

ရွှေရောင်အလင်းတန်းများကြည့်ပြီး ဂဠုန်ငှက်များသည် သူ့အား ကူညီပေးချင်ကြသည်။ ထိုရောင်ဝါ သည် မြင့်မြတ်သောဂဠုန်ငှက်ဒ သွေးသားထက်ပင် သူတို့ဝိညာဉ်များကို တုန်ယင်စေသည်။

ရွှေရောင်အလင်းတန်းများ ပျောက်ကွယ်သွားသည်နှင့် ကြက်သွေးရောင်မီးတောက်သည် ရှီမာယူယူ ရှေ့ပေါ်လာသည်။ သူမ ပါးစပ်မှ သွေးများကိုတွေ့သောအခါ သူမှောင်ကြုတ်လိုက်သည်။ သူ အပြစ်တင် လိုက် သည် "ငါ့ကို ဘာလို့မခေါ်တာလဲ"

လေပြင်းဂဠုန်၏ ဖိအားသည် ကြက်သွေးရောင်မီးတောက်ပေါ်လာသည်နှင့် ပျောက်ကွယ်သွားလေ သည်။ ရှီမာယူယူ မတ်တပ်ရပ်ကာ သွေးများကို သုတ်ပစ်လိုက်လေသည်။ သူမသည် ဆေးထုတ်ပြီး စားပြီး

နောက် ပြောလိုက်လေသည် "မင်းအိပ်နေတာ ငါတွေ့လို့လေ မဟုတ်လည်း ငါမခံနိုင်တော့ရင် မင်းကို ခေါ် မလို့ပဲ"

ကြက်သွေးရောင်မီးတောက်သည် ရှီမာယူယူအားကြည့်လိုက်သည်။ အဲဒါက သူရှိနေတာကို သူမက အမြဲတမ်းမခံစားမိလို့ပဲမလား။ ဒီကောင်လေးက သူ့သခင်လေ ဒါပေမဲ့ သူမက သူ့ကို မှီခိုတတ်တဲ့အကျင့်ကို မရှိဘူး။

ထိုကဲ့သို့ အကူအညီတောင်းခြင်းကို အရင်ကတည်းက မြင်ချင်ခဲ့သည်။ သို့သော် အခုကြည့်လိုက်ရာ သူသည် အလွန်သက်တောင့်သက်သာဖြစ်မနေပေ။

ဒီတစ်ခေါက်ကို ဘာလို့အဲလောက် အားနည်းသွားရတာလဲ။ သူမသည် ကျင့်ကြံချိန်မှစပြီး သူ့စွမ်းအားကို သိပြီး အလွန်အမင်းမှီခိုရာမှ သူမ ကြိုးစားချင်စိတ်ပျောက်သွားမည်ကို စိုးရိမ်နေခဲ့သည်။ သူ သူမကို သိသလောက်ဆိုလျှင် မည်မျှပင် ပြင်ပအခြေအနေများကောင်းစေကာမူ သူမ၏ ကြိုးစားလိုမှုကို အပျောက်မခံပေ။

သူသည် တိတ်တဆိတ်သက်ပြင်းချကာ လေပြင်းဂဠုန်နှင့် တခြားသူများဘက်သို့ လှည့်လိုက်သည်။ သူ စကားတစ်ခွန်းမှ မပြောပေ။ သူသည် လက်နစ်ဖက်ကို လက်ပစ်ရုံမျှ ပစ်ကာ ကိုယ်ရောင်ကိုယ်ဝါကို ထုတ်လွှတ်နေလေသည်။ တောင်ပေါ်မှ ဝိဉာဉ်မိစ္ဆာများသည် သူတို့ဝိဉာဉ်များအထိ ထိုးဖောက်လာသော ဖိအားကို ခံစားရမိကာ မိုးပေါ်မှ တောင်ပံလေးခုဂဠုန်ငှက်များသည် မြေပေါ်သို့ ကျကြလေသည်။

ထိုတင်သာမကပဲ တောင်မှ တခြားသော ငှက်မျိုးစိတ်များလည်း သူ့ရှေ့တွင် ဒူးထောက်ကြရလေသည်။

"ဒါက.."

လေပြင်းဂဠုန်သည် ကြက်သွေးရောင်မီးတောက်အား ထိန်လန့်စွာ ကြည့်လိုက်သည်။ သူသည် ခန္ဓာကိုယ်အား မထိန်းချုပ်နိုင်တော့ပဲ သူ့ရှေ့တွင် ဒူးထောက်ရလေသည်။

ငှက်လေးသာလျှင် ကြက်သွေးရောင်မီးတောက်ကဲ့သို့ ရှီမာယူယူနှင့် စာချုပ်ချုပ်ဆိုထားသဖြင့် ရပ်တည်နိုင်လေသည်။ သို့သော် သူ၏ ရှီမာယူယူအပေါ်ထားရှိသော ဝမ်းတွင်းပါကဲ့သို့ သစ္စာစောင့်သိစိတ်ကို ပြချင် သေးသည်။

ချူချောင်ထန်နှင့် တခြားသူများသည် တောင်ပံလေးခုငှက်များ မိုးပေါ်မှကျသွားသည့်အချိန်တွင် လွတ်မြောက်သွားလေသည်။ သူတို့သည် ရှီမာယူယူအား အံ့သြစွာကြည့်လိုက်ကြသည်။ သူမတွင် ဒီလိုမျိုး စာချုပ်ဝိဉာဉ်မိစ္ဆာရှိလိမ့်မည်ဟု ထင်မထားခဲ့ကြပေ။

သူမက အနိမ့်တိုင်းပြည်ကလူတဲ့လူရော တကယ်ဟုတ်ရဲ့လား။ သူမမှာ ဘာလို့ စာချုပ်မိစ္ဆာတွေ ဒီလောက် အများကြီးရှိနေရတာလဲ၊ ဒီတစ်ယောက်က အရင်တစ်ယောက်ထက်ပင် အားကောင်းနေသေးသည်။ ထိုငှက်လေးသည် ဂဠုန်များ၏ ဘုရင်ဖြစ်သည်ကိုပင် အံ့သြလွန်းနေပြီ။ အခု ဒီတစ်ယောက်သည် အကြည့်တစ်ချက်နှင့်ပင် အရေးအကြီးဆုံးသော ဘုရင်ဖြစ်ဟု ပြောနိုင်လောက်အောင် ဖြစ်သည်။

ကြက်သွေးရောင်မီးတောက်သည် လေပြင်းဂဠုန်နှင့် တခြားသူများကို အထက်စီးဆန်စွာ ကြည့်ကာ ညင်သာစွာ ပြောလေသည် "ငါ့သခင်က မင်းတို့ထိချင်တိုင်း ထိလို့ရတဲ့သူလား"

သူမပြောလိုက်သည်နှင့် လေပြင်းဂဠုန်အပေါ် အကြောသေသည်အထိ ဖိအားပေးလိုက်လေသည်။ သူသည် မြေပေါ်တွင် ပြားပြားဝပ်သွားလေသည်။

"ဒါက ဂဠုန်ရဲ့ရောင်ဝါမဟုတ်ပါဘူး မင်း မင်းက အံ့ဖွယ်ငှက်ပဲ" အကြီးအကဲသည် အော်လိုက်သည်။

ရှီမာယူယူသည် ရှုပ်ထွေးစွာ မျက်တောင်ခတ်လိုက်သည်။ သူတို့ပြောသော အံ့ဖွယ်ငှက်ဆိုသည်ကို သူမ သဘောပေါက်ပေ။ သူမသည် ကြက်သွေးရောင်မီးတောက်ဆီသို့ လှည့်ကြည့်လိုက်သည်။ သူတို့ပြောမှပင် သူ၏ မူလပုံစံကို သူမ မြင်မိတော့သည်။

ကြက်သွေးရောင်မီးတောက်သည် သူမ၏ သိချင်စိတ်ဖြစ်နေသော အကြည့်ကို မြင်သောအခါ မေးလိုက်သည် "မင်းငါ့ရဲ့ မူလပုံစံကို ကြည့်ချင်လား"

"ငါမင်းကို သိချင်တယ်" ရှီမာယူယူ ပြောလိုက်သည်။ သူမသည် တစ်တိုင်းပြည်လုံးတွင် သူမစာချုပ်မိစ္ဆာ ပုံစံကိုပင် မသိသော တစ်ဦးတည်းသောသူဖြစ်မည်။

"ကောင်းပြီ"

ကြက်သွေးရောင်မီးတောက်သည် သူမအား ညင်သာစွာပြုံးပြပြီးနောက် လက်ကို ဝှေ့ရမ်းလိုက်သည်။ ဂဂမီတာအတွင်းတွင် အတားအဆီးတစ်ခုကို တည်ဆောက်လိုက်သည်။ ထို့နောက်တွင် သူလေပေါ် ခုန်တက်လိုက်ရာ လေပေါ်အရောက်တွင် သူ၏ ပုံစံကိုပြောင်းလဲပစ်လိုက်ရာ အားလုံးရှေ့တွင် ကြီးမားသော အနီရောင်ငှက်တစ်ကောင်ပေါ်လာလေသည်။

"ဒါက.. ဒါက ဖီးနစ်ငှက်မဟုတ်လား" လျှန်ဟုန်သည် ကြက်သွေးရောင်မီးတောက် လေတွင် ပျံနေသည်ကို မြင်သည်နှင့် အံ့အားသင့်စွာ မေးလေသည်။

ချူချောင်ထန်သည် တံတွေးမျိုချကာ ပြောလေသည် "ဒါက ဖီးနစ်ငှက်မဟုတ်ဘူး… ရှေးဟောင်း ဒဏ္ဍာရီလာမိစ္ဆာထဲက တစ်ခုဖြစ်တဲ့ အံ့ဖွယ်ဟသ်ာငှက်ပဲ"

သူသည် အသက်ရှူမရတော့သည်ကို တဖြည်းဖြည်းခံစားမိလာသည်။ သူသည် အမှန်တကယ်ပင် ဒဏ္ဍာရီလာ အံ့ဖွယ်ဟသ်ာငှက်ကို မြင်ဖူးသွားလေပြီ။ တကယ်ကို မယုံကြည်နိုင်လောက်အောင်ပင်။

ရှီမာယူယူသည်လည်း ကြက်သွေးရောင်မီးတောက်၏ မူလပုံစံကို မြင်လိုက်သောအခါတွင် မှင်တက်သွားလေသည်။ သူမသည် ရှေးဟောင်းစာအုပ်ထဲတွင် သဟ်ာငှက်အကြောင်းကို ဖတ်ဖူးသည်။ စကြဝဠာ တစ်ခုလုံးတွင် တစ်ကောင်တည်းသာရှိသည်။ အံ့ဖွယ်ငှက်၏ အသွင်အပြင်နှင့်ဆိုလျှင် ငှက်မျိုးစိတ် တစ်သောင်းသည် သစ္စာတော်ခံရမည်။

တောင်ပံလေးခုဂဠုန်ငှက်နှင့် တခြားသူများသည် ကျောက်ရုပ်ဖြစ်သွားလေသည်။ အံ့ဖွယ်ငှက်သည် ပြီးခဲ့သည့် နှစ်ပေါင်းတစ်သန်းအတွင်းတွင် မွေးဖွားခြင်းမရှိ၊ ပေါ်ပေါက်လာခြင်းမရှိပေ။ ပေါ်လာသည့်အခါတွင်တော့ ငှက်လေးနှင့်အတူ သခင်တစ်ယောက်တည်းကိုသာ အမှုထမ်းပေးနေသည်။

ငှက်လေးသာဆိုလျှင် သူတို့သည် ဖိအားပေးပြီး သူမစာချုပ်ကို ဖျက်လိုက်မည်ဖြစ်သည်။ သူတို့သည် အာခံနိုင်သေးသည်။ သို့သော် သူတို့သည် အံ့ဖွယ်ငှက်၏ အရှေ့တွင် ပုရွက်ဆိတ်သာသာ သာဖြစ်လေသည်။

သူပြောသည့်အတိုင်းပင် သူတို့သည် ရှီမာယူယူအား ထိခွင့်မရှိပေ။ သူ့သခင်တွင် သူတို့ထက် အဆင့်အများအများကြီးမြင့်သော သူရှိနေသည်။

ကြက်သွေးရောင်မီးတောက်သည် မိုးပေါ်တွင် အော်လိုက်ပြီး ရှီမာယူယူဆီသို့ ပျံလာလေသည်။ သူမ သူမဘေးတွင် ရပ်လိုက်သည့်အခါတွင် စွဲဆောင်မှုရှိသော အမျိုးသားတစ်ယောက်အဖြစ် ပြန်ပြောင်းလေ သည်။

"သူ့က ဘုရင်တို့ရဲ့ သခင်ဖြစ်နေတာကို မသိလို့ပါ ကျွန်တော်တို့မှာ အပြစ်ရှိပါတယ် ဘုရင်ကြီး ကျွန်တော်တို့ကို အပြစ်ပေးပေးပါ" လေပြင်းဂဠုန်သည် မြေပေါ်တွင်ဒူးထောက်ကာ တုန်ယင်သောအသံဖြင့် ပြောလေသည်။

ကြက်သွေးရောင်မီးတောက်သည် လေပြင်းဂဠုန်ကိုကြည့်ပြီးနောက် လက်ဆန့်ထုတ်ပြီး လက်ထဲတွင် မီးလုံးဖန်တီးလိုက်လေသည်။ ထိုမီးလုံးသည် မည်မျှပူလောင်သည်ကို ခံစားမိပြီး လေပြင်းဂဠုန်နှင့် တခြားသူများ မျက်လုံးထဲတွင် ကြောက်ရွံ့မှုများ ပြည့်နှက်နေလေသည်။

"သခင်...." ငှက်လေးသည် ရှီမာယူယူအား အသနားခံသော မျက်လုံးများဖြင့် ကြည့်လေသည်။

ရှီမာယူယူသည် ငှက်လေး၏ ခေါင်းအားပုတ်ပြီး ပြောလေသည် "ကြက်သွေးရောင်မီးတောက် သူတို့က ငှက်လေးရဲ့ မျိုးနွယ်ဝင်တွေဖြစ်တယ်ဆိုတဲ့ အချက်ကို ထောက်ထားပြီး လွှတ်ပေးလိုက်ပါ၊ ပြီးတော့ ငါလဲ ဆိုးဆိုးဝါးဝါး ထိခိုက်ထားတာလည်း မဟုတ်ဘူး၊ မင်း သူတို့ကို သတ်လိုက်ရင် ငှက်လေး ဝမ်းနည်းသွားလိမ့်မယ်"

လေးပြင်းဂဠုန်နှင့် တခြားသူများသည် ရှီမာယူယူ သူတို့ကို ကာကွယ်ပြီး ပြောပေးလိမ့်မည်ဟု ထင်မထား ကြပေ။ အစလေးတင် သူတို့သည် သူမကို အလွန်အမင်းသတ်ချင်စိတ်ဖြစ်ခဲ့သည်လေ။

သူတို့ခေါင်းများမော့လိုက်ရာ သူမ ငှက်လေးကို ကြည့်သောအကြည့်သည် အလွန်အလိုလိုက်သော အကြည့်များဖြစ်လေသည်။ ထိုမှသာ သူမသည် ငှက်လေးအစားပြောပေးသည်ကို နားလည်လိုက်သည်။ သူမသည် သူ့ကို ဝမ်းမနည်းစေလိုသောကြောင့်ဖြစ်လေသည်။

ဆိုလိုသည်မှာ သူမသည် ငှက်လေး၏ ဆန္ဒအတိုင်း အကုန်လိုက်လျောမည့် အမိပွားယ်ပင်ဖြစ်လေသည်။

ဂဠုန်ကိုးသည် ရှီမာယူယူအား ကြည့်ပြီး ရင်နာရသည်။ ရှီမာယူယူသည် ငှက်လေး၏ ဆန္ဒအား လိုက်လျောပေးပြီး သူလိုချင်သမျှကို လုပ်ပေးသည်ကို သူမ နားလည်လိုက်သည်။ သူမက အမေဖြစ်လျက်သားနဲ့ ဘာလို့ လူသားလောက်တောင် မကောင်းပေးနိုင်ရတာလဲ။

ပြီးတော့ ငှက်လေးက ရှီမာယူယူကို ပိုပြီးမှီခိုနေတယ်။ ငှက်လေးတို့က သူတို့ထက်ပင် မိသားစုနဲ့ ပိုတူနေတယ်။

ရှီမာယူယူသည် ဂဠုန်ကိုး၏ အကြည့်ကို မြင်သောအခါ ငှက်လေးခေါင်းအား ပုတ်ပြီး ပြောလေသည် "မင်းအမေကို သွားထူလိုက်ဦး"

ငှက်လေးသည် ခေါင်းညိမ့်ပြီး အတောင်ပံခတ်ကာ ဂဠုန်ကိုးဆီသို့ ပျံသွားကာ ပြောလိုက်သည် "အမေ ကျွန်တော်တကယ်ပဲ သခင်နဲ့ မခွဲသွားချင်ဘူး၊ အမေတို့ ကျွန်တော့်ကို ဖိအားမပေးပါနဲ့တော့ အမေ ထပါ"

ဂဠုန်ကိုးသည် ငှက်လေး၏ အကူအညီဖြင့် ထလေသည်။ သူမသည် ကြက်သွေးရောင်မီးတောက်၏ ဖိအားကို မခံစားရတော့ပေ။

သူမသည် ငှက်လေး၏ မျက်နှာကိုထိပြီး ပြောလေသည် "အမေက သားကို ထပ်ပြီးဖိအားမပေးတော့ပါဘူး၊ သားလုပ်ချင်တာသာ လုပ်ပါ၊ သားပျော်ရွှင်မယ်ဆိုပြီးတာပါပဲ"

ထိုအဖြစ်အပျက်များဖြစ်သွားပြီးနောက်တွင် တောင်ပံလေးခုငှက်မျိုးနွယ်သည် ဘာပြောရမည်ကို မသိတော့ပေ။ ကြက်သွေးရောင်မီးတောက် ရှိနေခြင်းကြောင့် သူတို့က ဘယ်လိုလုပ် ရှီမာယူယူနဲ့ ငှက်လေးကို ခွဲဖို့ ဖိအားပေးရဲတော့မှာလဲ။

"ကျန်တဲ့သူတွေလည်း ထလို့ရပါပြီ" ရှီမာယူယူပြောလိုက်သည်။

လေပြင်းဂဠုန်နှင့် တခြားသူများသည် ကြက်သွေးရောင်မီးတောက် မကန့်ကွက်သည်ကို တွေ့သည်နှင့် အားလုံးထလိုက်ကြသည်။ အခု သူတို့သည် ငှက်မျိုးစိတ်တစ်သောင်းဘုရင်နှင့် တွေ့ပြီဖြစ်၍ ဘာပြောရမည်ကို မသိတော့ပေ။

နောက်ဆုံးတွင် လေပြင်းဂဠုန်သည် ပြောလေသည် "ခုနက ကျွန်တော်တို့ရဲ့ အပြုအမူတွေအတွက် တောင်းပန်ပါတယ် တကယ်တော့ ကျွန်တော်တို့က သူ့ကိုကာကွယ်ချင်လို့လုပ်လိုက်တာပါ သူရှိနေတာကို တခြား မျိုးနွယ်တွေက သိသွားရင် သူတို့က သူ့ကိုသတ်ဖို့သေချာပေါက် အားထုတ်ကြမှာပဲ"

"ဘယ်မျိုးနွယ်တွေလဲ" ရှီမာယူယူ မျက်မှောင်ကြုတ်လိုက်သည်။ တောင်ပံလေးခုဂဠုန်ငှက်များသည် ငှက်လေးကို သိပါက တခြားမျိုးစိတ်များလည်း သိမှာ အနေးနှင့် အမြန်ဖြစ်လေသည်။ သူတို့သာ သေချာအောင် မလုပ်ထားလျှင် ဘယ်လောက်ပြဿနာဖြစ်မလဲ ဘယ်သူမှမသိနိုင်ပေ။

"ဘယ်မျိုးစိတ်လဲ" ကြက်သွေးရောင်မီးတောက် မေးလိုက်သည်။

"သိမ်းငှက်မျိုးနွယ်က ငှက်မျိုးနွယ် ၇ခု ၈ခုလောက်ကို စည်းကမ်းတစ်ခုတည်းအောက်မှာ အုပ်ချုပ်ထားပြီး အရေးကြီးဆုံး နေရာကိုယူထားတယ်၊ အရင်တုန်းက ကျွန်တော်တို့ရဲ့ မျိုးဆက်တွေက သူတို့သတ်လို့ သေခဲ့တာ ချည်းပဲ" လေပြင်းဂဠုန်သည် ပြန်ဖြေလေသည်။

"သခင် ငါ အသွင်ပြောင်းချင်တယ်" ငှက်လေးသည် ရုတ်တရက်ပြောလေသည်။

အားလုံးသည် ငှက်လေးကို လှည့်ကြည့်ကြသည်။ ဒီတစ်ခေါက်တွင် သူဘာလို့ ရုတ်တရက်ပြောင်းခင်ျသည်ကို ဘယ်သူမှ မသိတော့ပေ။

**အခန်း (၁၀)**

**အပိုင်း (၄၅၈) – အသွင်ပြောင်းရန်ပြင်ဆင်ခြင်း**

သူတို့က သိမ်းငှက်အကြောင်းပဲပြောရသေးတယ်လေ ဘာလို့သူက ရုတ်တရက်ကြီးအသွင်ပြောင်းချင်ရတာလဲ။

ငှက်လေးသည် အားလုံးက သူ့ကိုကြည့်နေသည်ကို မြင်သောအခါ သူကျယ်လောင်စွာပြောမိပြီး သူတို့အတွက် အနှောင့်အယှက်ဖြစ်သွားသည်ကို သိလိုက်ရသည်။

"အဟွတ် အဟွတ် ဆက်ပြောကြပါ" ရှီမာယူယူသည် ငှက်လေး၏ အကြည့်အားနားလည်သဖြင့် ပြုံးပြီး ပြောလိုက်လေသည်။

လေပြင်းဂငျုန်သည် ကြက်သွေးရောင်မီးတောက် ဘာမှမပြောသည်ကို ကြည့်ပြီး ပြောလေသည် "သိမ်းငှက်တွေက တခြားသူတွေထက် ပိုပြီးကြီးထွားမှုအတွက် အတွေ့အကြုံရှိကြတယ် အဲဒါကြောင့် သူတို့က အရမ်းအားကောင်းလာခဲ့တယ်၊ သူတို့ကို နာခံရတဲ့ တခြားမျိုးနွယ်တွေအများကြီးရှိတယ်၊ အဲဒါကြောင့်ပဲ သူတို့ရဲ့ ရည်မှန်းချက်က ကြီးလာတာ"

"ဖီးနစ်တွေကရော ဘယ်လိုလဲ သူတို့က ငှက်မျိုးနွယ်တွေမှာဆိုရင် သူတို့ကို နှောင့်ယှက်တာကို မကြိုက်ကြဘူးမလား" ကြက်သွေးရောင်မီးတောက် မေးလိုက်သည်။

"ဖီးနစ်တွေက အလယ်ပိုင်းဒေသမှာပဲ အမြဲတမ်း နေကြတာ၊ သူတို့က အပြင်ကကိစ္စတွေကို ဂရုစိုက်ကြတာမဟုတ်ဘူး" လေပြင်းဂငျုန် ပြောလိုက်သည် "အဲဒီသိမ်းငှက်တွေက ဖီးနစ်အဖွဲ့တစ်ဖွဲ့နဲ့ အဆင်ပြေနေတယ်လို့လဲ ကြားတယ်"

ဖီးနစ်ငှက်များသည် ဟသ်ာငှက်များ၏ သွေးသားဖြစ်ပြီး သူတို့သည် အသွင်အပြင်ဆင်တူသည်။ ငှက်မျိုးနွယ်တစ်ခုလုံးတွင် ဖီးနစ်များသည် အဆင့်အမြင့်ဆုံးဖြစ်သည်။ မြင့်မြတ်သော ဂငျုန်ပေါ်လာပါက သူတို့ လည်း မြင့်မြတ်သော ဂငျုန်ကို အသိအမှတ်ပြုရမည် ဖြစ်သည်။

သို့သော် ဖီးနစ်မျိုးနွယ်တစ်ခုလုံးရှိနေချိန်တွင် မြင့်မြတ်သော ဂငျုန်သည် တစ်ကောင်တည်းသာရှိသည်။ သူတို့၏ စွမ်းအားကို နှိုင်းယှဉ်ဖွယ်မရှိပေ။

သူတို့ ဖီးနစ်များအကြောင်းပြောနေချိန်တွင် ရှီမာယူယူသည် သက်တန့်လေးအား အမှတ်ရသွား သည်။ ထိုအချိန်တွင် ဟာစွန်သည် သူ့ပခုံးပေါ်တွင် သူမအား တင်ထားခဲ့သည်။ နှစ်တွေအများကြီးကြာပြီးတော့ သူမ ဘယ်လိုပုံစံဖြစ်သွားပြီလဲ။

ကြက်သွေးရောင်မီးတောက်သည် လေပြင်းဂငျုန်ပြောသမျှကို နားထောင်ပြီးနောက် ရှီမာယူယူကို ပြောလိုက်သည် "ငါ့အားလုံးရှေ့မှာ ပေါ်လာဖို့ အချိန်မသင့်ဘူးဖြစ်နေတယ် ဒီကိစ္စကို ငါ့ကို ကူဖြေရှင်းပေး"

"ငါကလား" ရှီမာယူယူသည် သူမကိုယ်သူက ညွှန်ပြကာပြောလေသည် "မင်းက ငါ့စာချုပ်မိတ္တူပေမယ့် ငါ့အားက နည်းနေသေးတယ်၊ ဘယ်လိုလုပ် ကူပြီးဖြေရှင်းပေးလို့ရမလဲ"

"မင်းမှာ သူရှိတယ်လေ" ကြက်သွေးရောင်မီးတောက်သည် ငှက်လေးအားကြည့်လိုက်သည်။

ရှီမာယူယူသည် ကြက်သွေးရောင်မီးတောက်ဆိုလိုသည်ကို ရုတ်တရက် သဘောပေါက်သွားသည်။ ကြက်သွေးရောင်မီးတောက် မရှိခင်တွင် ငှက်လေးသည် ငှက်တစ်သောင်းမိစ္ဆာဘုရင်ဖြစ်သည်။ ကြက်သွေးရောင်မီးတောက်သည် သူမနှင့် ငှက်လေးကို ထိုကိစ္စကို ဖြေရှင်းစေချင်သည်။

"ဒါပေမဲ့ ငှက်လေးရဲ့ သွေးသားက အပြည့်အဝနိုးထဖို့ လိုသေးတယ်" သူမ ပြောလိုက်သည် "တခြား ငှက်မျိုးနွယ်တွေက သူ့ရဲ့ ဒီပုံစံကို မမှတ်မိနိုင်ဘူးလား"

"သူ အသွင်ပြောင်းချင်တယ်လို့ ပြောတယ်မလား အလင်းတန်းလာရင် သူ့ကို သွေးသားနိုးထဖို့ ကူညီပေးလိုက်ပါ" ကြက်သွေးရောင်မီးတောက် ပြောလေသည်။

ရှီမာယူယူသည် ငှက်လေးအားကြည့်ကာ ပြောလေသည် "ငါအခုမလုပ်နိုင်သေးဘူး၊ ငါ နည်းနည်းတော့ ပြင်ဆင်ရမယ်"

ကြက်သွေးရောင်မီးတောက် ခေါင်းညိမ့်ကာ ပြောလေသည် "ဒါဆို မင်းတို့ ပြင်ဆင်ပြီးတာနဲ့ ထပ်ပြော ကြတာပေါ့"

"စာချုပ်သခင်က ပြင်ဆင်ဖို့လိုတယ်ဆိုတာ ကျွန်တော်တို့ မသိလို့ ကျွန်တော်တို့ ဘာကူညီပေးရမလဲ" လေပြင်းဂဠုန် မေးလိုက်သည်။

"မလိုပါဘူး" ရှီမာယူယူပြောလိုက်သည် "ခင်ဗျားတို့ မျိုးနွယ်ဝင်တွေကို မျက်စိကျိန်းအောင်မလုပ်ဖို့ပ ပြောပေးပါ"

"....."

လေပြင်းဂဠုန်သည် သူတို့အား အသွင်ပြောင်းခိုင်းလိုက်သည်။ အသွင်မပြောင်းနိုင်သူတို့အား ပုန်းခိုင်း လေသည်။ အစပိုင်းက တောင်ပံလေးခုဂဠုန်များဖြင့် ပြည့်နေသော တောင်တန်းသည် အခုတော့ ရှင်းလင်း သွား လေသည်။

ကြက်သွေးရောင်မီးတောက်သည် ဝိဉာဉ်စေတီအတွင်း ပြန်သွားပြီး ငှက်လေးသည် လေးပြင်းဂဠုန်နှင့် စကားပြောနေလေသည်။ ရှီမာယူယူသည် တောင်ထိပ်မှဆင်းကာ ရှီမာယူလီနှင့်တခြားသူများနှင့် တွေ့လေ သည်။

"အဘိုးတို့ အဆင်ပြေကြရဲ့လား" ရှီမာယူယူသည် သူတို့ အဝတ်များ တောင်ပံလေးခုငှက်များကြောင့် ပြဲသွားသည်ကို ကြည့်ပြီး သူတို့ထိခိုက်သွားမည်ကို စိုးရိမ်နေသည်။

"ကိစ္စမရှိဘူး အပေါ်ယံဒဏ်ရာတွေပါ" ရှီမာယူလီ ပြောလေသည် "နည်းနည်းလေးခြစ်မိတာဆိုတော့ ဆေးသောက်လိုက်ရင်ရတယ်"

"တော်သေးတာပေါ့" ရှီမာယူယူ ပြောလေသည်။

"ယူယူ ကြက်သွေးရောင်မီးတောက်က တကယ်ပဲ ရှေးဟောင်းဒဏ္ဍာရီလာငှက်လား" ရှီမာယူလီ မေး လေသည်။

ရှီမာယူယူ ခေါင်းညိမ့်လိုက်သည်။

"မိုးနတ်မင်းရေ လုံးဝကို အံ့သြစရာပဲ" ဖက်တီးကျူ ပြောလိုက်သည် "မင့်ကြောင့် ရင်တုန်လို့ နလုံးခုန် တောင်ရပ်တော့မယ် မင်းရဲ့ စာချုပ်မိစ္ဆာတွေက ရှယ်တွေချည်းပဲ"

သူမ ခဏလေးထွက်သွားသည်နှင့် ထိုကဲ့သို့ဖြစ်မည်ဟု ရှီမာယူယူထင်မထားခဲ့ပေ။ သူမ ကြက်သွေး ရောင်မီးတောက်ကို ကတိပေးခဲ့သည်ကို ပြန်စဉ်းစားကြည့်လိုက်လျှင် သူမသည် အလွန်ရဲတင်းလွန်းသည်ဟု ခံစားရသည်။

သို့သော် သူက လက်ရှိမှာ အားလုံးရဲ့ရှေ့ကို ပေါ်လာဖို့အတွက် အချိန်မကျသေးဘူးလို့ ဘာလို့ပြော ခဲ့တာလဲ။

"ယူယူ နင်ဒဏ်ရာအများကြီးမရဘူးမလား" ဘေဂုံထန်သည် သူမ လေပြင်းဂဠုန်ဆီမှ ဖိအားပေးခံ ခဲ့ရ သည်ကို မမေ့လျော့ပေ။

"မများပါဘူး ကောင်းတောင်ကောင်းသွားပြီ" ရှီမာယူယူ ပြောလိုက်သည်။ သူမ ချူချောင်ထန်ကို မြင်လိုက်သောအခါ အနည်းငယ်အားနာစွာ ကြည့်ပြီး "ခင်ဗျားတို့ကိစ္စကို ခဏလောက် နောက်ဆုတ်ထားရမယ် ထင်တယ်..."

"ကိစ္စမရှိပါဘူး ဘယ်လိုပဲဖြစ်ဖြစ် ငါတို့မလောပါဘူး" ချူချောင်ထန် ပြောလိုက်သည်။

သူမသည် တောင်နှင့်ကွယ်နေသော တောင်ပံလေးခုဂဠုန်ငှက်များကို ကြည့်ကာ တုန်လှုပ်နေဆဲပင် ဖြစ်သည်။ သူမသည် စိတ်လှုပ်ရှားသေးသည်။ သူမသာ တောင်ပံလေးခုငှက်များ၏ အကာအကွယ်ကို ရပါက အစိမ်းရောင်ဖိဗ္ဗာန်သွားသည့်လမ်းအတွက် စိုးရိမ်စရာမလိုတော့ပေ။

"ဘာလုပ်ဖို့ အစီအစဥ်ရှိလဲ" ရှီမာယူလင်း မေးလေသည်။

"ငှက်လေးက အသွင်ပြောင်းချင်နေတယ်၊ သူ အသွင်းပြောင်းနေတဲ့အချိန်ကို ငါက သူ့သွေးသား နီးထဖို့ ကူညီပေးရမယ်လို့ ကြက်သွေးရောင်မီးတောက်ပြောတယ်၊ အဲဒါကြောင့် အခြေအနေဆိုးသွားရင် သုံးဖို့ ငါ ဆေး နည်းနည်းဖော်ရမယ် လုပ်လက်စနဲ့တော့ ဟိန်းသံထောင်ချီနဲ့ တခြားသူတွေကိုလည်း အသွင်ပြောင်းနိုင်ဖို့ ကူညီ ပေးရမယ်" ရှီမာယူယူ ပြောလိုက်သည်။

"နင်ဒဏ်ရာတွေ အကုန်သက်သာမှ ပြောတာကောင်းမယ်၊ နင်ဘာ ဆေးဖော်ချင်လဲ ပြောလိုက် ငါ ကူညီပေးမယ်" ဘေဂုံထန် ပြောလိုက်သည်။

"ကောင်းပြီ" ရှီမာယူယူပြောလိုက်သည် "ဘယ်လိုပဲဖြစ်ဖြစ် နင်လည်း အဲဆေးတွေဖော်တတ်နေတာပဲ နောက်မှ ဆေးဖက်ဝင်ပစ္စည်းတွေပေးမယ်"

"ကောင်းပြီ" ဘေဂုံထန် ခေါင်းညိမ့်လေသည်။

ရှီမာယူယူသည် ဖက်တီးကျူအား ကြည့်ပြီးပြောလေသည် "ဖက်တီး ငါမိုးကြိုးကိုရှောင်နိုင်ဖို့ ဝိဉာဉ် လက်နက်တစ်ခုလိုမယ်၊ အသွင်ပြောင်းတဲ့အတောအတွင်းကို သုံးချင်တယ်။ ဘယ်လိုလုပ်ရမလဲဆိုတာ သိလား"

"သိတယ် မင်း အဲအကြောင်းတွေကို အကြိမ်ပေါင်းများစွာ ပြောပြီးပြီ ငါမင်းအတွက် လုပ်ပေးနိုင်တယ်" ဖက်တီးကျူ ပြောလိုက်သည်။

"မင်းအဆင့်က သိပ်မမြင့်သေးဘူးမလား မလုံလောက်ဘူးထင်ရင် ထပ်ပြီး ကျင့်ကြံရမယ်" ရှီမာယူယူ ပြောလိုက်သည်။

ထို့နောက်တွင် သူမသည် ရှီမာယူလင်းအား ကြည့်လိုက်သည်။ သူမ ဘာမှမပြောခင် သူပြော လိုက် သည် "ငါ မိုးကြိုးကိုတိုက်ဖို့ တည်ဆောက်မှုကူဆောက်ပေးမယ်"

ရှီမာယူယူ ပြုံးလိုက်သည် "ကူညီပေးတဲ့အတွက် ကျေးဇူးပဲ"

"ကောင်းပြီ စရအောင်" အားလုံးပြောဆိုပြီးနောက် ဖက်တီးကျူသည် တိတ်ဆိတ်သော နေရာ တစ်ခု အားရွေးလိုက်သည်။ သူသည် ကိရိယာများထုတ်ကာ စတင် ထုလုပ်တော့သည်။

ရှီမာယူလင်းသည် သူ၏ မိစ္ဆာပုံကို ခေါ်ထုတ်ပြီး လေထွင်ပျံကာ ကြီးမားသော တည်ဆောက်မှု တစ်ခု ပြင်ဆင်ရန်အတွက် ပထဝီမြေအနေအထားကို လေ့လာနေသည်။

ရှီမာယူယူနှင့် ဘေဂုံထန်တို့သည် ဖော်စပ်ရန်လိုမည့် ဆေးများအကြောင်း ဆွေးနွေးနေကြသည်။ မချက်ရသေးသော ဆေးများမှာ မလုံလောက်ပေ။

ရှီမာလိုင်နှင့် တခြားသူများသည် ကျင့်သားရနေပြီဖြစ်သည်။ သူတို့သည် အမြဲတမ်းကျင့်ကြံနေသည် ဖြစ်၍ အစားမစားကြပေ။

ချူချောင်ထန်နှင့် လျှန်ဟုန်နှင့် ဝေကျိရှီတို့သည် ချက်ပြုတ်နေသည်ကို ကြည့်နေကြသည်။ သို့သော် ရှီမာယူယူနှင့်တခြားသူများကို တစ်ချက်တစ်ချက် လှမ်းကြည့်ကြသည်။

ရှီမာယူယူသည် အဂ္ဂိရတ်ပညာရှင်နှင့် တည်ဆောက်မှုသခင်ဖြစ်သည့်အပြင် တခြားသော လက်နက်ပညာရှင်နှင့် တည်ဆောက်မှုသခင်ရှိနေလိမ့်မည်ဟု သူတို့ထင်မထားကြပေ။

အထွတ်အထိတ်မိစ္ဆာအများကြီးလည်းရှိသေးသည်။ အနိမ့်ပိုင်းတိုင်းပြည်မှာ အားကောင်းတဲ့လူတွေ ဘယ်လောက်တောင် ရှိတာလဲ။

အခုတော့ မိစ္ဆာထိန်းကျောင်းသူသခင်ရှိသည်ဟု ပြောလျှင်တောင် မအံ့ဩတော့ပေ။

နစ်ရက်အတွင်းတွင် ရှီမာယူယူနှင့် တခြားသူများသည် ပြင်ဆင်မှုများ ဆက်လုပ်ကြလေသည်။ ငှက်လေးသည် ဂဠုန်ကိုးနှင့် တခြားသူများနှင့်အတူ ရှိနေလေသည်။ ထိုနေရာရှိ ငှက်မျိုးနွယ်များ၏ အခြေအနေကို သိပြီးနောက်တွင် သူသည် မည်မျှအရေးကြီးသော နေရာကို ပိုင်ဆိုင်ထားသည်ကို နားလည်လိုက်သည်။

ဂဠုန်ကိုးနှင့် တခြားသူများသည် ငှက်လေးဆီမှ ရှီမာယူယူအကြောင်းကို သိကြလေသည်။ သူမအကြောင်း ကြားပြီးသောအခါ သူတို့သည် အလွန်အံ့ဩကြသည်။ ထိုကဲ့သို့ အရည်အချင်းရှိသော လူသားတကယ်ပဲရှိနေတာလား။ သူမသည် ငှက်လေး၏ သခင်ဖြစ်ဖို့အတွက် လိုအပ်ချက်ရှိမနေပေ။

သို့သော် တောင်ပံလေးခုငှက်သည် အမြဲတမ်း အမြင့်တွင်ရှိသည်။ အခုတော့ သူတို့ဘုရင်သည် လူသားနှင့် စာချုပ်ချုပ်ထားသည်ကို သိသောအခါ သူမ ဘယ်လောက်ပင် သန်မာစေကာမူ နာကျင်ကြသည်။

နစ်ရက်အကြာတွင် ရှီမာယူယူသည် ငှက်လေးနှင့် တခြားသူများကို လက်ဝှေ့ရမ်းပြလေသည်။ သူတို့သည် ဂူအတွင်းသို့ပျံလာကာ သူမဘေးတွင် ဆင်းသက်လိုက်ကြသည်။

"အားလုံးတော့ ပြင်ပြီးသွားပြီ မင်း အချိန်မရွေးအသွင်ပြောင်းလို့ရတယ်" ရှီမာယူယူပြောလေသည်။

**အခန်း (၁၁)**

**အပိုင်း (၄၅၉) – ဖြတ်ကျော်ခြင်းနှင့် သွေးသားနိုးထလာခြင်း**

သူတို့သည် ရှီမာယူယူပြောလိုက်သော စကားကိုကြားသည်နှင့် ဂဠုန်ကိုး၏ လက်များတုန်ယင်သွားကာ ငှက်လေးအား စိုးရိမ်စွာ ကြည့်လေသည်။

သူမသည်လည်း မိုးကြိုးကပ်ဘေးကို ကျော်ဖြတ်ပြီးပြီဖြစ်၍ မိုးကြိုးထိမှန်ခြင်းသည် မည်မျှ ကြောက်မက်ဖွယ်ကောင်းသည်ကို သိသည်။ ရှေးဟောင်း ကမ္ဘာဦးနယ်မြေများမှ အထွတ်အထိပ်မိစ္ဆာအများစုသည် မိုးကြိုးကပ်ဘေးသည် ကြောက်မက်ဖွယ်ကောင်းလွန်းသဖြင့် အသွင်မပြောင်းချင်ကြပေ။ အထွတ်အထိပ်မိစ္ဆာ အများစု ကျရှုံးကာ ပြာဖြစ်သွားသည်ကို ကြည့်ပြီး ကြောက်ကြသည်။

"အမေ မစိုးရိမ်ပါနဲ့ ကျွန်တော်လုပ်နိုင်တယ်ဆိုတာ ယုံပေးပါ" ငှက်လေးသည် သူမအား နစ်သိမ့်လေသည်။

"အင်း အကောင်းဆုံးလုပ်ရမယ်နော်" သူ့ဘာသာ ကျော်ဖြတ်ရမည့် ကိစ္စဖြစ်သည်ကို ဂဠုန်ကိုးသိသည်။ သူမ ပေးနိုင်သည့် အကြံမရှိပေ။

ရှီမာယူယူသည် ငှက်လေးအား ပြောလိုက်သည် "အကြီးအကဲတွေနဲ့ တခြားသူတွေ ဒီနေရာကနေ ထွက်သွားဖို့ ပြောရတော့မှာပဲ"

"ကောင်းပြီ" လေပြင်းဂဠုန်သည် လက်ရမ်းပြလိုက်ရာ ထိုတောင်ပံလေးခုငှက်များသည် တောင်ကြားမှ ပျံထွက်သွားကြပြီး ရှီမာယူယူပြောသော နေရာသို့ သွားကြလေသည်။

ရှီမာယူယူသည် ရှီမာလိုင်နှင့် တခြားသူများကို ကြည့်လိုက်သည်။ သူတို့သည် မိစ္ဆာပျံပေါ်တွင်ထိုင်ကာ မိုးကြိုးကပ်ဘေးလွတ်မည့်နေရာသို့ ထွက်သွားကြလေသည်။

"အမေ စိတ်မပူပဲ ကောင်းကောင်းသွားပါ" ငှက်လေးသည် မသွားချင်ဖြစ်နေသော ဂဠုန်ကိုးအား ပြောလိုက်သည်။ "ကျွန်တော် အဆင်ပြေမှာပါ"

"အင်း" ဂဠုန်ကိုးသည် မတတ်နိုင်ပဲ ငှက်လေးအား ပုတ်ပြီး ထွက်သွားရန် ပြင်လေသည်။ သူမသည် ရှီမာယူယူ ရှိနေသေးသည်ကို မြင်လိုက်ရာ ပြောလေသည် "မင်း ငါနဲ့လိုက်ခဲ့လို့ရပါတယ်"

"ကျွန်တော် ငှက်လေးကို စောင့်ရှောက်ဖို့ နေခဲ့မယ်" ရှီမာယူယူ ပြောလိုက်လေသည် "ကျွန်တော်တို့က စာချုပ်ဆက်ဆံရေးဆိုတော့ မိုးကြိုးကို အတူတိုက်ခိုက်နိုင်ရမယ်လေ"

ဂဠုန်ကိုးသည် မှင်တက်သွားသည်။ သူမ အတွေးကိုဘယ်သူမှမသိနိုင်ပေ။ သူမ ပြောလိုက်သည် "ကျေးဇူးပဲနော်"

သူမ ပြောပြီးနောက် မူလအသွင်ပြောင်းကာ အတောင်ပံခတ်ပြီး ထွက်သွားလေသည်။

အားလုံး ထွက်သွားသည်နှင့် ရှီမာယူယူ ပြောလိုက်သည် "ငါတို့ စလို့ရပြီ ဟာစွန် ထွက်လာပြီးတော့ မိုးကြိုးကို ဘယ်လိုဆွဲရမလဲဆိုတာ ငှက်လေးကို သင်ပေးလိုက်"

ဟာစွန်ပေါ်လာသောအခါ အဝေးတွင်ရှိနေသော ချူချောင်ထန်သည် အံ့သြရပြန်သည်။ ဒီလူမှာ ဘယ်လိုလုပ် ဒီလောက် စာချုပ်မိစ္ဆာတွေများနေတာလဲ။ ဒီမှာရှိတာတွေကလွဲပြီး နောက်ထပ်ရှိသေးတာလား။

ဟာစွန်သည် ငှက်လေးအား အတွင်းပိုင်းရှိလည်ပတ်ပုံကို သင်ပြပြီး ငှက်လေးသည် ဟာစွန်သင်ပြသမျှကို ကြိုးစားလုပ်လေသည်။ ကောင်းကင်အထက်တွင် မီးခိုးရောင်တိမ်တိုက်များ တဖြည်းဖြည်း ဖြောလာသည်ကို သူသတိထားမိလိုက်သ်ည။ သူ အရှိန်မြင့်လိုက်သည်နှင့် မီးခိုးရောင်တိမ်တိုက် အရေအတွက်မှာလည်း များလာသည်။

ထိုအဖြစ်အပျက်အား ရှီမာယူယူမြင်သည်နှင့် ဟာစွန်အား သိမ်းလိုက်ပြီး တည်ဆောက်မှုအား အသက်သွင်းလိုက်လေသည်။ သူမသည် ဖက်တီးကျူ လုပ်ထားသော ကိရိယာများကို ထုတ်ကာ ငှက်လေးနှင့် သူမတွင် ဝတ်လိုက်ကြသည်။ ထို့နောက်တွင် သူမသည် ဆေးထုတ်ကာ အရေးပေါ်အခြေအနေအတွက် ငှက်လေး ပါးစပ်ထဲသို့ ထည့်လိုက်ပြီးနောက် သူမလည်း ငုံထားလေသည်။

ဝေကျိရွှိနှင့် တခြားသူများသည် အဝေးမှ အဖြစ်အပျက်များကို စောင့်ကြည့်နေလေသည်။ တိမ်တိုက်မည်းများ အဆက်မပြတ်လာနေသည်ကို သူတို့ကြည့်ပြီး စိုးရိမ်စွာ ပြောလိုက်ကြသည် "အဲတိမ်တိုက်မည်းတွေက ဘာလို့ စုနေသေးတာလဲ"

"ဟာစွန်တုန်းကထက် မိုးကြိုးတွေပိုများတယ်ထင်တယ် အခုထိ ပိုကြီးလာနေတုန်းပဲ၊ ငှက်လေးရဲ့ မိုးကြိုးကပ်ဘေးက ငှက်လေးထက်တောင် ပိုပြီးအားကောင်းမလားပဲ" ဖက်တီးကျူလည်း စိုးရိမ်နေသည် "ယူယူနဲ့ သူနဲ့ အဆင်ပြေလောက်မှာပါနော်"

"ဟာစွန်အသွင်ပြောင်းတုန်းက ယိလင်းတိုင်းပြည်မှာပဲရှိသေးတယ် ကောင်းကင်က ဖိနှိပ်ထားတော့ အဲက မိုးကြိုးက ဒီလောက်အားမကောင်းဘူး ပြီးတော့ ငှက်လေးရဲ့ သွေးသားကလည်း ပိုပြီး အားကောင်းတယ်လေ သွေးသားအားကောင်းရင် မိုးကြိုးကပ်ဘေးကလည်း ပိုအားကောင်းတယ်လို့ ပြောလို့ရတယ်" ဂူရန်ဖေ ပြောလိုက်သည်။

"ပြီးတော့ ငှက်လေးက မိုးကြိုးပစ်တဲ့စွမ်းအင်ကို သုံးပြီး သူ့သွေးသားကို နှီးထချင်နေတာ နောက်ဆုံးမှာ ပိုပြီးခက်ခဲမှာကို ကြောက်တယ်" ဘေဂုံထန် ပြောလိုက်သည်။

ဂဋ္ဌုန်ကိုးနှင့် တခြားသူများသည် ပို၍ စိတ်ပူကြသည်။ သူတို့သည် ထိုကဲ့သို့ မိုးကြိုးကပ်ဘေးကို မမြင်ဘူးကြပေ။ သူမ မြင်သလောက်အရဆိုလျှင် ထိုမိုးကြိုး ကပ်ဘေးသည် လွယ်ကူမည်မဟုတ်ပေ။

"ကြည့်ရတာ မိုးကြိုးကပ်ဘေးကလည်း မင်းသွေးထဲက မြင့်မြတ်တဲ့ဂဋ္ဌုန်သွေးသားကို အာရုံခံမိတယ်ထင်တယ်၊ အဲဒါကြောင့် ဒီလောက်ကြီး ကြီးလာတာ" သူမသည် မိုးကြိုးတိမ်တိုက်များ ဆက်ပြီး ကြီးထွားလာသည်ကို တွေ့သောအခါ နှုတ်ခမ်းတွန့်ရုံအပြင်မရှိတော့ပေ။

ထိုအတောအတွင်းတွင် ပြင်ဆင်မှုများ ပြုလုပ်ထားခြင်းကြောင့်သာ တော်သေးသည်။သူမသာ ချက်ချင်းရင်ဆိုင်လိုက်ပါက သူမသည် မိုးကြိုးပစ်တာနှင့်ပင် သေသွားလောက်သည်။

ပထမဆုံးမိုးကြိုးပစ်လိုက်ချိန်တွင် ကြက်သွေးရောင်မီးတောက် ပေါ်လာသည်။ သူသည် ရွှေရောင် သွေးစက်ကို ငှက်လေးဆီသို့ ချလိုက်ရာ ငှက်လေးသည် ပါးစပ်ဟပြီး ကိုယ်အတွင်း စီးစေလိုက်သည်။

"မိုးကြိုးပစ်တာကို ခံနိုင်ဖို့ စွမ်းအားကိုသုံး" သူပြောပြီးသည်နှင့် ဝိဉာဉ်စေတီအတွင်း ပြန်သွားလေသည်။

ရှီမာယူယူ ဆွံ့အသွားသည်။ ဒီလူသည် သူမကို အလာရော အပြန်ရော နှုတ်မဆက်ပဲ ထွက်သွားလေသည်။

"အုန်း"

မိုးခြိမ်းသံထွက်လာသော်လည်း မိုးကြိုးမပစ်ပေ။ ထိုအသံသည် သူတို့နားများ အူသွားစေသည်။

ထိုအဖြစ်အပျက်သည် လူအများကို ဆွဲဆောင်နိုင်သောကြောင့် အများစုသည်မိစ္ဆာပုံများအပေါ်တွင် ထိုင်ထားကြလေသည်။ မည်ကဲ့သို့သော ဝိဉာဉ်မိစ္ဆာက ဒီလောက်ကြီးမားတဲ့ မငြိမ်သက်မှုကို ဖြစ်စေတာလဲ ဆိုသည်ကို ကြည့်ချင်နေကြသည်။

လူများ ပိုပိုများလာသည်ကို ကြည့်ကာ ချူချောင်ထန်မျက်နှာပျက်လေသည်။ လူများလာခြင်းသည် သူတို့ သတင်းများပိုပေါက်ကြားနိုင်သည်။

ထင်ထားသည့်အတိုင်းပင် လူများစုဝေးလာကာ ဆွေးနွေးနေကြသည်ကို တွေ့ပြီးနောက် သူတို့သည် လျင်မြန်စွာ တပ်ဆုတ်ကြလေသည်။

သို့သော် ဖေမျိုးနွယ်ပင်လျှင် ရှီမာယူယူနှင့် တခြားသူများကို တိုက်ရိုက် မဆန့်ကျင်ရဲပေ။ ငှက်လေးသည် မိုးကြိုးကပ်ဘေးကို ကျော်လွှားနိုင်သည်နှင့် သူသည် သွေးသားနီးထလာကာ မြင့်မြတ်သော ဂဠုန်ငှက် ဖြစ်သွားမည်။ သူသည် ငှက်မျိုးစိတ်ပေါင်း အကန့်အသတ်မရှိကို အမိန့်ပေးနိုင်မည်။ ဖေမျိုးနွယ်သည် သူ့အား မပြစ်မှားရဲကြပေ။

ရှီမာယူယူသည် သူမ ပတ်ဝန်းကျင်မှဖြစ်နေသော အရာများကို ဂရုစိုက်ရသည်နှင့် အလုပ်များနေ သည်။ သူမသည် မိုးပေါ်ကို လုံးဝ အာရုံစိုက်ထားလေသည်။

သူမသည် ထိုအချက်အား စဉ်းစားမိပြီး ရှီမာယူလင်းကို တည်ဆောက်မှု ပြုလုပ်ခိုင်းလိုက်သည်မှာ အဆင်ပြေသွားသည်။ ထိုတည်ဆောက်မှုသည် ကာကွယ်ရေးတည်ဆောက်မှုလည်းပါဝင်သဖြင့် လူတကာ ဝင်လို့မရပဲ မိုးကြိုးအားကောင်ခြင်းမှလည်း ကာကွယ်ပေးနိုင်သည်။

"လာနေပြီ" ရှီမာယူယူ ပြောလိုက်သည် "မိုးကြိုးက အစပိုင်းတော့ အားကောင်းသေးမှာ မဟုတ်တော့ မင်းဘာသာမင်း ခံနိုင်ရမယ်၊ အဲဒါက မင်းရဲ့ သွေးသားကို အသစ်ပြန်ဖြစ်စေပြီးတော့ မင်းရဲ့ အသွင်အပြင်ကိုလည်း ပြောင်းလဲပေးလိမ့်မယ် ငါနောက်ဆုံးကျရင် မင်းနဲ့ လိုက်တိုက်ပေးမယ်"

"ကောင်းပြီ" ငှက်လေးသည် ပြန်ဖြေကာ ရင်ဆိုင်ရန် ပြင်ဆင်လိုက်သည်။

အစပိုင်းတွင် လာရောက်ကြသော ထိုလူများသည် ရှီမာယူယူနှင့် ငှက်လေးတို့ အတူတကွရပ်နေကြသည်ကို တွေ့သည်နှင့် အံ့သြကြသည်။

"အဲဒါ မိစ္ဆာရဲ့ စာချုပ်သခင်မလား"

"သူက အဲမှာဘာလုပ်နေတာလဲ သူက မိစ္ဆာနဲ့အတူတူ ရင်ဆိုင်မလို့လား"

"သူရူးနေတာလား တကယ်ပဲ ဝိဉာဉ်မိစ္ဆာနဲ့ တိုက်ပွဲဝင်မလို့လား"

"သူ့လိုလူကို ငါတစ်ခါမှ မတွေ့ဖူးဘူး၊ သူက မိုးကြိုးပစ်ခံရပြီး သေမှာမကြောက်ဘူးလား"

"အမှန်ပဲ ဝိဉာဉ်မိစ္ဆာသေသွားရင် သူနောက်တစ်ကောင်နဲ့ စာချုပ်ချုပ်လို့ရတာပဲ၊ သူပါ သေသွားရင် တခြားလမ်းမရှိတော့ဘူး"

"အဲလိုမလား ဒီလူက အ,လွန်းတာလား သူ့စာချုပ်မိစ္ဆာအပေါ်ကောင်းလွန်းတာလား"

"ဒီမိုးကြိုးကပ်ဘေးက ကြီးလွန်းတယ် ဟုတ်တယ်မလား"

အားလုံးသည် တစ်စုံတစ်ရာဖြစ်နေပြီကို သိလိုက်ကြသည်။

"ဟုတ်မယ်ထင်တယ် အဲဒါ တောင်ပံလေးခုဂဠုန်အတွက် ကပ်ဘေးမလား ဒီလောက်ကြီးတာကို ငါတစ်ခါမှ မမြင်ဖူးဘူး"

"မြင့်မြတ်တဲ့သွေးသားကြောင့်ဖြစ်မယ်၊ တောင်ပံလေးခုဂဠုန်ငှက်တွေမှာ မြင့်မြတ်တဲ့ဂဠုန်ရှိတယ် လို့ ကြားဖူးတယ် အဲဒါများဖြစ်နေမလားပဲ"

"ဖြစ်နိုင်တယ် ကိုယ့်လူတို့ ကြည့်လိုက် သူ့ငှက်မွေးက ရွှေရောင်သန်းနေတယ်"

"အုန်း"

အားလုံးအော်လိုက်သည်နှင့် ပထမဆုံးမိုးကြိုးသည် ငှက်လေးဆီသို့ ပစ်လွှတ်လိုက်လေသည်။

မိုးကြိုးသည် တည်ဆောက်မှုနှင့်တွေ့သောအခါ မိုးကြိုးတချို့သည် စုပ်ယူခြင်းခံလိုက်ရပြီး တခြား နေရာကို အပို့ခံလိုက်ရကာ အားလျော့သွားလေသည်။ မိုးကြိုးသည် ငှက်လေးအပေါ် ကျရောက်သောအခါ ဖက်တီးကျူ ဖန်တီးထားသော အကာအကွယ်ဖြင့် မိုးကြိုး၏ ဖိအားမှာ အားပျော့လေသည်။

ကျန်မိုးကြိုးများမှာ ငှက်လေး၏ ခန္ဓာကိုယ်အတွင်းဝင်သွားပြီး နာကျင်မှုပြည့်နှက်သောကြောင့် မေ့မြော သွားလေသည်။

သူ့ပါးစပ်ထဲမှ ရွှေရောင်သွေးသည် ရေးဟောင်းရောင်ဝါကို ပစ်လွှတ်ကာ သူ မိုးကြိုးအပစ်ခံလိုက်ရ ချိန်တွင် သူ့ခန္ဓာကိုယ်အတွင်း လှုပ်ရှားသွားလေသည်။

လျင်မြန်စွာပင် ဒုတိယမိုးကြိုးကျလာကာ ငှက်လေး၏ ကိုယ်ပေါ်မှ မိုးကြိုးကာဝတ်စုံသည် ကျိုးပဲ့သွား လေသည်။ သို့သော် မိုးကြိုးအား အနည်းငယ်ခုခံနေသေးသည်။

"ရှီး"

ငှက်လေးသည် သူ့ခန္ဓာကိုယ် နီးထလာသည်ကို ခံစားလိုက်ရသည်။ သူ မိုးပေါ်သို့ အော်လိုက်သည်နှင့် ထိုနေရာရှိ ရောင်ဝါသည် ငှက်မျိုးနွယ်တစ်ခုလုံးကို တုန်ယင်စေသည်ကို သတိထားမိလိုက်သည်။

**အခန်း (၁၂)**

**အပိုင်း (၄၆၈) – ပြီးပြည့်စုံစွာ စုပ်ယူခြင်း**

တောင်ပံလေးခုဂဠုန်ငှက်အပြင် တခြားသော ငှက်မျိုးနွယ်များလည်း လာကြည့်ကြလေသည်။ လင်းယုန် မျိုးနွယ်မှ တချို့လည်း သတင်းကြားသဖြင့် လာကြည့်ကြလေသည်။

ငှက်းလေးထုတ်လွှတ်လိုက်သော ရောင်ဝါအား အာရုံခံရင်း ငှက်မျိုးနွယ်မှ အားလုံးသည် အံ့သြကြလေ သည်။ အထူးသဖြင့် သိမ်းငှက်များသည် မျက်နှာပျက်ကြလေသည်။

သူတို့သည် ဖြစ်နိုင်သလောက် မြန်မြန်ရောက်လာသော်လည်း ကပ်လွဲသွားရသည်။

အစဆိုလျှင် ငှက်လေးသည် မြင့်မြတ်သော ဂဠုန်သွေးသား ပြီးပြည့်စုံစွာ နီးထနေပြီဖြစ်သည်။ ထိုသည် မှာ သူသည် တောင်ပံလေးခုဂဠုန်ငှက်မဟုတ်တော့ပဲ မြင့်မြတ်သော ဂဠုန်ဖြစ်နေပြီကို သက်သေပြနေသည်။

သူသည် မိုးကြိုးကပ်ဘေးကို ဖြတ်ကျော်နိုင်ပြီဆိုသည်နှင့် သူသည် ဂဠုန်များ၏ ဘုရင်ဖြစ်သွားမည်။

သိမ်းငှက်သည် တောင်ပံလေးခုဂဠုန်များ စိတ်လှုပ်ရှားနေသည်ကို ကြည့်ကာ အေးစက်စွာပြောလေ သည် "သူ မိုးကြိုးကပ်ဘေးကို ဖြတ်နိုင်မလားဆိုတာ ငါတို့မသိရသေးဘူး သူ လျှပ်စီးပြီး သေသွားရင် အကောင်း ဆုံးပဲ"

"ခေါင်းဆောင် ကြည့်လိုက် တိမ်တိုက်တွေ ပြောင်းနေပြီ" သိမ်းငှက်တစ်ကောင်သည် မိုးကြိုးတိမ်တိုက် များကို မြင်သည်နှင့် ပျော်ရွှင်စွာ ပြောလေသည်။

အားလုံးသည် ခေါင်းမော့ပြီးကြည့်ရာ တိမ်တိုက်များသည် မိုးကြိုးများပစ်နေရာမှ ရပ်သွားလေသည်။ ထို အစား ပိုအင်အားကောင်းလာကာ ထိုတိမ်တိုက်မည်းများသည် ပိုကြီးပြီး ပိုထူထပ်လာသည်။ ထိုတိမ်တိုက်များ သည် ကြည့်လိုက်ရင်နှင့် ဆံပင်ပါထောင်နိုင်သည်။

"သေစမ်း ငါအသွင်ပြောင်းတာကို မရွေးလိုက်မိလို့တော်သေးတယ်၊ မိုးကြိုးသာ ငါ့ကို ပစ်ချလိုက်ရင် ငါတော့ ကြက်ကင်ဖြစ်သွားတော့မှာ"

ဘယ်သူပြောလိုက်သည်ကို မသိသော်လည်း အနားရှိလူများသည် ရယ်မောကြလေသည်။

ဘေဂုံထန်နှင့် တခြားသူများသည် ဆွံ့အသွားကြသည်။ သူတို့သည် အမှန်တကယ်ပင် ပွဲကြည့်ရန် လာ ခြင်းဖြစ်သည်။ ဒီလိုအချိန်မှာတောင် နောက်ပြောင်နိုင်သေးသည်။

ရှီမာယူယူသည် မိုးကြိုးကာဝတ်စုံအသစ်ထုတ်ကာ ငှက်လေးအား ဝတ်ပေးလိုက်သည်။ ထိုအချိန်တွင် သူသည် အသွင်ပြောင်းခြင်းအဆင့်ကို ဝင်နေပြီဖြစ်သည်။ သူမသည် မြေပေါ်တွင် လဲနေလေသည်။

"သခင်..."

ငှက်လေးသည် မျက်လုံးများ ပင့်တင်လာကာ ရှီမာယူယူအား ကြည့်လေသည်။ ထိုအချက်တွင် သူသည် သူတို့ပြောသကဲ့သို့ လုံးဝအသွင်ပြောင်းခြင်း ပုံစံနှင့် မတူတော့ပေ။ သူ၏ အတွင်းပိုင်းသည် ကြောက်မက်ဖွယ် ကောင်းလောက်အောင် ပြောင်းလဲနေကာ မိုးကြိုးအား နောက်တစ်ခေါက်ရင်ဆိုင်ရန် လုံးဝမဖြစ်နိုင်တော့ပေ။

သူတစ်ယောက်တည်းသာဆိုလျှင် သူသည် မိုးကြိုးအပစ်ခံရသည်ကို နစ်ဆခံစားရမည်။

ရှီမာယူယူသည် သူ့ခေါင်းကိုပုတ်ကာ နစ်သိမ့်ပေးသည် "မစိုးရိမ်ပါနဲ့ အသွင်ပြောင်းတာနဲ့ ပျောက်သွား မှာပါ ကျန်တာတွေ ငါတာဝန်ထား၊ မင်း အသွင်ပြောင်းပြီးတာနဲ့ ငါ့ကို ပြန်ဆပ်ပေ့ါ ဟုတ်ပြီလား"

ပြောပြီးနောက်တွင် သူမသည် မတ်တပ်ရပ်ကာ မိုးပေါ်မှ လျှပ်စီးတိမ်တိုက်များကို ကြည့်လိုက်သည်။

"အုန်း"

ထိုတိမ်တိုက်များသည် ရှီမာယူယူ၏ စိတ်ဆတ်မှုကို ခံစားမိကာ မိုးကြိုးပစ်လိုက်လေသည်။ သူမ ခန္ဓာ ကိုယ်လှည့်ကာ ရှောင်လိုက်ပြီး စွမ်းအားထုတ်ကာ တိုက်ခိုက်လေသည်။

သူမ မြေပေါ်သို့ ဆင်းသက်လိုက်သည်နှင့် မိုးကြိုးအပစ်ခံထားရပြီးဖြစ်ကာ ခန္ဓာကိုယ်တစ်ခုလုံး နာကျင် နေသဖြင့် မြေပေါ်တွင် ဒူးထောက်လျက်သား ကျလေသည်။

သူမသည် ကိုယ်ထဲမှ ဝိဉာဉ်စွမ်းအင်ကို လျင်မြန်စွာ လှုပ်ရှားလိုက်ပြီး လျှပ်စီးကို သူမကိုယ်ထဲဝင်စေ ကာ လျှပ်စီးဂုဏ်သတ္တိအဖြစ် ပြောင်းလိုက်လေသည်။ သူမ ပင်မသွေးကြောသို့ရောက်သောအခါ လုံးဝပင် ငြိမ်ကျ သွားလေသည်။

လျှပ်စီးစွမ်းအင်သည် သူမ ပင်မသွေးကြောထဲသို့ ဝင်သွားသည်ဟု သတိထားမိချိန်တွင် စွမ်းအားတိုး လာသောကြောင့် သူမ ကြွေးကြော်လေသည် "ဒီလောက်တောင် ကြီးထွားလာတာပဲ၊ ငါ ထပ်ပြီး နည်းနည်း လောက်စုပ်ယူလိုက်ရင် အဆင့်တက်သွားနိုင်တယ် ပြီးတော့ ငါ့ပင်မသွေးကြောထဲကို စုပ်ယူလိုက်တာနဲ့ နာတာ တွေလည်း သက်သာသွားတယ်"

သူမ ထိုကဲသို့စဉ်းစားမိရာ မတ်တပ်ရပ်ပြီး လျှပ်စီးကာကွယ်ရေးဝတ်စုံကို ချွတ်လိုက်ပြီး မိုးကြိုးကို အလွတ် ရင်ဆိုင်လိုက်သည်။

"ယူယူက ဘာလုပ်တာလဲ" ဖက်တီးကျူ အော်လိုက်လေသည်။ "သူမ အဲလိုလုပ်မယ်ဆိုရင် သေသွားလိမ့်မယ်"

ရှီမာလိုင်နှင့် တခြားသူများလည်း စိုးရိမ်နေကြသည် "သူမက ဘာလို့ လျှပ်စီးကာကွယ်ရေးဝတ်စုံကို ချွတ်လိုက်တာလဲ နောက်ပိုင်း မိုးကြိုးတွေက ပိုပြီးသန်မာလာမှာကို"

"အဘိုး မစိုးရိမ်ပါနဲ့ ညီလေး၅က ဘာမဆို သေချာလုပ်တတ်တာပဲ သတိမမူပဲ မလုပ်ပါဘူး" ရှီမာယူရန် သူ့ကို နှစ်သိမ့်လိုက်သည်။ သို့သော် သူသည် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ထားသည်မှာ သူ အမှန်တကယ်ပင် စိတ်ပူနေသည်ကို ပြနေသည်။

ရှီမာယူယူသည် မိုးကြိုးကို ခံနိုင်ရည် ရှိမည်ဟု ငှက်လေးနှင့် တခြားသူများ ထင်မထားသဖြင့် သူမ သန်မာမှုကို မြင်လိုက်သောအခါ အလွန်အံ့သြသွားသည်နှင့် တပြိုင်နက် စိုးရိမ်မှုများ လျော့သွားလေသည်။ သူမ ဘေးတွင် ငှက်လေးသည် ပိုမိုကြီးမားသော မိုးကြိုးကပ်ဘေးကို ဖြတ်ကျော်ရမည်ဖြစ်လေသည်။

ယူယူ လျှပ်စီးကာဝတ်စုံချွတ်လိုက်သည်ကို ဂဠုန်ကိုးမြင်သောအခါ အလွန်တုန်လှုပ်သွားသည်။ သို့သော် သူမအား ပြီးခဲ့သည့်နှစ်ရက်အတွင်းတွင် သိခဲ့ရသည်မှာ ရှီမာယူယူသည် သတိရှိသူဖြစ်သည်။ သူမ ထိုသို့ ပြုမူရခြင်းမှာ အကြံရှိလို့ဖြစ်မည်။

"အုန်း"

ရှီမာယူယူသည် နောက်မိုးကြိုးတစ်လုံး အပစ်ခံလိုက်ရလေသည်။ ဒီတစ်ကြိမ်တွင် သူမသည် ဝိဉာဉ်စွမ်းအင်များကို ချက်ချင်း အသင်သွင်းလိုက်ပြီး လျှပ်စီးများကို သူမကိုယ်ထဲသို့ ဝင်စေလေသည်။ စွမ်းအင်များ ဝင်သွားချိန်တွင် ခေါင်းမှ ခြေအဆုံးနာကျင်ကာ မြေပေါ်လဲကျသွားသော်လည်း ဒီတစ်ခေါက် ရလဒ်မှာ မဆိုးလှပေ။ ထို မိုးကြိုးကိုလည်း သူမ ပင်မသွေးကြောထဲသို့ စုပ်ယူလိုက်သည်။

လျှပ်စီးရောက်လာလျှင် စုပ်ယူလိုက် နောက်လျှပ်စီး ရောက်လာလျှင် ထပ်စုပ်ယူလိုက်လုပ်လေသည်။ နောက်ဆုံးတွင် ရှီမာယူယူသည် သူမ မည်မျှ အပစ်ခံရသည်၊ မည်မျှ စုပ်ယူလိုက်သည်ကို ပင်မသိတော့ပေ။

သူမ ထိုအရာကို မသိသော်လည်း ငှက်လေးအား ပစ်လိုက်သော ၂၁ခါပါ ပေါင်းလိုက်လျှင် ၁၄ကြိမ် ရှိပြီဖြစ်သည်။ သူမသာ လျှပ်စီးစွမ်းအင်များကို စုပ်ယူလိုက်ခြင်း မရှိပါက သူမ မီးကျွမ်းသွားသည်မှာ ကြာပြီ ဖြစ်သည်။

သူမ အခြေအနေသည် ပြုံးနိုင်သည့် အခြေအနေမဟုတ်သေးပေ။ အဘယ့်ကြောင့်ဆိုသော် သူမ ပင်မသွေးကြောထဲသို့ လျှပ်စီးပို့နေသည့်အချိန်တိုင်းတွင် နောက် မိုးကြိုးတစ်ခု အပစ်ခံလိုက်ရသောကြောင့်ပင်။ သူမ ကိုယ်အတွင်း စုနေသော မိုးကြိုးအရေအတွက်မှာ တိုးပွားလာရာ သူမသည် လျှပ်စီး၍ မသေပဲ ပေါက်ထွက်၍ သေမည်ကို စိုးရိမ်စပြုလာသည်။

သူမ ခေါင်းမော့လိုက်ရာ တိမ်တိုက်အမည်းများကို တွေ့လေသည်။ ဒီတစ်ကြိမ်တွင် မိုးကြိုးမပစ်သည်မှာ နာရီဝက်ကြာသွားပြီဖြစ်သည်။ ထိုသည်မှာ ဒီတစ်ခေါက်မိုးကြိုးသည် မထင်မှတ်လောက်အောင် အားကောင်းမည်ကို ပြနေသည်။

သူမသည် ဖော်ထားသော ဆေးတစ်ဝက်ကို စားပြီးဖြစ်ရာ ဒဏ်ရာရထားသော ခန္ဓာကိုယ်သည် ကွဲထွက်တော့မလိုပင်။ တည်ဆောက်မှုသည် မိုးကြိုးအကြိမ်အနည်းငယ် ပစ်ပြီးချိန်မှစပြီး ပျက်ဆီးသွားရာ အသုံးမဝင်တော့ပေ။

သူမသည် နောက်လာမည့် မိုးကြိုးကို ခံနိုင်မလား မခံနိုင်မလားကို မသိတော့ပေ။

ရုတ်တရပ်ကပင် ငှက်လေး၏ ခန္ဓာကိုယ်မှ အလွန်ရှေးကျသောရောင်ဝါ ထွက်လာသည်။ အရင်က ရောင်ဝါထက်စာလျှင် ဂဠုန်များကို ပို၍ တုန်ယင်စေသည်။

အခုတော့ သူသည် အသွင်ပြောင်းခြင်းပြီးစီးကာ မြင့်မြတ်သော ဂဠုန်ဖြစ်လာသည်။

ငှက်လေးသည် ခန္ဓာကိုယ်အားလှုပ်ရှားလိုက်ရာ လျှပ်စီးဝတ်စုံသည် ကွာကျသွားလေသည်။ အားလုံးသည် သူ၏ ပုံစံအစစ်အမှန်ကို တွေ့လိုက်ရတော့သည်။ သူ၏ အတောင်ပံလေးခုသည် နှစ်ခုဖြစ်သွားကာ ငှက်မွေးများသည် လုံးဝရွှေရောင် ပြောင်းသွားလေသည်။ ရွှေရောင်ကွက်ကြားမဟုတ်တော့ပေ။ သူ့ငှက်မွေးများသည် အလင်းရောင်ကြောင့် တောက်ပနေကာ တစ်ခုချင်းစီသည် လက်နက်အဖြစ်အသုံးပြုလို့ရအောင်ထိ အင်အားကောင်းနေသည်ကို ပြနေသည်။

ဒဏ္ဍာရီလာ မြင့်မြတ်တဲ့ ဂဠုန်...

"သခင် ကျန်တာကို ငါ့ကို အပ်လိုက်တော့" ငှက်လေး၏ အသံသည် ပိုရင့်ကျက်လာသည်။

သူ မတ်တပ်ရပ်ကာ မိုးပေါ်မှ တိမ်တိုက်အမည်းများကို ကြည့်လိုက်သည်။ သူ့မျက်လုံးများသည် ကြောက်ရွံ့ခြင်း တစ်စုံတစ်ရာမရှိပေ။

ရှီမာယူယူသည် ငှက်လေး၏ လက်ရှိအသွင်အပြင်ကို ကြည့်ကာ ပြုံးပြီး ခေါင်းညိမ့်ကာ ပြောလေသည် "ကောင်းပြီ မင်းရဲ့ မိုးကြိုးကပ်ဘေးပဲ၊ မင်းရင်ဆိုင်တာ အကောင်းဆုံးပဲ အဲဒါမှ မင်းက ကောင်းကင်ရဲ့ အသိအမှတ်ပြုတာကို ခံရမှာ"

ထို့အပြင် သူမသည် နောက်မိုးကြိုးတစ်ခုကို ရင်ဆိုင်ရန်အတွက် အားမရှိတော့ပေ။

ငှက်လေးသည် သူမအား ကျေးဇူးတင်စွာနှင့် ရင်နာစွာ ကြည့်လိုက်သည်။ သူသည် ခေါင်းငုံ့ကာ လျှပ်စီးအကာအကွယ်ဝတ်စုံကို ကောက်ပြီး သူမအားဝတ်ပေးကာ ပြောလိုက်သည် "သခင် ငါ မိုးကြိုးကပ်ဘေးကို ကျော်ဖြတ်တာကိုပဲ ကြည့်နေ"

"အိုခေ"

ငှက်လေး၏ ယုံကြည်မှုအပြည့်ဖြစ်နေသည်ကို ကြည့်ကာ သူမ ပြုံးလိုက်ပြီး ခြေထောက်ချိတ်ထိုင်ကာ ကျင့်ကြံပြီး သူမဘေးပတ်လည်တွင် ရှုပ်ယှက်ခတ်အောင် သွားလာနေသော လျှပ်စီးစွမ်းအင်များကို ရပ်တန့်ရန် ထိန်းချုပ်လိုက်လေသည်။

သို့သော် သူမ ကျင့်ကြံခြင်း အနေအထား ယူလိုက်သည်နှင့် ဝိဉာဉ်စွမ်းအင်များသည် ဝင်လာသော လျှပ်စီးများကို စွမ်းအင်အဖြစ် ပြောင်းလဲလိုက်ရာ သူမကိုယ်အတွင်း လျှပ်စီးများ တိုးလာလေသည်။ အခုတော့ သူမသည် ကိုယ်အတွင်းရှိ လျှပ်စီးများကို စွမ်းအင်အဖြစ်ပြောင်းလိုက်ရုံတင်မကပဲ စုပ်ယူလိုက်သော စွမ်းအင်များကို နေရာပြောင်းရွှေ့ပေးရဦးမည်။

"ဝူး.."

သူမ အတွင်းပိုင်းခန္ဓာကိုယ်သည် လျှပ်စီးများကြောင့် ဒဏ်ရာရထားကာ အခုတော့ ဖြန့်ကျက်လိုက်ပြီ ဖြစ်သည်။ အခု သူမသည် စိတ်အေးသွားရာ ပါးစပ်မှ သွေးစိမ်းများ ထွက်ကျလာသည်။ ခန္ဓာကိုယ်တွင် ဒဏ်ရာများ ပေါ်လာလေ ပါးစပ်မှ သွေးများထွက်ကျလေဖြစ်သည်။ သူမ တစ်ကိုယ်လုံးသည် သွေးနှင့် ရေချိုးသလို ဖြစ်နေသည်။

သူမ ခန္ဓာကိုယ်မှ ဒဏ်ရာများကို ကြည့်ကာ ဆေးထုတ်စားလိုက်သည်။ သို့သော် သူမ ကိုယ်ထဲမှ လျှပ်စီးများသည် လှုပ်ရှားလာရာ သူမ ဒဏ်ရာများကို နှိုးစွလေသည်။

"သေစမ်း မင်းက မိုးကြိုးအပစ်ခံရတာမဟုတ်ရင် နှစ်ပိုင်းကွဲသွားလောက်ပြီ အခု မင်းထိုင်တောင် မထိုင်နိုင်တော့ဘူးမလား"

**အခန်း (၁၃)**

**အပိုင်း (၄၆၁) – အလယ်အလတ်အဆင့်တက်ခြင်း**

သူမ ခန္ဓာကိုယ်တောင့်မခံနိုင်တော့ဘူးဟု တွေးနေချိန်တွင် သူမ ဘယ်ဘက်လက်မှ သွေးလက်စွပ်သည အနီရောင်အလင်းတန်းများ ထွက်လာသည်။ ထို့နောက်တွင် ပူနွေးသော အားသည် သူမ လက်မှ စီးဆင်းကာ ကိုယ်ထဲမှ လျှပ်စီးသည် သူမညွှန်ကြားချက်အတိုင်း ပင်မသွေးကြောဆီသို့သွားလေသည်။

"ဟူး"

ရှီမာယူယူ သက်ပြင်းရှည်ချလိုက်ကာ သူမ သေဆုံးခြင်းရှိ မရှိကို စစ်ဆေးရန် အရင်ဆုံးတွေးမိလိုက်သည်။ သူမ ဝိဉာဉ်စွမ်းအင်များကို ပင်မသွေးကြောသို့ စုပ်ယူပြီးနောက်တွင် မျက်လုံးဖွင့်ကာ သူမလက်ချောင်းမှ လက်စွပ်ကို ကြည့်လိုက်သည်။

ခုနက လာသော ပူနွေးမှုနှင့် အားအင်သည် ထိုလက်စွပ်မှလာခဲ့သည်။ ဘာကြောင့်လဲ၊ သေချာ စမ်းစစ် ကြည့်သော်လည်း ထူးခြားချက်ကို ရှာမတွေ့ပေ။

"အုန်း"

မိုးကြိုးသည် ကောင်းကင်နှင့်မြေကြီးကို ပဲ့တင်ထပ်ကာ မိုးပေါ်မှ ပစ်လွှတ်လိုက်လေသည်။ သူမ ခေါင်းမော့ပြီးကြည့်ရာ ငှက်လေးသည် ဆိုးရွားစွာ မိုးကြိုးထိမှန်ထားကာ သူ့ခန္ဓာကိုယ်တစ်ခုလုံးသည် ပျက်ဆီးနေလေသည်။ သူသည် ကောင်းကင်မှ မြေပေါ်သို့ ပြင်းထန်စွာ ကျလေသည်။

"ငှက်လေး"

သူမသည် လျင်မြန်စွာ တက်သွားကာ ငှက်လေးရှိရာသို့ တဟုန်ထိုးပြေးသွားလေသည်။ သူ့ခန္ဓာကိုယ် ပြင်းထန်စွာ ထိခိုက်ထားသည်ကို တွေ့ရာ သူမ စိတ်များနာကျင်ရသည်။

တိမ်တိုက်မည်းများ ကောင်းကင်မှ ပျောက်ကွယ်စပြုနေခြင်းကြောင့်သာ တော်သေးသည်။ မဟုတ်လျှင် နောက်တစ်ချက်ထပ်ပစ်လိုက်သည်နှင့် သူတို့နှစ်ယောက်လုံးသည် အဆုံးသတ်သွားမည်ဖြစ်သည်။

"သခင် ငါတို့လုပ်နိုင်ခဲ့ပြီ" ငှက်လေး၏ အသံသည် အားနည်းနေသည်။ သူ့ဒဏ်ရာသည် အလွန်ပြင်းထန်သည်ကို ပြသနေသည်။

မည်သို့ပင်ဖြစ်စေကာမူ သူတို့ အသက်ရှင်နေသရွေ့ ထိုဒဏ်ရာအနည်းငယ်သည် ပြဿနာမဟုတ်ပေ။

ထိုအချိန်တွင် နူးညံ့သော အလင်းတန်းသည် ငှက်လေး၏ ခန္ဓာကိုယ်မှ ထွက်လာကာ သူ့အား ဖုံးအုပ်လေသည်။ အလယ်တွင် အဆင့်တက်သော အလင်းတန်းရှိနေသည်။ ရှီမာယူယူသည်လည်း သူမ၏ ကိုယ်တွင်း စွမ်းအားသည် ပိုသန်မာလာသည်ကို ခံစားမိသည်။ အဆင့်တက်မည့် အခွင့်အရေးသည် သူမ မျက်စိရှေ့တွင် ရောက်နေလေပြီ။

အံ့ဖွယ်အဆင့်ပြီးလျှင် အဆင့်တက်ခြင်းသည် အားအပေါ်မူတည်ခြင်း မဟုတ်တော့ပေ။ အများစုသည် လိုအပ်သည့်အရာများဖြစ်သွားလျှင် ကျေနပ်ကြသည်။ ဆိုလိုသည်မှာ သူတို့သည် သေချာပေါက် အဆင့်တက်ရမည် မဟုတ်ဟု... သူတို့သည် အခွင့်အရေးကို လက်လွတ်ကြသည်။

တောင်ပံလေးခုငှက်မျိုးနွယ်နှင့် ရှီမာလိုင်တို့အဖွဲ့သည် အလင်းတန်းပေါ်လာပြီးနောက် သူတို့ နှစ်ယောက် အဆင့်တက်သည်ကိုတွေ့လိုက်ရာ တောင်ကြားကို လျင်မြန်စွာ ဝိုင်းလိုက်ကြသည်။ သူတို့သည် သူတို့လုံခြုံမှုအတွက် ဝန်းရံခြင်းဖြစ်သည်။

နာရီဝက်အကြာတွင် ရှီမာယူယူသည် အံ့ဖွယ်ဘုရင်အလယ်အလတ်အဆင့်ကို အောင်မြင်စွာတက်လေသည်။ ငှက်လေးသည် အထွတ်အထိပ်မိစ္ဆာအဆင့်၂မှ အဆင့်၃သို့ တက်လေသည်။ ရာဟွောင်နှင့် ဟိန်းသံထောင်ချီနှင့် တခြားသူများသည် ရှီမာယူယူနှင့် စာချုပ်ချုပ်ထားသည့်အတွက် အားအင်များတိုးကြလေသည်။ သူတို့သည် အဆင့်မတက်သော်လည်း အကျိုးအမြတ်များခံစားခွင့်ရသည်။

ရှီမာယူယူ အဆင့်တက်ပြီးနောက်တွင် မျက်စိဖွင့်ကြည့်ရာ အလွန်ချောမောသော ယောကျ်ား တစ်ယောက်ကို တွေ့လိုက်လေသည်။ သူမ ဘာမှမပြောရသေးခင်မှာပင် တစ်ဖက်လူသည် သူမအား ဖက်ပြီးနောက် ပျော်ရွှင်စွာ အော်လေသည် "သခင် သခင် ငါအသွင်ပြောင်းတာ အောင်မြင်သွားပြီ ဟားဟား"

ရှီမာယူယူသည် တင်းကျပ်စွာ အဖက်ခံထားရသဖြင့် အသက်ရှူလို့မရတော့ပေ။ သူမ ပြုံးပြီး ပြောလိုက်သည် "မင်းလုပ်နိုင်မယ်ဆိုတာ ငါသိတယ်၊ ငှက်လေးက အမြဲတမ်း အံ့သြစရာကောင်းနေတာပဲလေ၊ ဒါပေမဲ့ မင်း ငါ့ကို ဒီလိုဆက်ပြီးဖက်ထားမယ်ဆိုရင် ငါ အသက်ရှူကြပ်လို့သေတော့မယ်"

ငှက်လေးသည် သူမအား ရှက်ရွံ့စွာဖြင့် လွှတ်လိုက်လေသည်။ သူသည် အခုမှ အသွင်ပြောင်းခြင်း ဖြစ်သဖြင့် လက်နှစ်ဖက်ဖြင့် အသားမကျသေးသောကြောင့် အားကို မထိန်းချုပ်နိုင်ပေ။

"ကျေးဇူးပါပဲ သခင် သခင့်ကြောင့်သာမဟုတ်ရင် ငါတော့ တစ်ဝက်လောက်မှာပဲ သေသွားလောက်တယ်"

ဂဠုန်ကိုးနှင့် တခြားသူများသည် သခင်သည် သူ့အစား မိုးကြိုး ၃၈ချက် အပစ်ခံရသည်ဟု ပြောပြသည်။ အရှေ့ပိုင်း မိုးကြိုးများမှာ မသန်မာသော်လည်း နောက်ဆုံး ၉ချက်တွင် အားအပြည့်ပါသည်။ သူမသာ မရှိပါက သူသည် သွေးသားနီးထလာခြင်း အလယ်မှာပင် သေဆုံးသွားနိုင်သည်။

ရှီမာယူယူ မတ်တပ်ရပ်ကာ ငှက်လေးအား ဂုဏ်ယူစွာဖြင့် ကျိတ်ရယ်မိလေသည် "ငါတို့ ငှက်လေးက အသွင်ပြောင်းပြီးတာနဲ့ ဒီလောက်စွဲဆောင်မှုရှိမယ်လို့ ဘယ်သူထင်မှာလဲ၊ မင်းကတော့ ချစ်စရာကြီးပဲ"

ငှက်လေးသည်လည်း သူ၏ လူသားအသွင်အပြင်ကို တကယ်နှစ်သက်သည်။ အခုဆိုလျှင် သူသည် ခေါင်းငုံ့ကာ ခန္ဓာကိုယ်ကို ကြည့်နိုင်ပြီဖြစ်သည်။

ရှီမာလိုင်နှင့် တခြားသူများသည် လျှောက်လာကြရာ ရှီမာယူယူ ပြန်ကောင်းလာသည်ကို တွေ့သည်နှင့် ပြေးဖက်လိုက်ကြသည်။

"သမီးကြောင့် အဘိုးစိတ်ပူလို့သေတော့မယ်"

ရှီမာယူယူသည် ရှီမာလိုင်၏ ပခုံးကို ပုတ်ပြီး ပြောလေသည် "စိတ်ပူအောင် လုပ်မိတဲ့အတွက် တောင်းပန်ပါတယ် အဘိုး"

"ယူယူ မင်းအဆင့်တက်တာ မြန်လိုက်တာ၊ မင်း အုံ့ဖွယ်ဘုရင်အဆင့်ရောက်တာ ၁နှစ်တောင် မကြာသေးဘူး၊ အခု အလယ်အလတ်အဆင့်တောင် ရောက်နေပြီ၊ မင်းရဲ့ အဆင့်တက်တဲ့ပုံကြီးကတော့ ကြောက်စရာကြီးပဲ" ဖက်တီးကျူသည် ရှီမာယူယူခန္ဓာကိုယ်မှ ဒဏ်ရာများကို မြင်သောအခါ ပြောလေသည်။ သူမ အဆင့်တက်ရာမှ ရလာသော အင်အားများသည် အတွင်းပိုင်းဒဏ်ရာများကိုသာ ကုသနိုင်သည်။ အပြင်ပိုင်း ဒဏ်ရာများကို မကုသနိုင်ပေ။

ဂဠုန်ကိုးနှင့် တခြားသူများသည် သူမဘေးလာကာ သူမလက်အား ဆုပ်ကိုင်လိုက်လေသည်။ ဂဠုန်ကိုးသည် သူမအား ကျေးဇူးတင်စွာ ကြည့်ကာ ပြောလေသည် "ကျေးဇူးတင်ပါတယ် အခုတော့ မင်းတို့ သခင်မျိုးက ငှက်လေးရဲ့ ကံကြမ္မာကို ကောင်းစေမယ်ဆိုလို့ တကယ်ထင်သွားပါပြီ"

"သူကလည်း ကျွန်တော့် ကံကောင်းမှုပါပဲ" ရှီမာယူယူ ပြောလိုက်သည်။

"အင်း ဟိုသွားပြီးမှ ကိစ္စတွေရှင်းရအောင် သခင်ကို သူ့ဒဏ်ရာတွေ သက်သာအောင် အရင် လုပ်ခိုင်းရမယ်" ငှက်လေး ပြောလေသည်။

မနီးမဝေးတွင် ငှက်မျိုးနွယ်များသည် သူ့အလာကို စောင့်နေကြသည်။

ငှက်လေးသည် ဂဠုန်ကိုးတို့အား ခေါ်သွားသည်နှင့် ရှီမာယူယူသည် နောက်ဆေးနှစ်လုံး စားလိုက်လေသည်။ ထိုဆေးများသည် အဆင့်ခြောက် ကုသဆေးများဖြစ်ကြသည်။ သူမသည် ပထမ မိုးကြိုးပစ်မှန်သည်နှင့် ၁လုံးစားထားပြီးဖြစ်လေသည်။ သူမသာ အဂ္ဂိရတ်ပညာရှင်မဟုတ်ပါက ထိုကဲ့သို့ အဆင့်မြင့်သော ဆေးများ ကို မည်သူမှ ဖော်နိုင်မည်မဟုတ်ပေ။

ပွဲအားကြည့်ရှုရန် လာရောက်ကြသောသူများသည် ကျဲသွားကာ ငှက်မျိုးနွယ်များသာ ကျန်ခဲ့လေသည်။ သူတို့သည် အလိုမရှိသော်လည်း မြင့်မြတ်သော ဂဠုန်ပေါ်လာပြီဖြစ်၍ မဆန့်ကျင်ရဲကြပေ။ သူတို့သည် သူတို့ ဘုရင်အဖြစ်သာ သတ်မှတ်မည်။

မြို့အတွင်းတွင် အနက်ရောင်ဝတ်လူတစ်ယောက်သည် သတင်းကြားသည်နှင့် တင်းမာသွားကာ ဘယ်သူမှ သူ့ကို စကားမပြောရဲကြပေ။

"ငါတို့ ခြေတစ်လှမ်းနောက်ကျသွားတာက သူ့ကို မြင့်မြတ်တဲ့ဂဠုန်ဖြစ်သွားစေတာထင်တယ်" သူသည် ကြောက်မက်ဖွယ် ပြောလေသည်။

သူ့လူများသည် ငှက်လေး၏ အိမ်တော်သို့သွားကာ သစ္စာခံနေသည်ဟု ကြားလိုက်သောအခါ ပို ဒေါသထွက်လေသည်။

"လင်းယုန်ဘုရင် ကျွန်တော်တို့ ရတဲ့သတင်းအရ အဲဒီမြင့်မြတ်တဲ့ဂဠုန်က ပြင်ပအကူအညီကြောင့် အောင်မြင်သွားတာတဲ့ သူက အဲလောက်သန်မာမှာမဟုတ်ဘူး" ဖေစီပြောလိုက်သည် "သူအင်အားမကြီးလာ ခင် သူ့ကိုသတ်လိုက်ရင် ဘုရင်တစ်ယောက်တည်းကသာ အာဏာရှိသူဖြစ်သွားမယ်"

"သူက အဲလောက် မသန်မာပေမယ့် ခြေတစ်လှမ်းသာနေတယ်လေ၊ ငှက်မျိုးနွယ်အားလုံးက သူ့ရဲ့ သွေးသားကိုပဲ ကြည့်ကြတာ သူ့ကို သတ်ချင်ရင်တောင် မလွယ်ဘူး" အနက်ရောင်ဝတ်ထားသောလူဖြစ်သော လင်းယုန်ဘုရင် ပြောလိုက်လေသည်။

"ကျွန်တော်တို့ ပူးပေါင်းမှာမဟုတ်ဘူးလား" ဖေစီသည် ပြုံးပြီး ပြောလိုက်သည် "ဘုရင်ကြီးသာ အဲဒီ မြင့်မြတ်တဲ့ဂဠုန်ငှက်ကို ရှင်းပစ်ချင်ရင် ကျွန်တော်တို့ ကူညီပေးလို့ရတယ်…"

"တကယ်လား" လင်းယုန်ဘုရင်သည် သူ အမှန်ပြောခြင်းဟုတ်မဟုတ်ကို စဉ်းစားရင်း ဖေစီအား ကြည့် လိုက်သ်။

"ကျွန်တော် ပြောပြီးပါပြီ ပူးပေါင်းမှုတစ်ခုပါ ကျွန်တော်တို့ ကူညီပြီးလုပ်ပေးရင် ဖြစ်လာမယ့် ဟာတွေကို တာဝန်ခံပါတယ်၊ ဘုရင်ကြီးတို့က ကျွန်တော်တို့ကို အကျိုးအမြတ်ပေးရင်ရပါပြီ၊ ဘုရင်ကြီးတို့လည်းသိပါတယ် ကျွန်တော်တို့ ဖေမျိုးနွယ်နဲ့ လျှုန်မျိုးနွယ်နဲ့က အဆင့်မြင့်မိသားစုတွေဖြစ်ပြီး ကျွန်တော်တို့ ရန်ဘက်ကလည်း နက်…"

"မင်းတို့ မြင့်မြတ်တဲ့ဂဠုန်ကို ကူသတ်ပေးရင် ငါတို့ မင်းတို့ကိုကူညီဖို့ အားထုတ်ပေးမယ်" သိမ်းငှက် ဘုရင် ပြောလိုက်သည်။

ဖေစီသည် ထိုအချက်အား အခက်တွေ့သွားကာ ပြောလိုက်သည် "အဲဒါက အကောင်းဖြစ်မလာနိုင် ပါဘူး၊ ဘာလို့ဆို ကျွန်တော်တို့က မြင့်မြတ်တဲ့ဂဠုန်ကိုသတ်လိုက်ရင် ငှက်မျိုးနွယ်တွေအားလုံးက ကျွန်တော် တို့ကို ပစ်မှတ်ထားကြလိမ့်မယ်၊ ကျွန်တော်တို့ ဖေမျိုးနွယ်က ကြီးပေမယ့် မြေပေါ်က ငှက်မျိုးနွယ်အားလုံးကို ရင်ဆိုင်လောက်အောင်တော့ စွမ်းရည်ရှိသေးဘူး"

"မင်းအဲဒါကို စိုးရိမ်ဖို့မလိုပါဘူး အဲငှက်မျိုးနွယ်တွေက ဒီနစ်တွေမှာ ကိုယ်ပိုင် လုပ်ဆောင်ချက်တွေ ရှိပြီး သားပါ သူတို့လည်း တခြားသူကို ခစားရမယ့် အလုပ်လုပ်ချင်မှာမဟုတ်ဘူး မြင့်မြတ်တဲ့ဂဠုန်သာမရှိရင် ငှက် မျိုးနွယ်တွေ မင်းကို မတိုက်ဖို့ကို ငါ့မှာနည်းလမ်းရှိတယ်"

"အဲလိုဆိုရင်တော့ ကောင်းတာပေါ့ဗျာ" ဖေစီပြောလိုက်သည် "ဒါပေမဲ့ ကျွန်တော်က ဒီလောက်ကိစ္စ အကြီးကြီးကို မဆုံးဖြတ်နိုင်ဘူး၊ ကျွန်တော် ကျွမ်းကျင်သူအများကြီးကို မလှုံ့ဆော်နိုင်ဘူး၊ အဲဒါကြောင့် လင်းယုန်

ဘုရင်ကြီးကို အစိမ်းရောင်မြို့တော်သွားပြီး ကျွန်တော်တို့ ခေါင်းဆောင်နဲ့ တွေ့ဖို့ ဖိတ်ချင်တာပါ၊ ဘယ်လိုထင်ပါလဲ"

လင်းယုန်ဘုရင်သည် ခဏမျှ စဉ်းစားပြီးနောက် ပြန်ဖြေလေသည် "ကောင်းပြီ ဒါဆိုရင် ငါတို့ အစိမ်းရောင် မြို့တော်ကို သွားကြတာပေါ့၊ ဘာမှပြောစရာမရှိတော့ရင် အခုပဲသွားကြမယ်"

"မြင့်မြတ်တဲ့ဂဠုန်က အပြင်မှာရှိနေတယ် သူ့ကို နှုတ်မဆက်တော့ဘူးလား" ဖေစီမေးလိုက်သည်။

"ငါမသွားဘူး သူ့ကို အရိုအသေပေးရမယ်ဆိုတာ မဖြစ်နိုင်ဘူး" လင်းယုန်ဘုရင်သည် အေးစက်စွာ အသပ်ရှုထုတ်လိုက်သည်။

"အဲလိုဆိုရင် ဒီအတိုင်းသွားကြတာပေါ့"

ဖေစီသည် တစ်ခါသုံး ဖြတ်လည်းတည်ဆောက်မှုကိုထုတ်ပြီး မြေပေါ်သို့ ချကာ ဝိဉာဉ်စွမ်းအင်များ သွင်းလိုက်လေသည်။ ဖေမျိုးနွယ်အရှေ့ရှိ တည်ဆောက်မှုသည် အောင်မြင်စွာ အသက်ဝင်လာကာ သူတို့အဖွဲ့သည် ဝင်လိုက်ကြသည်။ သူတို့သည် အိမ်ထဲမှ လျင်မြန်စွာ ပျောက်သွားကြလေသည်။

**အခန်း (၁၄)**

**အပိုင်း (၄၆၂) – ဂရမ်းမြို့တော်**

ရှီမာယူယူ မျက်လုံးဖွင့်လိုက်ချိန်တွင် ခုနကရောက်နေသော ငှက်မျိုးနွယ်များသည် ငှက်လေးအား အရိုအသေပေးပြီးနောက် ပြန်သွားသည်ကို တွေ့လိုက်ရသည်။ တောင်ပံလေးခုဂဠုန်မျိုးနွယ်သာ ကျန်ခဲ့လေသည်။

ထိုအချိန်မှသာ သူမသည် လတစ်ဝက်လောက် မေ့မြောနေသည်ကို သိခဲ့ရသည်။

ရေမိုးချိုးပြီးချိန်တွင် သူမသည်တဲမှ ထွက်လိုက်ရာ လေပြင်းဂဠုန်နှင့် တခြားသူများသည် စကားပြောနေသည်ကို တွေ့လိုက်ရသည်။

"သခင်"

ရှီမာယူယူသည် ငှက်လေးသည် ရွှင်လန်းနေသည်ကို တွေ့လိုက်သည်နှင့် အားရပါးရပြုံးပြီး ပြောလိုက်သည် "မင်း ငါ့ကိုသခင်လို့ ခေါ်စရာမလိုတော့ပါဘူး၊ ပြီးတော့ မင်းကဂဠုန်မျိုးနွယ်ရဲ့ ဘုရင်ဖြစ်နေပြီလေ တခြားသူတွေရှေ့မှာ ငါ့ကို သခင်လို့ခေါ်တာ မင်းအတွက်မကောင်းဘူး"

"ဒါဆို ယူယူလို့ခေါ်ပါမယ်" ငှက်လေး ပြောလိုက်သည် "ယူယူ ယူယူ ဘယ်လိုလဲ"

"မဆိုးပါဘူး" ရှီမာယူယူသည် ပြုံးပြီးနောက် ဂဠုန်ကိုးနှင့် တခြားသူများဘက်လှည့်ကာ မေးလေသည် "နောက်ပိုင်း ကိစ္စတွေဖြေရှင်းတာ ဘယ်လိုလဲ"

"အခုရက်ပိုင်းတော့ ဒီဧရိယာက ငှက်မျိုးနွယ်တွေရဲ့ ဘုရင်တွေအများစုတော့ လာကြတယ် မလာတာ တစ်ယောက်ပဲရှိတယ်" ငှက်လေးပြောလိုက်သည်။

"လင်းယုန်ဘုရင်လား"

"ဟုတ်တယ်" ငှက်လေး ခေါင်းညိမ့်လိုက်သည် "လင်းယုန်ဘုရင်က ဖေမျိုးနွယ်ကို သွားတယ်လို့ ကြားတယ် သူ တစ်ခုခုဆွေးနွေးစရာရှိလို့နေမှာပါ"

"လင်းယုန်မျိုးနွယ်နဲ့ ဖေမျိုးနွယ်နဲ့ အတူရှိနေတာမကောင်းဘူး သူတို့က ငါတို့ကို သတ်ဖို့ ဆွေးနွေးနေမလားမသိနိုင်ဘူး" ချူချောင်ထန်သည် ဘေးမှ ပြောလေသည် "လင်းယုန်ဘုရင်က ငှက်လေးကို အသက်ရှင်ထားချင်တာမဟုတ်ဘူး ဖေမျိုးနွယ်ကလည်း လျှုန်ဟုန်ကို သတ်ချင်နေတာ သူတို့နှစ်ယောက် ဦးတည်ချက်က တစ်ခုတည်းလိုဖြစ်နေပြီ"

"အဲလောက် မရိုးရှင်းမှားစိုးတယ်" ရှီမာယူလင်း ပြောလိုက်သည်။

"ဘာလို့လဲ" ချူချောင်ထန်သည် ရှီမာယူလင်းသည် စကားနည်းသော်လည်း ပြောလျှင်လည်း ချက်နှင့်လက်နှင့်ပြောတတ်သည်ကို သိသည်။

"လင်းယုန်ဘုရင်က ငှက်လေးကို သတ်ဖို့ ဖေမျိုးနွယ်ကို အသုံးချချင်တာ အဲဲအချက်ကတော့ အမှန်ပဲဒါပေမဲ့ ဖေမျိုးနွယ်က ကျွန်တော်တို့ကို သတ်ဖို့ လင်းယုန်ဘုရင်ကို အသုံးချတာဆိုရင် ကိစ္စကြီးဖြစ်သွားပြီ" ရှီမာယူလင်း ခွဲခြမ်းစိပ်ဖြာသည် "ဖေမျိုးနွယ်က အဆင့်၁ မျိုးနွယ်ပဲ ခင်ဗျားတို့အားလုံးကို သတ်ဖို့က သူတို့အတွက် မခက်ဘူး ငှက်လေးကိုသတ်တာထက်စာရင် ခက်မှာမဟုတ်ဘူ၊ ဖေမျိုးနွယ်က အဲလို နည်းနည်းပဲ ပြန်ရမယ့်ကိစ္စမျိုးကို အားထုတ်မှာမဟုတ်ဘူး"

"အမှန်ပဲ ဒါဆိုရင် သူတို့မှာ တခြားအစီအစဉ်ရှိမှာပဲ" ချူချောင်ထန်ပြောလိုက်သည်။

"လင်းယုန်မျိုးနွယ် ငါတို့ကို လာရှုပ်မယ့်ကိစ္စကို ခဏဘေးချိတ်ထားရအောင် အရင်ဆုံး အစိမ်းရောင်မြို့တော်ကို သွားကြမယ်၊ ဒါရှင်းပြီးရင်တော့ တိုက်ပွဲအတွက်လုံးဝ အာရုံစိုက်လို့ရပြီ" ရှီမာယူယူ ပြောလိုက်သည်။ "ငှက်လေး ငါတို့နဲ့ လိုက်မလာနဲ့တော့ မင်းအမေနဲ့ တခြားသူတွေနဲ့ လိုက်သွားပြီးတော့ အဲအကြောင်းကို ဆွေးနွေးထားလိုက် သူတို့ကို ပို့ပြီးတာနဲ့ မင်းတို့ကို လာရှာလိုက်မယ်"

ငှက်လေးသည် ရှုပ်ထွေးသွားသည်။ သူသည် ရှီမာယူယူနှင့် ခွဲမနေချင်သော်လည်း ထိုအချိန်တွင် သူ့အမေနှင့် မျိုးနွယ်အကြီးအကဲများသည် အခက်အခဲထဲရောက်နေသောကြောင့် သူ ဝင်မပါလျှင် သိမ်းငှက်မျိုးနွယ်နှင့် တခြားမျိုးနွယ်များက ပြဿနာရှာနိုင်သည်။

ဂဠုန်ကိုးသည် သူ့သား စိတ်ပိုင်းမပြတ်သည်ကို မြင်သောအခါ ပြောလိုက်သည် "အဲလိုလုပ်လို့ရတာပဲ အမေတို့ မျိုးနွယ်က အဆင့်မြင့်တဲ့သူတွေကို သူတို့ကို အစိမ်းရောင်မြို့တော်ကို လိုက်ပို့ခိုင်းလိုက်မယ် ငှက်လေး မျိုးနွယ်ကို သွားပြီး ကိစ္စတွေဖြေရှင်းလိုက်ပါ၊ အမေတို့ ပြီးသွားတဲ့အချိန်ကျရင် သူတို့နဲ့ ပြန်ပြီးချိတ်ဆက်လို့ ရတာပေါ့"

"ဟုတ်တယ် မင်းတို့အစီအစဉ်တွေသာပြောလိုက်၊ အချိန်ကျရင် ငါ ဖြတ်လမ်းတည်ဆောက်မှုကို သုံးလိုက်ရင် အချိန်မပုပ်တော့ဘူး" ရှီမာယူယူ ပြောလိုက်သည်။

"ကောင်းပါပြီ" ငှက်လေး ပြောလိုက်သည် "အမေ ယူယူနဲ့ တခြားသူတွေကို ကာကွယ်ပေးဖို့ သန်မာတဲ့ သူတွေ ထည့်ပေးရမယ်နော်"

"ပေးလိုက်ပါမယ်" ဂဠုန်ကိုး ပြန်ဖြေလေသည်။

တောင်ပံလေးခုဂဠုန်မျိုးနွယ်တွင် သူတို့သည် ရာထူးမြင့်ကြကာ နောက်လိုက်များစွာ ရှိကြသည်။ ထိုနောက်လိုက်များအား ရှီမာယူယူနှင့် တခြားသူများကို ကာကွယ်ရန်ထည့်ပေးနိုင်ကြသည်။

လူများလျှင် အာရုံစိုက်ခံရမည်စိုးသဖြင့် ရှီမာယူယူသည် ရှီမာယူလင်းကို ခေါ်ကာ ကျန်သောသူများ ကို ထားခဲ့ချင်သည်။ အစပိုင်းတွင် ရှီမာယူလင်းအား ခေါ်သွားရခြင်းမှာ သူတို့နှစ်ယောက်လုံးသည် တည်ဆောက်မှု သခင်များဖြစ်သဖြင့် တခြားသူများထက် သန်မာသည်။ သို့သော် သူတို့နှစ်ယောက်တည်းဆိုလျှင် အန္တရာယ် များသည်ဟု ဆို၍ ဘောဂုံထန်နှင့် ဂူရန်ဖေပါ လိုက်ပါလေသည်။

ဂဠုန်ကိုးသည် သူတို့အတွက် သူတော်စင်မိစ္ဆာလေးကောင်ကို ပို့ပြီး သူတို့သည်လည်း အသွင်ပြောင်း နိုင် ကြလေသည်။ သူတို့ ၈ယောက်အဖွဲ့သည် မြို့အတွင်းပိုင်းပို့ ပျံသန်းသွားကြလေသည်။

မိုးကြိုးကပ်ဘေးပြီးသွားပြီးနောက်တွေင် ရှီမာယူယူနှင့် တောင်ပံလေးခု ဂဠုန်တို့ တစ်ဖွဲ့တည်း ဖြစ်နေသည်ကို မြို့သားများ အားလုံးသိကြလေသည်။ သူမ ဝင်သွားချိန်တွင် သူမသည် ဖေမျိုးနွယ်မှ အလိုရှိသူ တစ်ယောက်ဖြစ်နေသည်ကို သိကြသော်လည်း သူတို့သည် တောင်ပံလေးခုဂဠုန်မျိုးနွယ်နှင့် ရန်သူမဖြစ်ချင် သဖြင့် မလုပ်ရဲကြပေ။

သူတို့သည် မြို့အုပ်အိမ်သို့သွားကာ မြို့အုပ်အိမ်မှ လူများ သူတို့ကို မြင်သောအခါ သူတို့သည် အံ့သြ သွားကြလေသည်။ လူတစ်ယောက်သည် လျင်မြန်စွာ ရှေ့တိုးလာကာ မေးလိုက်သည် "ခင်ဗျားတို့ ဖြတ်လမ်း တည်ဆောက်မှုကို သုံးချင်လို့လား"

"ဟုတ်ပါတယ် ကျွန်တော်တို့ အစိမ်းရောင်မြို့တော်ကို သွားချင်လို့ပါ" ရှီမာယူယူ ပြောလိုက်သည်။

"ကျွန်တော်တို့ တကယ်တောင်းပန်ပါတယ် ဒီကနေ အစိမ်းရောင်မြို့တော်ကို တိုက်ရိုက်မရောက်ပါဘူး" ထိုလူ ပြောလေသည်။

"ဒါဆို အနီးဆုံးမြို့ကို ပို့ပေးပါ"

"အနီးဆုံးက ဂရမ်းမြို့တော်ပဲ"

ဂရမ်းမြို့တော်ဟု အမည်ကြားလိုက်သည်နှင့် လျှန်ဟုန်၏ခန္ဓာကိုယ် တောင့်တင်းသွားကာ ချူချောင်ထန် သည်လည်း မျက်နှာပျက်သွားလေသည်။

"ဘာဖြစ်လို့လဲ" သူတို့၏ တုန့်ပြန်မှုများကို တွေ့သောအခါ ရှီမာယူယူ မေးလိုက်သည်။

"ဂရမ်းမြို့တော်... အဲဒါ လျှန်ဟုန်ရဲ့ မွေးမိသားစုတွေ နေတဲ့မြို့ပဲ" ချူချောင်ထန် ပြောလိုက်သည်။

ရှီမာယူယူ မှင်တက်သွားကာ ပြောလိုက်သည် "ဒါဆို ကျွန်တော်တို့ တခြားမြို့တော်သွားကြတာပေါ့"

လျှန်ဟုန်သည် ခေါင်းရမ်းကာ ပြောလေသည် "မလိုပါဘူး အဲကိုပဲ သွားရအောင် ကျွန်တော့်အဖေ ကြီး လာတဲ့နေရာကို ကြည့်ချင်တယ်"

"ကောင်းပြီလေ" ရှီမာယူယူသည် မြို့အုပ်အိမ်တော်မှ လူကို ပြောလိုက်သည် "ဒါဆို ကျွန်တော်တို့ ဂရမ်း မြို့တော်ကို သွားမယ်"

သူတို့၈ယောက်သည် ဖြတ်လမ်းတည်ဆောက်မှုအတွင်းဝင်လိုက်သည်နှင့် မြို့အုပ်အိမ်တော်မှ လူများ သည် ဂရမ်းမြို့တော် အမှတ်အသားရှိသော နေရာသို့ ဝိဉာဉ်စွမ်းအင်ထည့်လိုက်လေသည်။ ဖြတ်လမ်း တည်ဆောက်မှု လင်းလာကာ သူတို့ ၈ယောက်သည မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

တစ်ဖက်တွင် ဖေမျိုးနွယ်ဝင်များသည် အကြည့်ချင်းဖလှယ်ကာ "သခင်လေးစီကို သူတို့ လှုပ်ရှားမှုအကြောင်း သွားသတင်းပေးလိုက်"

ဂရမ်းမြို့တော်သည် အတော်အတန်ဝေးသည်။ ထို့ကြောင့် ရှီမာယူယူသည် ဖြတ်လမ်းတည်ဆောက်မှုမှ ထွက်သည်နှင့် မူးဝေပြန်သည်။ သူတို့သည် ရွေးစရာမရှိတော့ပဲ နားရန် တည်းခိုဆောင်ရှာရတော့သည်။

ဘေဂုံထန်သည် ရှီမာယူယူအားတွဲကာ အခန်းထဲသို့ ပို့ပြီးနောက် သူမရေချိုးရန် ရေပြင်ပေးထားလေသည်။

"ကြည့် ငါလိုက်လာတာ ကောင်းတယ်မလား မဟုတ်ရင် နင် ဒီအခြေအနေဆို ဘယ်သူက ဂရုစိုက် ပေးမှာလဲ"

ရှီမာယူယူသည် အိပ်ရာပေါ်တွင်လှဲနေကာ မူးဝေစွာ ပြောလေသည် "ပြီးခဲ့တဲ့တစ်ခေါက်က ကောင်းကင်ကျားဇရိယာက လာတုန်းက အကွာအဝေးက သိပ်မဝေးလို့လားမသိဘူး ငါဘာမှ မခံစားရဘူး၊ အဲတော့ ထပ်ပြီး မမူးတော့ဘူးလို့ ထင်နေတာ မူးမယ်လို့ ထင်မထားမိဘူး"

"ဒီတိုင်းပြည်ရဲ့ ကိုဩဒိနိတ်ကို ရှာတွေ့တာနဲ့ နင့်ကိုယ်ပိုင် ဖြတ်လမ်းတည်ဆောက်မှုကို ဆောက်လို့ရမှာပဲ" ဘေဂုံထန် ပြောလိုက်သည်။

"ဟုတ်တယ် ငါ အံ့ဖွယ်နတ်ဆိုးတောင်ကြားကို သွားရင် အဲဒါကို သင်ရမယ်" ရှီမာယူယူသည် တွေးနေမိသည် "အဲဆရာက တည်ဆောက်မှုသခင်လို့ ကြားတယ် ငါသူ့ဆီက သင်လို့ရလောက်တယ်"

"အဲဒါလည်း ကောင်းတာပဲ"

"ဘေဂုံ နင်ဘာပြောမလို့လဲ"

"ပြောစရာဆိုတာထက် အလယ်ပိုင်းဇရိယာမှာ ကျောင်းကောင်းကောင်းရှိတယ်လို့ ငါ့အမေပြောတာ ကြားဖူးတယ် အဲမှာ ပညာနယ်ပယ်အစုံသင်လို့ ရတယ်တဲ့၊ နင်က ပထဝီဝင်အနေအထားတွက်တာကို သင်ချင်ရင် ဒီမူးဝေတာကြီးကို ခံစားရတော့မှာမဟုတ်ဘူး"

"အဲကျောင်းက နာမည်ကြီးလား" ရှီမာယူယူမေးလိုက်သည်။

"တည်ထောင်ထားတာတော့ ကြာပြီ အလယ်ပိုင်းဒေသက အဲကျောင်းထွက်တွေ တော်တော်များများဆိုရင် အံ့ဖွယ်နတ်ဆိုးတောင်ကြားကို ဝင်နိုင်ကြတယ် ကြားတာပဲ"

"အဲလိုဆိုရင် နင့်အမေနဲ့ မောင်လေးကို ကယ်ပြီးတာနဲ့ အဲဒီကို သွားကြည့်ရအောင်" ရှီမာယူယူ ပြောလိုက်သည် "အခုတော့ အရင်အိပ်လိုက်ဦးမယ်"

သူမ ဘယ်လောက် မူးဝေနေသည်ကို ဘေဂုံထန်သိသဖြင့် ပြုံးကာ လှည့်ပြီး အခန်းထဲမှ ထွက်သွားလေသည်။

ထိုအချိန်တွင် နောက်အိမ်တစ်အိမ်တွင် အရိပ်တစ်ခုသည် စာကြည့်ခန်းထဲသို့ဝင်ပြီး ပြောလေသည် "ဆရာ လျှန်ဟုန်နဲ့ ချူချောင်ထန်က ဒီနေ့ ဂရမ်းမြို့တော်ထဲဝင်ပါတယ်"